ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူ**

မြတ်စွာဘုရားသည် စိုးရိမ်ကြောင့်ကြမှုမရှိဘဲ အလွန်ချမ်းသာစွာ အသက်မွေးနိုင်ကုန်၏။ ဆွမ်းအာဟာရ မရသော်လည်း အာဘဿရဘုံရှိ ဗြဟ္မာကြီးများကဲ့သို့ ပီတိ ဟူသော အစာကို စားသုံး၍နေနိုင်ကုန်၏။ (ထိုသို့ ဂုဏ်တော်ထူးနှင့်ပြည့်စုံတော်မူပေသော မြတ်စွာဘုရားအား ရည်မှန်း၍ ပူဇော်ကန်တော့ရာ၏)

သုခဝဂ်(ဓမ္မပဒ-၂၀၀)

၁၃၇၈ ခုနှစ် ပြာသိုလပြည့်ကျော် ၁၄ ရက်၊ ကြာသပတေးနေ့။ Thursday, 26 January 2017 (၈၁၁၈)

# မိသားစုတစ်စု ဖွံ့ဖြိုးတိုးတက်ရန် မိသားစုဝင်တိုင်း ပါဝင်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်မှုသည် အရေးကြီးဆုံးဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက်ပိုင်းတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် စံပြကြီးကျေးရွာသို့ ရောက်ရှိပြီး မဟာဝိသုဒ္ဓါရာမ ကျော်ဇောဦး ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဇမ္ဗုပိယအား ဖူးမြော်ကြည်ညိုကာ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မဟာဝိသုဒ္ဓါရာမ ကျော်ဇောဦး ကျောင်းတိုက်အတွင်း ကျင်းပသည့် ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက် ကလေးများ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်းစီမံချက် ရှင်းလင်းပွဲသို့ တက်ရောက်ပြီး ကိုယ်ဝန်ဆောင် မိခင်နှင့် ကလေးငယ်များ အာဟာရဖွံ့ဖြိုးရေးအတွက် လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်းပြခန်းကို ကြည့်ရှုလေ့လာသည်။

ဆက်လက်၍ ကိုယ်ဝန်ဆောင်မိခင်များ၊ "ပက်" အပြည်ပြည်ဆိုင်ရာ အသေးစားငွေရေးကြေးရေး ဝန်ဆောင်မှုရန်ပုံငွေအဖွဲ့အသင်းဝင်များနှင့် တွေ့ဆုံပြီး ဒေသ၏ ပညာရေး၊ ကျန်းမာရေးအခြေအနေများကို မေးမြန်းဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စံပြကြီးကျေးရွာအတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်နှင့် အသက် နှစ်နှစ်အောက်ကလေးငယ်များ၏ နေအိမ်များသို့ သွားရောက်၍ မိသားစုဝင်များအား ရင်းရင်းနှီးနှီးတွေ့ဆုံပြီး ပညာရေးနှင့် ကျန်းမာရေးအခြေအနေများကို မေးမြန်းသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် စံပြကြီးကျေးရွာနှင့် ၎င်းရွာအနီးရှိ ဒေသခံများအား မဟာဝိသုဒ္ဓါရာမ ကျော်ဇောဦး ကျောင်းဝင်းအတွင်း တွေ့ဆုံ၍ ယခုလာရောက်သည့် အဓိကရည်ရွယ်ချက်မှာ ကလေးငယ်များအာဟာရပြည့်ဝရေးအတွက် ဆောင်ရွက်နေသည့် စီမံကိန်းအခြေအနေကို သိရှိနိုင်ရန် လာရောက်ကြည့်ရှုခြင်းဖြစ်ပါကြောင်း။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပခုက္ကူမြို့နယ် စံပြကြီးကျေးရွာ၌ မိသားစုဝင်များအား ပညာရေး၊ ကျန်းမာရေးအခြေအနေများကို ရင်းရင်းနှီးနှီး တွေ့ဆုံမေးမြန်းစဉ်။ ဓာတ်ပုံ - ကျော်ဇေယျ(သတင်းစဉ်)

# YBS ဘတ်စ်ကားများတွင် ဂျီပီအက်စ်စနစ် နှစ်လအတွင်း အပြီးတပ်ဆင်မည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်မြို့တွင်း ပြေးဆွဲနေသည့် မြို့တွင်းပတ် YBS ဘတ်စ်ကားများတွင် ဂျီပီအက်စ်စနစ် တပ်ဆင်မှုကို ဇန်နဝါရီ ၂၅ ရက်က စတင်ဆောင်ရွက်နေပြီဖြစ်ပြီး နှစ်လအတွင်း အပြီးတပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။

ရန်ကုန် YBS ဘတ်စ်ကားလိုင်းများ စနစ်တကျ ထိန်းချုပ်ဆောင်ရွက်နိုင်ရန်အတွက် ဂျီပီအက်စ်စနစ်ကို ယနေ့ စတင်တပ်ဆင်နေပြီဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် မြေနီကုန်းခုံးကျော်တံတားအောက် စီမံကိန်းဖြစ်သည့် အများပြည်သူ အပန်းဖြေနားနေနိုင်သည့်နေရာ စတင်ဖွင့်လှစ်ခြင်းအခမ်းအနားတွင် မီဒီယာများနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

"ဘတ်စ်ကားနဲ့ပတ်သက်လို့ ဂျီပီအက်စ်တပ်ဆင်ပြီး ဘတ်စ်ကားအားလုံးကို ထိန်းချုပ်ဆောင်ရွက်မှာဖြစ်ပါတယ်။ ထိန်းချုပ်ဖို့ကို ဒီနေ့ကစတင်ပြီး တပ်ဆင်နေပြီဖြစ်ပါတယ်။ အချိန်နဲ့တစ်ပြေးညီ သွားဖို့၊ မှတ်တိုင်မှာ ဘယ်လောက်ကြာကြာရပ်တယ်၊ ဘယ်လောက်အကွာအဝေးသွားတယ် ဆိုတာမျိုး။ ယာဉ်ကြောပိတ်ဆို့မှု ဘယ်လောက်ဖြစ်နေတယ်။ ဒီအခြေအနေတွေကို ကျွန်တော်တို့ ပြည်သူ့ဥယျာဉ်ထဲမှာ တည်ဆောက်ထားတဲ့ Bus Operator Team အနေနဲ့ ကြည့်နိုင်ဖို့ ကြိုးစားပါမယ်" ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ထည့်သွင်းပြောကြားသည်။

YBS ဘတ်စ်ကားလိုင်းများအား ဂျီပီအက်စ်စနစ် တပ်ဆင်ရာတွင် မြို့တွင်းပတ် ဘတ်စ်ကားလိုင်းများဖြစ်သော ၅၆၊ ၅၇၊ ၅၈ ယာဉ်လိုင်းတို့တွင် ဇန်နဝါရီ ၂၅ ရက်က

**စာမျက်နှာ ၅ ကော်လံ ၁ သို့ ❖**



ကြေးမုံ

# တိုင်းပြည်အကျိုး အလေးထားရှေးရှု

"ယနေ့တာဝန်ရှိလူကြီးများအနေဖြင့် အနာဂတ်လူငယ်များအတွက် (ငြိမ်းချမ်းရေးဆိုသည့်)အကောင်းဆုံးဓမ္မအမွေကို ပေးအပ်ခဲ့ကြရန်နှင့် ယခုငြိမ်းချမ်းရေးရရှိအောင် ကြိုးပမ်းလုပ်ဆောင်နေကြသည့် လူကြီးများ သည်လည်း အသက်အရွယ်ကြီးမြင့်ကြပြီဖြစ်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို အချိန်မဆွဲကြစေလိုကြောင်း" ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ကျင်းပရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ပြောကြားထားသည်။

ယမန်နေ့ နံနက်က နေပြည်တော် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန၌ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ ခေါင်းဆောင်များနှင့်တွေ့ဆုံစဉ် ငြိမ်းချမ်းရေးမရရှိဘဲ အချိန်ကြာမြင့်နေပါက တိုင်းပြည်နှင့်လူထု နစ်နာရမည်ဖြစ်ကြောင်း၊ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲထားသည့် တိုင်းရင်းသားနယ်မြေဒေသများ ဖွံ့ဖြိုးတိုးတက်ရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရန်လိုကြောင်း ငြိမ်းချမ်းရေးအတွက် အချိန်အရေးကြီးပုံကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အသိပေးခဲ့သည်။ တိုင်းပြည်အကျိုးကိုရှေးရှုသည့် အဆိုပါအလုပ်လမ်းညွှန်ချက်ကို ဆိုင်ရာခေါင်းဆောင်များအားလုံးသာမက ကျွန်ုပ်တို့အားလုံးအနေဖြင့် အလေးထားပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

အချိန်ဟူသောကာလသည် မျိုးဆက်တစ်ခုပြီးတစ်ခု ဖြတ်သန်းနေသည်။ ထိုအချိန်ကာလအတွင်း တိုင်းပြည်အတွက် အထူးအရေးကြီးသော ငြိမ်းချမ်းရေးကိုအမြန်ဆုံးရရှိအောင် ကြိုးပမ်းဆောင်ရွက်ခြင်းသည် အနာဂတ်တိုင်းသူပြည်သားများအတွက် မွန်မြတ်သည့် အကောင်းဆုံးအမွေကိုပေးခဲ့ခြင်းပင်ဖြစ်သည်။ ထိုသို့ဆောင်ရွက်နိုင်ရန်အတွက် မိမိကိုယ်ကိုယ်သာမက လူ့အသိုင်းအဝိုင်းအားလုံးအပေါ်တွင် ယုံကြည်မှုရှိရန်နှင့် အလုံးစုံပေးဆပ်နိုင်ရန် အထူးအရေးကြီးသည်။

ယုံကြည်မှုနည်းပြီး ပေးဆပ်နိုင်မှုအားနည်းလျှင် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်မှာ အချိန်ကြာမြင့်နေမည်သာ ဖြစ်သည်။ ယခုအခါ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအကြိမ် အစည်းအဝေးကို ကျင်းပတော့မည်ဖြစ်သည်။ ပထမအကြိမ်အစည်းအဝေးတွင် အားလုံးပါဝင်ခဲ့ကြပြီး အမြင်မတူကွဲပြားခြားနားမှုများကို မြင်တွေ့ကြားသိခဲ့ရပြီးဖြစ်သည်။ မတူကွဲပြားမှုများကြားမှ ဘုံအကျိုးစီးပွားကို ဖော်ထုတ်ပြီး တိုင်းပြည်အကျိုးကို အားလုံးပါဝင်ကာ ရှေးရှုဆောင်ရွက်ကြရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးမစတင်မီ ကရင်ပြည်နယ် ဘားအံမြို့တွင်ကျင်းပခဲ့သည့် အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲတွင် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌက "အမြင်မတူမှု၊ အငြင်းပွားမှု၊ တစ်ဖက်နဲ့တစ်ဖက် အပြန်အလှန် ပြစ်တင်ဝေဖန်မှု၊ မုန်းတီးနာကြည်းမှုတွေကို ရှေ့တန်းမတင်ဘဲ လက်နက်ကိုင်တိုက်ပွဲတွေကြောင့် တိုင်းရင်းသားပြည်သူ၊ အမျိုးသမီး၊ ကလေးငယ်တွေရင်ဆိုင်နေရတဲ့ အနိဋ္ဌာရုံတွေကို ထောက်ထားပြီး အမြန်ဆုံးညှိနှိုင်းဖို့ တောင်းဆိုလိုပါတယ်"ဟု တိုင်းရင်းသားပြည်သူများအကျိုးအတွက် တိုက်တွန်းခဲ့သည်။

ထို့ကြောင့် ငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိအောင် မဆောင်ရွက်နိုင်လျှင် တိုင်းပြည်နှင့်ပြည်သူလူထုသာ နစ်နာဆုံးရှုံးနေဦးမည်ဖြစ်သည်။ တိုင်းပြည်နှင့်ပြည်သူလူထု မနစ်နာစေရန်အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ယုံယုံကြည်ကြည်နှင့် ညီညီညွတ်ညွတ် ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်သည်။ တစ်ဦးနှင့်တစ်ဦး အပြစ်ပုံချမနေဘဲ တိုင်းပြည်နှင့် လူထုအကျိုးကိုရှေးရှုကာ ထက်သန်သည့်စိတ်ထားမွေးမြူ၍ အောင်မြင်ရမည်ဟူသော ယုံကြည်ချက်ဖြင့် မဖြစ်မနေဆောင်ရွက်ကြရမည်ဖြစ်သည်။

ငြိမ်းချမ်းရေးကိုရရှိအောင်ဆောင်ရွက်ရာ၌ မိမိတို့၏အကျိုးစီးပွား၊ မိမိလူမျိုးဟူသောခံယူချက်ထက် ငြိမ်းချမ်းရေးအသီးအပွင့်များကို တိုင်းရင်းသားပြည်သူအားလုံး ရရှိခံစားနိုင်စေမည်ဟူ၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အပေါ် ယုံကြည်မှုတိုးမြှင့်ထားကြရမည်ဖြစ်သည်။ သို့မှသာ နှစ်ပေါင်း ၇၀ အချိန်ကြာမြင့်လာမှ နိဂုံးအဆုံးသတ်ပြီး ထာဝရငြိမ်းချမ်းရေးဖြစ်ထွန်းကာ ပြည်လူထုအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ချမ်းသာခြင်းနှင့် ပြည့်စုံလာနိုင်မည်ဟု ယုံကြည်ပါသည်။ ။

# သစ်တောကဏ္ဍပူးပေါင်းဆောင်ရွက်မှုများတိုးမြှင့်ရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်း ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်နိုင်ငံ သစ်တောဌာန State Forest Administration (SFA)၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံ၏ သစ်အခြေခံ စက်မှုလုပ်ငန်းများ လေ့လာရေးနှင့် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်နိုင်ရေးအတွက် ဇန်နဝါရီ ၁၈ ရက်မှ ၂၃ ရက်အထိ သွားရောက်ခဲ့ကြောင်း သိရသည်။



ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တရုတ်နိုင်ငံ State Forest Administration (SFA)မှ ဌာနအကြီးအကဲ Mr. Zhang Jianlog နှင့် ပေကျင်းမြို့ SFA ရုံးချုပ်၌ တွေ့ဆုံဆွေးနွေးခဲ့သည်။ ထိုသို့ဆွေးနွေးရာတွင် ပြည်ထောင်စုဝန်ကြီးက တရုတ်နိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် သစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများကို လွန်ခဲ့သောနှစ်များစွာကပင် စတင်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ တရုတ်သစ်တောဌာနနှင့် ပူးပေါင်းဆောင်ရွက်မှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာတစ်ခု ရေးထိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သုတေသနနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ခြင်း လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် အသေးစိတ်ဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တရုတ်နိုင်ငံ State Power Investment Cooperation (SPIC) မှ ဥက္ကဋ္ဌ Mr. WANG Binghua နှင့် The Westin ဟိုတယ်၌ လက်ခံတွေ့ဆုံ၍ မြန်မာနိုင်ငံတွင် ရေအားလျှပ်စစ် စွမ်းအင်ထုတ်လုပ်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများ၊ စီးပွားရေးလုပ်ငန်းများ၏ လူမှုရေးအရ တာဝန်ယူမှု လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရန်အတွက် ဆွေးနွေးခဲ့သည်။

ယင်းနောက် အာရှနှင့် ပစိဖိတ်ဒေသ သစ်တောများပြန်လည်တည်ထောင်ရေးကွန်ရက် (Asia Pacific Network for Forest Rehabilitation and Sustainable Forest Management-APFNet) မှ ဥက္ကဋ္ဌ Dr. Zhao Shucong နှင့် လည်းကောင်း၊ ပေကျင်းမြို့၌ China Forestry Group Corporation ၏ အထွေထွေမန်နေဂျာဖြစ်သူ Mr. Song Quanli နှင့်လည်းကောင်း တွေ့ဆုံ၍ သစ်တောများ စဉ်ဆက်မပြတ် စီမံအုပ်ချုပ်ရေးနှင့် သစ်တောများ ပြန်လည်တည်ထောင်ရေးဆိုင်ရာ စီမံကိန်းလုပ်ငန်းများ၊ မြန်မာနိုင်ငံ၌ သစ်ထုတ်လုပ်မှုကိစ္စများ၊ သစ်အချောထည်တင်ပို့မှု၊ သစ်တောစီမံအုပ်ချုပ်မှုနှင့် ပြည်ပသစ်လုံးတင်ပို့မှု ရပ်နားထားသည့်ကိစ္စများအပေါ် ဆွေးနွေးခဲ့သည်။

**(သတင်းစဉ်)**



# ပြည်ထောင်စုဝန်ကြီးများ နိုင်ငံတော်ပိုင်စက်ရုံ၊ အလုပ်ရုံများ၏ စွမ်းဆောင်ရည်မြှင့်တင်နိုင်ရေး ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ချိုနှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းတို့သည် ဇန်နဝါရီ ၂၃ ရက်က မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် ပွင့်ဖြူမြို့နယ်နှင့် မင်းဘူးမြို့နယ်များအတွင်းရှိ နိုင်ငံတော်ပိုင်စက်ရုံများ၏ လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ရှေးဦးစွာ ချောက်မြို့နယ်ရှိ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၃၅) အကြီးစားစက်ရုံ (ကြွေသီးထုတ်လုပ်ရေးစက်ရုံ)၊ ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံ၊ အမှတ်(၂)ရေနံချက်စက်ရုံများသို့ ရောက်ရှိခဲ့ကြရာ တာဝန်ရှိသူများက စက်ရုံ၏လည်ပတ်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက အမှာစကားပြောကြားပြီး ကြွေသီးထုတ်လုပ်သည့်စက်ရုံအတွင်း လှည့်လည်စစ်ဆေးကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပွင့်ဖြူမြို့နယ်ရှိ အမှတ်(၄)အထည်ချုပ်စက်ရုံနှင့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ အမှတ်(၁) ရေနံဓာတ်ငွေ့ရည်စက်ရုံ (မင်းဘူး)သို့သွားရောက်ကာ လုပ်ငန်းဆောင်ရွက်လျက်ရှိသည့်အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ယမန်နေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးများသည် စက်မှုဝန်ကြီးဌာန အမှတ် (၁၇) အကြီးစားစက်ရုံ (မလွန်)နှင့် အမှတ်(၃) အကြီးစားစက်ရုံ (သရက်)သို့ သွားရောက်စစ်ဆေးကြသည်။

**(သတင်းစဉ်)**

# ပြည်သူ့စာကြည့်တိုက် အဆင့်မြှင့်တင်ရေး ပုံပြောပြိုင်ပွဲကျင်းပ

**ကျိုက်ထို ဇန်နဝါရီ ၂၅**

သထုံခရိုင် ကျိုက်ထိုမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြည်သူစာကြည့်တိုက် အဆင့်မြှင့်တင်ရေး ပုံပြောပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ဇန်နဝါရီ ၂၄ ရက် နံနက်ပိုင်းက မြို့နယ်ရုံး ရုပ်မြင်သံကြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သူဇာအောင်က ပြိုင်ပွဲပြုလုပ်ရခြင်းနှင့် ဆုချီးမြှင့်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အကဲဖြတ်ဒိုင် ဦးတင်ထွေး (မီးသတ်ဦးစီးမှူး)က အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲကို ကျင်းပခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် အခြေခံပညာကျောင်း ၁၂ ကျောင်းမှ ကျောင်းသားကျောင်းသူ ၁၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြရာ မူလွန်မြောက်ပိုင်း စတုတ္ထတန်းမှ မကြယ်စင်သွေးက ပထမဆုကိုလည်းကောင်း၊ မူလွန်ရှမ်းစု တတိယတန်းမှ မဖူးပြည့်စုံက ဒုတိယဆုကိုလည်းကောင်း၊ မူလွန်ဘူတာ စတုတ္ထတန်းမှ မနှင်းချမ်းမြေ့နိုင်က တတိယဆုကိုလည်းကောင်း၊ တောလေးမူလတန်းကျောင်း စတုတ္ထတန်းမှ မလှိုင်ထိပ်ထားနှင့် (အလက)ခွဲ ရွှေဥဩ စတုတ္ထတန်းမှ မဖူးဖူးအောင်တို့က နှစ်သိမ့်ဆုများရရှိခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှသင်း၊ ဒေါ်စန္ဒာဝင်း
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်ဖြိုးစန္ဒာမြင့်၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်၊ ဒေါ်အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
အထူးသတင်းထောက် - ဒေါ်ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၀၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၂၈၊ ၀၆၇-၃၆၁၀၃၀၊ ဖက်စ် ၀၆၇-၃၆၁၀၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်တွင်းရေးရာ



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပခုက္ကူမြို့နယ် စံပြကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ကလေးများ၏ အာဟာရပြည့်ဝရေးဆိုသည်မှာ ကလေးများ၏ တစ်သက်တာအတွက် ဖြစ်ကြောင်း၊ အသက် နှစ်နှစ်အောက်ကလေးများသည် အာဟာရပြည့်ဝပါက ပိုမိုဦးနှောက်ဖွံ့ဖြိုးမှုရှိသည်ကို သုတေသနမှတ်တမ်းများအရ သိရကြောင်း၊ သားသမီးများ ပြုစုပျိုးထောင်ရေးကို မိခင်များ၏အလုပ်ဟု သတ်မှတ်နေကြပါကြောင်း၊ မိသားစုတစ်စု၏ ကျန်းမာရေး၊ ဖွံ့ဖြိုးတိုးတက်ရေးသည် မိသားစုဝင်တိုင်းတွင် တာဝန်ရှိပါကြောင်း၊ မိဘများက တာဝန်သိသည့်စိတ်ရှိမှ သားသမီးများသည် တာဝန်သိသည့်စိတ်နှင့် ကြီးပြင်းလာမည်ဖြစ်ပါကြောင်း။

### ပြည်သူလူထုပါဝင်မှ အောင်မြင်မည်

မိဘများအနေဖြင့် မိမိတို့၏ သားသမီးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတတ်နိုင်ဆုံး ကြိုးစားလုပ်ဆောင်နေသကဲ့သို့ အစိုးရအနေဖြင့်လည်း ပံ့ပိုးပေးရမည့် တာဝန်ရှိပါကြောင်း၊ ယင်းပံ့ပိုးမှုများကို အကောင်းဆုံးဖြစ်အောင် အသုံးချနိုင်ရေးသည် ပြည်သူလူထု၏ တာဝန်ဖြစ်ပါကြောင်း၊ မိမိတို့သည် ရေရှည်အမြင်ဖြင့် အရာအားလုံးကိုကြည့်ရန် လိုအပ်ပါကြောင်း၊ ယခုအခါ ကလေးတစ်ယောက် ပိုမိုဖွံ့ဖြိုးနိုင်ရန် အာဟာရပြည့်ဝရေး အစီအစဉ်ကို လုပ်ဆောင်နေပါကြောင်း၊ မိခင်ဝမ်းထဲ၌ သန္ဓေတည်သည့်အချိန်မှစ၍ အသက် နှစ်နှစ်အရွယ်အထိ အချိန်ကာလသည် ကလေး၏ ဦးနှောက်နှင့် ရုပ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးရေးအတွက် အင်မတန်မှ အရေးကြီးသည့် ကာလဖြစ်ပါကြောင်း။

မိသားစုတစ်စု ဖွံ့ဖြိုးတိုးတက်ရန် မိသားစုဝင်တိုင်း ပါဝင်ရမည်ဖြစ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် ပြည်သူလူထု ပူးပေါင်းပါဝင်မှုသည် အရေးကြီးဆုံးဖြစ်ပါကြောင်း၊ ပြည်သူလူထုပါဝင်မှ လုပ်သမျှကိစ္စများ အောင်မြင်မည်ဟု ထပ်တလဲလဲ ပြောကြားခဲ့ပါကြောင်း၊ အားလုံးအတူတူ လုပ်ဆောင်ပါက မိမိတို့ လိုချင်သည့် ပန်းတိုင်သို့ ရောက်ရှိနိုင်မည်ဖြစ်ကြောင်း၊ မျှော်လင့်ချက်ကို အမြဲရှင်သန်အောင် ထားရန်လိုပြီး ယင်းမျှော်လင့်ချက်ပြည့်ဝရန် အလုပ်ဖြင့်သာ အကောင်အထည်ဖော်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

### ဝန်ကြီးချုပ်ကြီး ပျင်းလာဦးမယ်

ထို့ပြင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်က မိမိတို့အစိုးရသည် မွေးကင်းစတောင် မဟုတ်သေးဘူးဟု ပြော၍ရပါကြောင်း၊ သို့ရာတွင် အလုပ်လုပ်ရန်အတွက် မနှောင့်နှေးပါကြောင်း၊ အားလုံး၏ ကျေနပ်မှုရရန် မိမိတို့ ကြိုးစားမည်ဖြစ်ပါကြောင်း ပြောကြားပြီး "ပြည်သူလူထုကလည်း ပြောသင့်တာကို ပြောပါ၊ ကိုယ်လုပ်သင့်တာကိုလည်း လုပ်ပါ၊ ဒါပေမယ့် သည်းခံသင့်တဲ့ နေရာမှာလည်း သည်းခံပါ၊ သည်းမခံသင့်တဲ့ နေရာမှာတော့ သည်းမခံပါနဲ့၊ သည်းမခံသင့်တဲ့ နေရာမှာ သည်းခံပါက ဝန်ကြီးချုပ်ကြီး ပျင်းလာဦးမယ်၊ အားလုံးက တွန်းအားပေးသင့်တဲ့ နေရာမှာ တွန်းအားပေးကြပါလို့ ကျွန်မအနေနဲ့ အားလုံးဝိုင်းပြီးတော့ ကူညီဖို့အတွက် မေတ္တာရပ်ခံပါတယ်"ဟု ပြောကြားခဲ့သည်။

### ပြည်သူလူထုက ခိုင်းပိုင်ခွင့်ရှိ

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်တစ်ဦးသည် ပြည်သူလူထုက မဲပေးပြီး ရောက်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထုက ခိုင်းပိုင်ခွင့်ရှိသည်ကို သေသေချာချာမှတ်ထားရန် လိုပါကြောင်းလည်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထည့်သွင်းပြောကြားခဲ့သည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသော ဒေသခံများကို ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

အဆိုပါတွေ့ဆုံရှင်းလင်းပွဲများသို့ ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ဒေါက်တာအောင်သူ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်နှင့် ဒေါက်တာအောင်မိုးညိုတို့ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

> **တိုင်းဒေသကြီးဝန်ကြီးချုပ်တစ်ဦးသည် ပြည်သူလူထုက မဲပေးပြီး ရောက်လာခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ပြည်သူလူထုက ခိုင်းပိုင်ခွင့်ရှိသည်ကို သေသေချာချာ မှတ်ထားရန်လို . . .**

> **ပြည်သူလူထုကလည်း ပြောသင့်တာကို ပြောပါ၊ ကိုယ်လုပ်သင့်တာကိုလည်း လုပ်ပါ၊ ဒါပေမယ့် သည်းခံသင့်တဲ့နေရာမှာလည်း သည်းခံပါ၊ သည်းမခံသင့်တဲ့နေရာမှာတော့ သည်းမခံပါနဲ့၊ သည်းမခံသင့်တဲ့နေရာမှာ သည်းခံပါက ဝန်ကြီးချုပ်ကြီး ပျင်းလာဦးမယ်၊ အားလုံးက တွန်းအားပေးသင့်တဲ့ နေရာမှာ တွန်းအားပေးကြပါ . . .**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည် စံပြကြီးကျေးရွာအတွင်းရှိ နေအိမ်များသို့သွားရောက်၍ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံစဉ်။ (သတင်းစဉ်)

❂ **မြန်မာဖူဆယ်အသင်းမှ**

အတွင်း ကျရောက်ခဲ့သော်လည်း ပြည်တွင်းနည်းပြ ဦးဌေးမြင့်က ပွဲတိုင်းအနိုင်ရအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး အုပ်စုပထမနေရာရခဲ့သောကြောင့် ဗိုလ်လုပွဲသို့ ပထမဆုံး တက်ရောက်ရန် အခွင့်အရေးကောင်း သွားခဲ့သည်။

အုပ်စုပွဲစဉ်များအပြီးတွင် အုပ်စု(က)၌ လက်ရှိ ချန်ပီယံထိုင်းက ခြောက်မှတ်ဖြင့် ပထမ၊ တီမောက သုံးမှတ်ဖြင့် ဒုတိယ၊ အုပ်စု(ခ)၌ မြန်မာက ကိုးမှတ်ဖြင့် ပထမ၊ မလေးရှားက ခြောက်မှတ်ဖြင့် ဒုတိယအသီးသီးရပ်တည်ကာ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဇန်နဝါရီ ၂၇ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့်တီမော၊ ထိုင်းနှင့်မလေးရှားတို့ တွေ့ဆုံလျက်ရှိသည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ဆီမီးဖိုင်နယ်သို့ ဒုတိယအကြိမ် တက်ရောက်နိုင်ခြင်းဖြစ်သည်။

**သတင်း-ရဲရင့်ရှိန်း၊ ဓာတ်ပုံ-MFF**

# အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးနိုင်ရေး ကားကုမ္ပဏီသုံးခု၏ အမှုဆောင်အရာရှိချုပ်များအား သမ္မတထရန့် တိုက်တွန်း

**ဝါရှင်တန် ဇန်နဝါရီ ၂၅**

အမေရိကန်သမ္မတ ဒေါ်နယ်လ်ထရန့်က အမေရိကန်၏ အကြီးဆုံးသော ကားကုမ္ပဏီသုံးခု၏ အကြီးအကဲများနှင့် တွေ့ဆုံဆွေးနွေးကာ နိုင်ငံအတွင်းအလုပ်အကိုင်များ ပိုမိုဖန်တီးပေးနိုင်ရေးအတွက် တိုက်တွန်းပြောကြားခဲ့သည်။

သမ္မတဒေါ်နယ်လ်ထရန့်သည် သမ္မတရာထူးတာဝန်များ စတင်ထမ်းရွက်သည့် ငါးရက်မြောက်နေ့ဖြစ်သော ဇန်နဝါရီ ၂၄ ရက်တွင် ကားကုမ္ပဏီများဖြစ်သည့် General Motors, Ford နှင့် Fiat Chrysler တို့၏ အမှုဆောင်အရာရှိချုပ်များနှင့် တွေ့ဆုံခဲ့သည်။

သမ္မတထရန့်က နိုင်ငံအတွင်း ကုန်သွယ်ရေးအခွန်အခများနှင့်စည်းကြပ်မှုများကို ဖြေလျှော့မည်ဖြစ်သည့်အတွက် အမေရိကန်ပြည်ထောင်စုအတွင်းမှာပင် မော်တော်ကား စက်ရုံများ တည်ဆောက်ရန် အဆိုပါ အမှုဆောင်အရာရှိချုပ်များအား အလေးအနက် ပြောကြားတိုက်တွန်းခဲ့သည်။

နိုင်ငံအတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်စေရေးနှင့် မော်တော်ကားစက်ရုံများ နိုင်ငံအတွင်း တည်ဆောက်ရေးအတွက် အဓိကအချက်မှာ အမေရိကန်ဒေါ်လာတန်ဖိုးမြင့်တက်စေရန် ဖြစ်ပြီး အမှုဆောင်အရာရှိချုပ်များက သမ္မတဒေါ်နယ်လ်ထရန့်အား တောင်းဆိုထားကြောင်း Ford ကုမ္ပဏီ၏ အမှုဆောင်အရာရှိချုပ် မာ့ခ်ဖီးစ်က မီဒီယာများအား ဖွင့်ဟပြောကြားခဲ့သည်။

ကုန်သွယ်မှုအတွက် အကြီးမားဆုံး အတားအဆီးမှာ ငွေကြေး မတည်ငြိမ်မှုဖြစ်ကြောင်း အမှုဆောင်အရာရှိချုပ်များက သမ္မတထရန့်အား အလေးပေးပြောကြားခဲ့သည်။

အမေရိကန်ဒေါ်လာတန်ဖိုးသည် မြင့်တက်လျက်ရှိသည်။ အရေးကြီးသောအချက်မှာ ငွေကြေးတည်ငြိမ်မှုရှိစေရန် ၎င်းအနေဖြင့် မည်သို့ကိုင်တွယ်ဖြေရှင်းမလဲဆိုသည်ကိုသာ အဓိကစောင့်ကြည့်စေလိုကြောင်း သမ္မတထရန့်က လွန်ခဲ့သော ရက်သတ္တနှစ်ပတ်က မီဒီယာများအား ပြောကြားခဲ့သည်။

နိုင်ငံအတွင်း အလုပ်အကိုင်များစွာ ပေါ်ပေါက်ရေး



လှုပ်ရှားမှုတစ်ရပ်အဖြစ် ရေနံပိုက်လိုင်း စီမံကိန်း နှစ်ခုကို အကောင်အထည်ဖော်ရန် ဇန်နဝါရီ ၂၄ ရက်တွင် သဘောတူလက်မှတ်ရေးထိုးခဲ့သည်။ အဆိုပါစီမံကိန်းများကို သမ္မတအိုဘားမားလက်ထက်က သဘာဝပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုဖြစ်စေသည့်အတွက် ဆိုင်းငံ့ထားခြင်းဖြစ်ကြောင်းသိရသည်။ **အင်န်အိတ်ချ်ကေ။**

# အိန္ဒိယသမ္မတနိုင်ငံထူထောင်သည့်နေ့ အထိမ်းအမှတ်အခမ်းအနား၌ အကြမ်းဖက်တိုက်ခိုက်နိုင်ဖွယ်ရှိမှု သတိပေးချက်ထုတ်ပြန်

**နယူးဒေလီ ဇန်နဝါရီ ၂၅**

ဇန်နဝါရီ ၂၆ ရက်တွင် ကျရောက်သည့်အိန္ဒိယသမ္မတနိုင်ငံထူထောင်သည့် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနား ကျင်းပစဉ်အတွင်း စစ်သွေးကြွများက အကြမ်းဖက်တိုက်ခိုက်မှုများပြုလုပ်နိုင်ဖွယ်ရှိသည်ဟု အစိုးရက သတိပေးချက်တစ်ရပ်ကို ထုတ်ပြန်ထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇန်နဝါရီ ၂၅ ရက်တွင် သတင်းထုတ်ပြန်သည်။

ပါကစ္စတန်အခြေစိုက် အကြမ်းဖက်သမားများသည် အာဖဂန်လူမျိုး သက်သေခံလက်မှတ်များကိုင်ဆောင်ကာ အိန္ဒိယနိုင်ငံတွင်းသို့ ခိုးဝင်လာနိုင်ကြောင်း၊ အိန္ဒိယနိုင်ငံတစ်ဝန်းနှင့် အထူးသဖြင့် မြို့တော်နယူးဒေလီတို့၌ တိုက်ခိုက်မှုများပြုလုပ်ဖွယ်ရှိကြောင်း အိန္ဒိယထောက်လှမ်းရေးဌာနများမှ စုဆောင်းရရှိသည့်အချက်အလက်များကို အခြေခံ၍ အဆိုပါသတိပေးချက်ကို ထုတ်ပြန်ခြင်းဖြစ်သည်။

ထောက်လှမ်းရေးသတင်းများအရ




အိန္ဒိယဝန်ကြီးချုပ်နာရိန္ဒြာမိုဒီ၊ အဓိကအတိုက်အခံကွန်ဂရက်ပါတီခေါင်းဆောင်ဆိုနီယာဂန္ဒီနှင့် ၎င်း၏ သားရာဟူးလ်ဂန္ဒီ၊ သမီးပရီရှန်ကာတို့အတွက် လုံခြုံရေးတာဝန်ယူထားသော လက်ရွေးစင်အထူးလုံခြုံရေးအဖွဲ့က ဒေလီရဲတပ်ဖွဲ့အား လုံခြုံရေး တပ်လှန့်ထားရန် အကြောင်းကြားခဲ့သည်။

ဇန်နဝါရီ ၂၆ ရက်တွင် အိန္ဒိယသမ္မတနိုင်ငံထူထောင်သည့်နှစ်ပတ်လည်အထိမ်းအမှတ်အဖြစ် စစ်ရေးပြအခမ်းအနားကျင်းပမည့် မြို့တော်ဒေလီရှိ ရာဇပ္ပတ်လမ်း၏ ၂ဒသမ ၅ ကီလိုမီတာအကွာအဝေးအတွင်းရှိ အဆောက်အအုံများအားလုံးကို စေ့စပ်စွာရှာဖွေရန် ဒေလီရဲတပ်ဖွဲ့အား အထူးလုံခြုံရေးအဖွဲ့က တိုက်တွန်းထားသည်။

ရာဇပ္ပတ်လမ်းမတစ်လျှောက်ရှိ အဆောက်အအုံများတွင် လက်ဖြောင့်တပ်သားများကို ချထားဖွယ်ရှိသည်ဆို၏။

**ဆင်ဟွာ။**

# ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရင်းနှီးမြှုပ်နှံကြရန် ကုလသမဂ္ဂအကြီးအကဲ တောင်းဆို

**နယူးယောက် ဇန်နဝါရီ ၂၅**

ကုလသမဂ္ဂအကြီးအကဲက ကမ္ဘာ့စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် အစိုးရများနှင့် ကော်ပိုရေးရှင်းများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ကြရန် တောင်းဆိုလိုက်သည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်သော်နီ ဂူတဲရက်ရှ်က နည်းပညာဆန်းသစ်တီထွင်မှုများနှင့် ဈေးကွက်သစ်များသည် ဒေါ်လာထရီလီယံသောင်းချီတန်ဖိုးရှိသည့် စီးပွားရေးအကျိုးအမြတ်များ ကမ်းလှမ်းလျက်ရှိသည်ဟု ဆိုသည်။ ဂူတဲရက်ရှ်က အင်္ဂါနေ့တွင် နယူးယောက်မြို့၌ ပြုလုပ်သည့် ကုလသမဂ္ဂအထွေထွေညီလာခံ ထိပ်တန်းအဆင့်အစည်းအဝေးတွင် ပြောကြားခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်က စတင်သည့် ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်တွင် အချက်၁၇ချက်ပါဝင်ပြီး ၂၀၃၀ ပြည့်နှစ်တွင် ပြည့်မီရမည်ဖြစ်သည်။ အဆိုပါအစီအစဉ်တွင် ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေး၊ စွမ်းအင်ရရှိရေးနှင့် ပညာရေးထောက်ပံ့မှုတို့ပါဝင်သည်။

ဂူတဲရက်ရှ်က အထူးသဖြင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ကဏ္ဍ၊ ပညာရေးကဏ္ဍနှင့် လူငယ်များအလုပ်အကိုင်အခွင့်အလမ်းရရှိရေး နယ်ပယ်များတွင် ရင်းနှီးမြှုပ်နှံကြရန် တောင်းဆိုသည်။ ၎င်းက နိုင်ငံပေါင်း ၁၇ နိုင်ငံမှ လူဦးရေ နှစ်ဘီလီယံခန့်သည် ပဋိပက္ခများကြောင့် ဆင်းရဲဒုက္ခခံနေရမှုကို ရည်ညွှန်းပြောဆိုခြင်းဖြစ်သည်။

ကုလသမဂ္ဂ၏ ဦးစားပေးလုပ်ငန်းစဉ်များမှာ ပဋိပက္ခများမဖြစ်ပွားအောင်တားမြစ်ရေးနှင့် ပဋိပက္ခများကို ဖျန်ဖြေပေးရန်နှင့် ငြိမ်းချမ်းရေးအတွက် ညှိနှိုင်းဆွေးနွေးပေးရန်ဖြစ်သည်ဟု ဂူတဲရက်ရှ်က ပြောကြားသည်။

**အင်န်အိတ်ချ်ကေ။**



# ဆိုမာလီနိုင်ငံ မိုဂါဒစ်ရှူးရှိ ဟိုတယ်ကို စစ်သွေးကြွများ တိုက်ခိုက်၊ ၁၅ ဦးထက်မနည်းသေဆုံး

**မိုဂါဒစ်ရှူး ဇန်နဝါရီ ၂၅**

ဆိုမာလီနိုင်ငံ မြို့တော် မိုဂါဒစ်ရှူးရှိ ဟိုတယ်တစ်ခု၏ အဝင်ဂိတ်တွင် စစ်သွေးကြွများက ကားဗုံးခွဲတိုက်ခိုက်ခဲ့ပြီး ဟိုတယ်အတွင်းပိုင်းသို့ စီးနင်းတိုက်ခိုက်ခဲ့ရာ ၁၅ ဦး ထက်မနည်း သေဆုံးခဲ့ရကြောင်း အစိုးရတာဝန်ရှိသူများက ဇန်နဝါရီ ၂၅ ရက်တွင် ပြောကြားကြသည်။

နိုင်ငံရေးသမားများ အရောက်အပေါက်များသော ဟိုတယ်တစ်လုံးဖြစ်သည့် ဒါယာဟိုတယ်ကို စစ်သွေးကြွများက စီးနင်းတိုက်ခိုက်ခဲ့ရာတွင် သေနတ်သံများ ပေါ်ထွက်ခဲ့သည်။ မကြာမတင်မှာပင် ဒုတိယမြောက်ပေါက်ကွဲသံ ပေါ်ထွက်ခဲ့ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နောက်ဆုံးတွင် ဟိုတယ်ကို ပြန်လည်ထိန်းချုပ်နိုင်ခဲ့ကြောင်း ရဲမှူးကြီး အဗ္ဗဒီကာဒီးဟူစိန်က ပြောကြားသည်။

ဒါယာဟိုတယ်အတွင်း ရှိနေသူများကို ကယ်တင်ပေးခဲ့ကြောင်း၊ ရဲတပ်ဖွဲ့၏ စစ်ဆင်ရေးလုပ်ငန်းမှာ ပြီးစီးသွားပြီဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ကနဦး သတင်းအရ ဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်လေးဦးနှင့် အရပ်သား ၁၁ဦး သေဆုံးခဲ့ရကြောင်း၊ ၅၁ ဦးဒဏ်ရာရရှိခဲ့ကြောင်း လုံခြုံရေးဝန်ကြီး အဗ္ဗဒီရီဇတ်အူမာက ပြောကြားသည်။

ဟိုတယ်တွင် ပေါက်ကွဲမှုနှစ်ကြိမ်ဖြစ်ပွားခဲ့ပြီး ကားများနှင့် အဆောက်အအုံအချို့ ပျက်စီးခဲ့ရသည်။ ဟိုတယ်တိုက်ခိုက်မှုကို မိမိတို့ ပြုလုပ်ခဲ့သည်ဟု အယ်လ်ရှာဘတ် စစ်သွေးကြွအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

**ရိုက်တာ။**

# မြန်မာနိုင်ငံ၏ (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အတွက် ပြည်ပနိုင်ငံခေါင်းဆောင်များက ဝမ်းမြောက်ကြောင်းသဝဏ်လွှာများပေးပို့

**မက္ကဆီကို ပြည်ထောင်စုနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် မက္ကဆီကိုပြည်သူများနှင့် မိမိတို့က ဂုဏ်ယူဝမ်းမြောက်ပါကြောင်း မက္ကဆီကိုသမ္မတ အန်ရစ်ခ်ပီညာနီရက်တိုက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အပြန်အလှန်ဖွံ့ဖြိုးတိုးတက်မှုအတွက် မိမိတို့နှစ်နိုင်ငံကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အဆွေတော်နှင့်အတူ ဆက်လက်ခိုင်မာအောင်ဆောင်ရွက်သွားလိုပါကြောင်း ဖော်ပြထားသည်။

**အီရန်အစ္စလာမ္မစ်သမ္မတနိုင်ငံ**

အီရန်သမ္မတ မစ္စတာ ဟတ်ဆန်ရိုဟာနီက မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

မိမိတို့နှစ်နိုင်ငံကြား အပြန်အလှန်ဆက်ဆံရေးသည် ပိုမိုတိုးတက်လာမည်ဟု မျှော်လင့်ပါသည်။ အဆွေတော်ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် မြန်မာပြည်သူများ ကြွယ်ဝတိုးတက်ပါစေဟု ဆုတောင်းမေတ္တာပို့သပါသည်ဟု ဖော်ပြပါရှိသည်။

**ရိုမေးနီးယားနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အချိန်အခါတွင် အဆွေတော်နှင့် မြန်မာပြည်သူများ ကျန်းမာချမ်းသာစွာဖြင့် အောင်မြင်မှုများရရှိပါစေကြောင်း ရိုမေးနီးယားနိုင်ငံ သမ္မတ ကလောက်စ် ဝမ်နာ ရိုဟာမ်နစ်က နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ မိမိတို့နှစ်နိုင်ငံကြားဆက်ဆံရေးသည် အပြန်အလှန်အကျိုးပြုမှုများနှင့်အတူ ဆက်လက်တိုးတက်ခိုင်မာနေမည်ဟု ယုံကြည်ပါသည်ဟု ဖော်ပြပါရှိသည်။

**ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ**

မြန်မာနိုင်ငံ၏ လွတ်လပ်ရေးနေ့အခါသမယတွင် ဘရာဇီးပြည်သူများနှင့် ဘရာဇီးအစိုးရအနေဖြင့်လည်းကောင်း၊ မိမိအနေဖြင့်လည်းကောင်း အဆွေတော်နှင့် မြန်မာပြည်သူများအတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် မြန်မာပြည်သူများ ပျော်ရွှင်မှုနှင့် ကြွယ်ဝတိုးတက်မှုများရရှိစေကြောင်း ဆုတောင်းမေတ္တာပို့သပါသည်ဟု ဘရာဇီးသမ္မတ မစ္စတာ မီရှဲလ် တမ်မာက နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံ သဝဏ်လွှာပေးပို့သည်။

အလားတူ ဘရာဇီးပြည်ထောင်စုသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟိုဆေးဆာရာကလည်း နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

## ဘူတန်နိုင်ငံဘုရင်မင်းမြတ်၏ခွေးတော် ရှေးဟောင်းပုဂံဘုရားများအား လှည့်လည်ဖူးမြော်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ ခွေးတော်ဖြစ်သူ ယခင်ဘူတန်ဘုရင်၏ ပထမမြောက်မိဖုရား Her Majesty the Queen Mother Ashi Dorji Wangmo Wangchuck သည် ယနေ့တွင် ပုဂံမြို့၏ ရှုခင်းများအား လှည့်လည်ကြည့်ရှုလေ့လာပြီး ပုဂံမြို့ရှိ ရှေးဟောင်းဘုရားများသို့ သွားရောက် ဖူးမြော်ကြည်ညိုသည်။



ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ခွေးတော် အလိုတော်ပြည့်ဘုရားအား ဖူးမြော်ကြည်ညိုစဉ်။(သတင်းစဉ်)

ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ ခွေးတော်သည် ၎င်း၏မိသားစုဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ပုဂံမြို့၏ ရှုခင်းများအား မီးပုံးပျံစီး၍ ကြည့်ရှုလေ့လာသည်။

မွန်းလွဲပိုင်းတွင် ဘူတန်နိုင်ငံ ဘုရင်မင်းမြတ်၏ ခွေးတော်နှင့် မိသားစုသည် ရွှေစည်းခုံဘုရားသို့ သွားရောက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုး၍ ဘုရားဂေါပကထံသို့ အလှူငွေပေးအပ်သည်။

ယင်းနောက် ရွှေဆံတော်ဘုရားနှင့် အလိုတော်ပြည့်ဘုရားတို့ကို သွားရောက်ဖူးမြော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးမှ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးမင်းချစ်ဦးကို ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း ကျောင်းအုပ်ကြီးအဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## ဆိုက်ပရပ်စ်နိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ် ဦးမောင်မောင်လင်းအား ပူးတွဲခန့်အပ်

**နေပြည်တော် ဇန်နဝါရီ ၂၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အစ္စရေးနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမောင်မောင်လင်းအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဆိုက်ပရပ်စ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## တောင်အာဖရိကနိုင်ငံဆိုင်ရာ သံအမတ်ကြီး ဦးမြင့်ဆွေ ၎င်း၏ခန့်အပ်လွှာပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၂၆**

တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမြင့်ဆွေသည် ၎င်း၏ခန့်အပ်လွှာကို ဇန်နဝါရီ ၂၄ ရက်တွင် ပရီတိုးရီးယားမြို့၌ တောင်အာဖရိကသမ္မတနိုင်ငံ သမ္မတ မစ္စတာ ဂျေးကော့ဘ် ကဲလေယိလှဲ့ကိဆာ ဇူးမားထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

**❖ YBS မှ**

စတင်တပ်ဆင်နေပြီဖြစ်ပြီး ကျန်ယာဉ်လိုင်းများအားလုံးတွင်လည်း တပ်ဆင်ဆောင်ရွက်မည်ဟု သိရသည်။

“ဂျီပီအက်စ်စနစ် တပ်ဆင်မယ်ဆိုတဲ့နေရာမှာ ဂျီပီအက်စ်ထက် အဆင့်မြင့်တဲ့ တယ်လီမက်ထရစ်စနစ်ကို ကျင့်သုံးတာပါ။ ဂျီပီအက်စ်ထက် အများကြီးအားသာပါတယ်။ နှစ်လအတွင်း အပြီးတပ်သွားမှာပါ။ ဂျီပီအက်စ်ဆိုတာ လမ်းကြောင်းပေါ်မှာ ကားဘယ်နားရောက်နေတယ်ဆိုတာပဲ ဖမ်းလို့ရတာ။ တယ်လီမက်ထရစ်စနစ်က ဒီကားက ဘယ်အချိန်မှာ စက်နှိုးထားတယ်။ ဘယ်အချိန်မှာ စက်ပိတ်လိုက်တယ်။ ဘယ်အချိန်မှာ ချိုင့်ကို ဘယ်နှစ်ချက်ဆောင့်သွားလဲ။ မီးပွိုင့်မှာ ဘယ်လိုရပ်သွားလဲဆိုတာကအစ အဖြေပေါ်ပါတယ်။ ဒီပရိုဂရမ်မှာ ဒါကို သေသေချာချာ စစ်ဆေးပြီးသွားပါပြီ။ အဝေးပြေး ကားတွေမှာလည်း ကျင့်သုံးပြီးဖြစ်ပါတယ်” ဟု YBS ဘတ်စ်ကားပြေးဆွဲမှုစနစ်သစ်တွင် ပါဝင်ကူညီဆောင်ရွက်နေသူ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုးက ပြောသည်။

YBS ဘတ်စ်ကားများတွင် အဆိုပါစနစ် တပ်ဆင်ခြင်းကို B Smart ကုမ္ပဏီက တာဝန်ယူတပ်ဆင်မည်ဖြစ်ပြီး နှစ်လအတွင်း အပြီးတပ်ဆင်သွားမည်ဖြစ်ကြောင်း သိရသည်။ ဘတ်စ်ကားများတွင် ဂျီပီအက်စ်စနစ် တပ်ဆင်ပြီးပါက စနစ်တကျ ထိန်းချုပ်ဆောင်ရွက်နိုင်မည်ဖြစ်သလို မီးပွိုင့်စနစ်များကိုလည်း ပြည်သူ့ဥယျာဉ်အတွင်း တည်ဆောက်ပြီးဖြစ်သော Control Center မှတစ်ဆင့် အလိုအလျောက်စနစ်ဖြင့် ထိန်းချုပ်ဆောင်ရွက်တော့မည်ဖြစ်ကြောင်း သိရသည်။

**(၀၀၁)**

■

**❒ ရန်ကုန်ဘတ်စ်ကားမှ**

အများပိုင်ကုမ္ပဏီတွေ လုပ်နေပါတယ်။ ဘာကြောင့် အများပိုင်ကုမ္ပဏီပုံစံ လုပ်ချင်လဲဆိုရင် အခုကပိုက်ဆံရတဲ့နေရာကိုပဲ ကားသမားက ပြေးဆွဲချင်တယ်။ ပိုက်ဆံမရဘူးဆိုရင် အဲဒီနေရာကို မပြေးဆွဲချင်ကြဘူး။ ကျွန်တော်တို့က အားလုံးမျှခြေတစ်ခုမှာ ဖြစ်စေချင်ပါတယ်။ မြတ်တဲ့နေရာကလည်း မြတ်မယ်။ အသင့်အတင့်မြတ်တဲ့နေရာကလည်း မြတ်မယ်။ နည်းနည်း မြတ်တဲ့နေရာကလည်း မြတ်မယ်။ မျှခြေတစ်ခုမှာတော့ အားလုံးမြတ်တယ်ဆိုတဲ့ အခြေအနေတစ်ခုကို လုပ်ချင်ပါတယ်။ တစ်ဦးချင်းတစ်စီးချင်းစီပိုင်နေတော့ ဘယ်လိုဖြစ်နေလဲဆိုတော့ ကိုယ့်ကားမြတ်မှ ကိုယ်မြတ်မယ်ဆိုတဲ့အခြေအနေမျိုး ဖြစ်နေပါတယ်။ အခု ကျွန်တော်တို့က စနစ်တော့ ပြောင်းလိုက်ပါပြီ။ အဆင့်မြှင့်တင်မှုတွေ ဆောင်ရွက်သွားဖို့ ရှိပါတယ်”ဟု ဝန်ကြီးချုပ်က ပြောသည်။

ယင်းသို့ ညပိုင်း သီးသန့်ပြေးဆွဲမည့် အစီအစဉ်အတွက် ပူးပေါင်းဆောင်ရွက်လိုသည့် ယာဉ်ပိုင်ရှင်များလည်း ရှိကြောင်း သိရပြီး YBS ယာဉ်အချို့ ည ၉ နာရီနောက်ပိုင်း ပြေးဆွဲခြင်းမရှိတော့သည့်အပေါ် ညပိုင်းယာဉ်များက ည ၉ နာရီနောက်ပိုင်းမှ စတင်ကာ ဖြည့်စွက်ပြေးဆွဲပေးသွားမည်ဟု သိရသည်။

ရန်ကုန်မြို့တွင် YBS ယာဉ်လိုင်း ၇၅ လိုင်းခန့်ဖြင့် ဘတ်စ်ကား ပြေးဆွဲမှုစနစ်သစ် စတင်မှု ၁၀ ရက်ခန့် ကြာမြင့်ပြီဖြစ်သော်လည်း ဘတ်စ်ကားစီးနင်းမှု အခက်အခဲများ ရှိနေဆဲဖြစ်ပြီး လိုအပ်နေသည့် ယာဉ်လိုင်းများနှင့် လိုအပ်ချက်ဖြစ်နေသော နေရာများအပေါ် အရန်ယာဉ်အင်အားဖြင့် ဖြည့်စွက်ပြေးဆွဲပေးသွားမည်ဟု ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ထံမှ သိရသည်။ အထူးသဖြင့် ညနေပိုင်း ရုံးဆင်းချိန်များတွင် သွားလာမှုခက်ခဲပြီး ယာဉ်မလုံလောက်မှု ပြဿနာများ ဖြစ်ပေါ်နေရာ ညပိုင်းသီးသန့်ယာဉ်များဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်သည့်အပြင် တိုင်းဒေသကြီးအစိုးရ၏ ဘဏ္ဍာငွေဖြင့် ဘတ်စ်ကားသစ်များ ဝယ်ယူဖြည့်တင်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။ **သတင်း-ဆုနှင်းလှဲ့**
**ဓာတ်ပုံ-ခင်မောင်ဝင်း**

## တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်များ အရေးယူမည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်မြို့တွင်း၌ ယာဉ်ကြောကျပ်တည်းရမှုတွင် တရားမဝင် လိုင်စင်မဲ့ မော်တော်ယာဉ်များသည် နံပါတ်အနီ/အနက်များ တပ်ဆင်မောင်းနှင်လျက်ရှိသည့်အပြင် ဒုစရိုက်လုပ်ငန်းများပါဆောင်ရွက်နိုင်သောကြောင့် တရားဥပဒေစိုးမိုးရေးအား အဟန့်အတားဖြစ်ပေါ်စေခြင်းနှင့် နိုင်ငံတော်၏ အခွန်ဘဏ္ဍာငွေများလည်း နစ်နာဆုံးရှုံးမှုရှိနေခြင်းများကြောင့် တရားမဝင်လိုင်စင်မဲ့မော်တော်ယာဉ်များနှင့် အသုံးပြုနေသူများအား ပြဋ္ဌာန်းဥပဒေများနှင့်အညီ ထိရောက်စွာ စစ်ဆေးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ အသိပေးကြေညာထားသည်။

**(ကြေးမုံ)**




# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဗြိတိန်နိုင်ငံအောက်လွှတ်တော်ဥက္ကဋ္ဌနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဗြိတိန်နိုင်ငံ၌ ချစ်ကြည်ရေးခရီးရောက်ရှိနေသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ယမန်နေ့သနေ့ ၄ နာရီက ဗြိတိန်နိုင်ငံ အောက်လွှတ်တော်ဥက္ကဋ္ဌ Rt. Hon. Mr. John Bercow နှင့် Westminister ရှိ အောက်လွှတ်တော်ဥက္ကဋ္ဌရုံး ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံလွှတ်တော်များအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ဆောင်ရွက်ရေး၊ လွှတ်တော်များ၏ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များ၊ လွှတ်တော်၏ ဥပဒေပြုရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစော၊ ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဇော်ဝင်း၊ လွှတ်တော်အခွင့်အရေးကော်မတီ အဖွဲ့ဝင် ဦးစိုးဇေယျာသိန်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီ အဖွဲ့ဝင် ဒေါက်တာဒေါ်ရွှေပုံ၊ ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းနှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ညနေပိုင်းတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဗြိတိန်နိုင်ငံ နိုင်ငံခြားရေးနှင့် ဓနသဟာယရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး H.E. Mr. Alok Sharma နှင့် FCO Minister ရုံး၌ တွေ့ဆုံဆွေးနွေးသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဦးစောနှင့် ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းတို့ တက်ရောက်ကြသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် နံနက် ၁၁ နာရီခွဲတွင် ဗြိတိန်နိုင်ငံအောက်လွှတ်တော် Portcullis House ၌ ဗြိတိန်နိုင်ငံအောက်လွှတ်တော်မှ Rt.Hon. Mr. David Evennett, MP နှင့် Principal Private Secretary to the Government Chief Whip, Mr. Roy Stone တို့နှင့်လည်းကောင်း၊ မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တွင် ဗြိတိန်နိုင်ငံ အောက်လွှတ်တော် Procedure Committee ဥက္ကဋ္ဌ Rt. Hon. H.E. Mr. Charles Walker, MP နှင့် လည်းကောင်း တွေ့ဆုံ၍ လွှတ်တော်ရေးရာနှင့် ဥပဒေပြုရေးဆိုင်ရာကိစ္စရပ်များနှင့် ပတ်သက်၍ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း General Electric ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌနှင့် IPU မှ Technical Cooperation, Program Manager တို့အား သီးခြားစီတွေ့ဆုံ

**နေပြည်တော် ဇန်နဝါရီ ၂၅**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အမေရိကန်ပြည်ထောင်စု အခြေစိုက် General Electric (GE) ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဂျွန်ရိုရိုက်စ်နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် GE ကုမ္ပဏီမှ ဆောင်ရွက်လျက်ရှိသော လျှပ်စစ်၊ စွမ်းအင်ထုတ်လုပ်မှုနည်းပညာကဏ္ဍ၊ ကျန်းမာရေးဝန်ဆောင်မှုအထောက်အကူပြုပစ္စည်းများ ထုတ်လုပ်မှုကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

မွန်းလွဲ ၁ နာရီတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် Inter-Parliamentary Union (IPU)မှ Technical Cooperation, Program Manager, Ms. Norah Babic အား လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် IPU ၏ လွှတ်တော်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကူအညီပေးရေးကိစ္စများနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲများသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်နှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အမေရိကန်ပြည်ထောင်စု အခြေစိုက် General Electric (GE) ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဂျွန်ရိုရိုက်စ် အား လက်ခံတွေ့ဆုံစဉ်။ (သတင်းစဉ်)

# ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းစဉ်သင်တန်းဖွင့်လှစ်

**နေပြည်တော် ဇန်နဝါရီ ၂၅**

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူး လုပ်ငန်းစဉ် လက်တွေ့ပို့ချမှုသင်တန်းကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး၌ ဖွင့်လှစ်သည်။

ဖွင့်ပွဲ၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းက ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် အသုံးပြုရန် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းလက်စွဲစာအုပ်ကို ထုတ်ပြန်ခဲ့ပါကြောင်း၊ ၎င်းလက်စွဲစာအုပ်ကို သုံးသပ်ပြင်ဆင်၍ ၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲအတွက် အသုံးပြုမည်ဖြစ်ပြီး ယခုသင်တန်းတွင်လည်း အဆိုပါစာအုပ်ကို အခြေခံ၍ ပို့ချသွားမည်ဖြစ်ကြောင်း၊

ရွေးကောက်ပွဲတစ်ခု အောင်မြင်စေရန် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် ရွေးကောက်ပွဲနေ့တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းများဟူ၍ နှစ်ပိုင်းရှိကြောင်း၊ ယင်းနှစ်ပိုင်း ဟန်ချက်ညီမှ ရွေးကောက်ပွဲအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ ကော်မရှင်ခွဲအဆင့်ဆင့် ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် သင်တန်းဖွင့်လှစ်ပြီးဖြစ်ရာ ယနေ့တွင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ဆောင်ရွက်ရမည့် လုပ်ငန်းများအတွက် သင်တန်းဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊

လွတ်လပ်ပြီး အများယုံကြည်သည့် ရွေးကောက်ပွဲများကို ကျင်းပရာတွင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်၏ အားထုတ်ကြိုးပမ်းမှုအပြင် မဲရုံမှူး၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များ၏ ကြိုးပမ်းမှုနှင့် မှန်ကန်စွာဆောင်ရွက်မှုများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲတွင် မဲရုံမှူး လက်စွဲအတိုင်း တိကျစွာဆောင်ရွက်နိုင်မှု မရှိခဲ့သဖြင့် အားနည်းချက်များရှိခဲ့ကြောင်း၊ ထို့ကြောင့် သင်တန်းတွင် အကောင်းဆုံး ပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။




၂၀၁၇ ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးကြမည့် မဲဆန္ဒရှင် ၂ သန်း ၁၅ သိန်းရှိပြီး ကြားဖြတ်ရွေးကောက်ပွဲကို မြို့နယ် ၂၂ မြို့နယ်တွင် လစ်လပ်နေရာ ၁၉ နေရာအတွက် ကျင်းပပေးမည်ဖြစ်သည်။ ကြားဖြတ်ရွေးကောက်ပွဲအတွက် လက်ရှိ မဲရုံပေါင်း ၂၀၀၀ အတွက် ဆင့်ပွားသင်တန်းများအနေဖြင့် မဲရုံမှူး ၂၀၀၀၊ ဒုတိယမဲရုံမှူး ၂၀၀၀ စုစုပေါင်း ၄၀၀၀ ခန့်ကို သင်တန်းများပို့ချမည်ဖြစ်သည်။

၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူးလုပ်ငန်းစဉ် လက်တွေ့ပို့ချမှုသင်တန်းကို အုပ်စုနှစ်စုခွဲ၍ နှစ်ကြိမ် သင်ကြားပို့ချသွားမည်ဖြစ်ပြီး ယနေ့ဖွင့်လှစ်သည့် ပထမအကြိမ်သင်တန်းသို့ ကြားဖြတ်ရွေးကောက်ပွဲကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်မှ ကိုယ်စားပြုသင်တန်းသား ၄၆ ဦး တက်ရောက်ကြပြီး ဒုတိယအကြိမ်ဖွင့်လှစ်မည့် သင်တန်းသို့ ကိုယ်စားပြုသင်တန်းသား ၄၀ တက်ရောက်မည်ဖြစ်သည်။

သင်တန်းတွင် ကြားဖြတ်ရွေးကောက်ပွဲနှင့်ဆိုင်သော အခြေခံဗဟုသုတများကို အကဲဖြတ်ခြင်း၊ သင်တန်းပို့ချမှုပုံစံနှင့် သင်ခန်းစာများ၊ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ မဲရုံပုံစံချမှတ်ခြင်းနှင့် ကြိုတင်ပြင်ဆင်မှုများ၊ မဲရုံဖွင့်ခြင်းနှင့် ပိတ်ခြင်း၊ ဆန္ဒမဲပေးခြင်းလုပ်ငန်းစဉ်နှင့် မဲဆန္ဒရှင်များ မဲရုံသို့ စည်းကမ်းရှိစွာ တန်းစီဝင်၊ ထွက်နိုင်ရန် ကြီးကြပ်ခြင်း၊ ခိုင်လုံမဲနှင့် ပယ်မဲများ၊ ဆန္ဒမဲရေတွက်ခြင်းနှင့် မဲရေတွက်ပြီးနောက် ဆောင်ရွက်ရမည့်များ စသည်ဖြင့် ခေါင်းစဉ်များသတ်မှတ်ကာ ဆွေးနွေးပို့ချသွားမည်ဖြစ်သည်။

ထို့ပြင် သင်တန်းတက်ရောက်သူများသည် မတ်လအတွင်း မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များကို ပြန်လည်ပို့ချရမည်ဖြစ်၍ သင်တန်းကာလတွင် လက်တွေ့သရုပ်ပြသင်ကြားပို့ချခြင်း၊ မဲရုံဆိုင်ရာလုပ်ငန်းစဉ်များ လက်တွေ့လေ့ကျင့်ခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ရင်မှာစွဲလမ်းနေဆဲ- ဘကြီးအောင်နှင့် တင်ထွန်း

ဦးဟန်ညွန့် (ဥပဒေ)

**နိုဘယ်လ်-မြန်မာစာပေပွဲတော်**

မသွားမဖြစ်၊ မတက်မဖြစ်သည့် ရင်ထဲစွဲနေသော ပွဲတော်မှာ နိုဘယ်လ်-မြန်မာစာပေပွဲတော်ဖြစ်သည်။ ရသစာပေဖြစ်၍ ပို၍ လွမ်းသည်။ ပို၍ချစ်သည်။ ပို၍ စွဲသည်။ ပို၍ ခံစားသည်။ ခံစားသည်ဟုဆိုရာတွင် ရင်ထဲကခံစားခြင်းပါ။ အသည်းနှလုံးထဲက စွဲမြဲနေခြင်းပါ။ တစ်သက်လုံးမမေ့ရက်နိုင်ပါ။ ရင်ထဲက ခံစားချက်နှင့် ရသစာပေပွဲတော်သို့ တက်ခဲ့ပါသည်။ အမှတ်ထင်ထင် စွဲထင်ကျန်ရစ်သော ဇာတ်ကောင်များကို ယနေ့တိုင် ကျွန်တော်သတိရနေပါသည်။

**ဘကြီးအောင်**

ဘကြီးအောင်ကို ဘယ်သောအခါမှ ကျွန်တော်မမေ့ပါ။ ပန်းပုဆရာကြီး ဦးအောင်ချာဖြစ်ပါသည်။ မောင်ချစ်ကို ညာသွားသော ဘကြီးအောင်(ခေါ်) ဦးအောင်ချာဖြစ်ပါသည်။ ဆရာကြီးမင်းသုဝဏ်ရေးခဲ့သော "ဘကြီးအောင်ညာတယ်" ဝတ္ထုထဲက ဇာတ်လိုက်များဖြစ်ပါပေသည်။

အောက်ပါစာပိုဒ်များကို ထပ်မံဖော်ပြခွင့်ပြုပါ . . .။

"ဦးအောင်ချာသည် ဆင်စွယ်မင်းသမီးရုပ်ကလေးတစ်ခုကို ထုလျက်ရှိ၏။ ထုလုပ်စဖြစ်၍ ရုပ်လုံးပေါ်ရုံမျှပင်ရှိသေးသော်လည်း အရုပ်ကလေးမှာ နွဲ့နှောင်းဖြူဖွေးချစ်စရာကလေးဖြစ်ပေ ၏။ အတန်ကြာသောအခါ မောင်ထွေး၊ မောင်ခွေး၊ ဘိုးလှတို့တစ်စု ပြန်သွား လေ၏။ မောင်ချစ်ကား မြေကြီးပေါ်တွင် ဒူးထောက်၍ ကွပ်ပျစ်ခါးပန်းတွင် မေးတင်ပြီးလျှင် အငေးသားကြည့်လျက်ပင် ရှိသေး၏။

"ဘကြီးအောင်၊ ဒီမင်းသမီးရုပ်ကလေးကို ဘယ်သူ့ပေးဖို့ ထုနေတာလဲဟင်" ဟု မျက်စောင်းကလေး ပေကလပ်လုပ်၍ မေးလေ၏။ ဆောက်ပုတ်နှင့် ဆောက်ကလေးကို အသာချ၍ ဆောက်ပုံးထဲတွင် ဆေးလိပ်တိုစမ်းနေသော ဦးအောင်ချာက "ငါ့တူလိုချင်လို့လား။ ငွေတစ်ကျပ်ယူခဲ့ရင် ဘကြီးပေးမယ် သိလား"ဟု အမှတ်တမဲ့ပြောလိုက်သောအခါ. . . မျက်မှောင်ကြုတ်ရင်း ခေါင်းကုတ်လျက် "ငွေတစ်ကျပ်ဆိုတာ ဘယ်နှပြားလဲ။ ဘကြီးအောင်ရဲ့"ဟု မေးပြန်လေ၏။ ပန်းပုဆရာကြီးကလည်း ဆေးလိပ်ကိုချ၍ လက်ဝါးနှစ်ဖက်ကို ထောင်ပြလျက် "ဆယ်ပြား၊ ဆယ်ပြား ခြောက်ခါ နောက်ပြီးတော့ လေးပြားထည့်ပေါင်း၊ ခြောက်ဆယ်နဲ့ လေးပြား။ အဲလောက်ကိုတစ်ကျပ်ခေါ်တယ်။ ကြားလား"ဟု ကလေးသူငယ်များကို ချစ်ခင်သောဝါသနာရှိသည့်အတိုင်း စိတ်ရှည်လက်ရှည် ခြေဟန်လက်ဟန်နှင့် ရှင်းလင်းပြောပြလေ၏။

"၆၄ ပြားပေးရင် ကျွန်တော်ဒီအရုပ်ကလေးကို တကယ်ပဲ ရမယ်လား။ နောက်တော့မညာနဲ့နော်။ ဘကြီးအောင်"ဟု ပြောရင်း သျှောင်ဆံမြိတ်ကလေးကို ချာချာလည်အောင်ပတ်ရစ်လျက် အိမ်ရှိရာသို့ ရွှင်လန်းဝမ်းမြောက်စွာ ခုန်ပေါက်ပြေးလွှားသွားလေ၏။"

မောင်ချစ်သည် အမေပေးလိုက်သော မုန့်ဖိုးကို မသုံးရက်၊ မစွဲရက် စုဆောင်းပုံ၊ ဆင်စွယ်ရုပ်ကလေး လိုချင်လွန်းပုံ၊ ကျောက်တံရောင်း၍ ပိုက်ဆံစုပုံ၊ စုထားသောပိုက်ဆံ ဝှက်ထားရပုံ၊ "ဝန်ထောက်မင်းကဆိုရင်တော့ အရုပ်ကလေးကို အလကားတောင်းလည်းပေးမယ်"ဟု ပြောသံကြားသည့်အခါ မောင်ချစ်၏ အသည်းနှလုံး၊ အူသိမ်၊ အူမတို့သည် ကြေကွဲမတတ်ဖြစ်ရပုံ၊ ဝန်ထောက်မင်းဟု ကြားရရုံနှင့်ပင် ရင်ဒူးတုန်နေရသောမောင်ချစ် ဝဲလာသော မျက်ရည်ကို အနိုင်နိုင်ထိန်း၍ မိမိဘက်သို့ကျောခိုင်းနေသော ဆင်စွယ်ဒေဝီကလေးအကြောင်း။ နောက်ဆုံးကြည့် ကြည့်လျက်ထွက်လာရပုံ . . .။

"အမယ်လေး၊ ကိုရင်အောင်ရယ်၊ မောင်ချစ်ဖြစ်ပုံတွေ မြင်ဝံ့သေးရဲ့လား။ မောင်ချစ်ရေ အမေ့သားကြီးရဲ့။ ဟီးဟီး" ဟု အော်ဟစ်ပြောဆို ငိုကြွေးမြည်တမ်းပုံ။ ဦးအောင်ချာလည်း မောင်ချစ် အလောင်းနားတွင်ရှိ၍ ဘယ်လိုဖြစ်ရတာလဲဟု မောင်ချစ်၏ ဖခင်အား သတင်းမေးပုံ၊ "ကိုရင်ရယ် ဘာရောဂါရယ်လို့ မပြောတတ်ပါဘူး၊ တမှိုင်မှိုင်တထွေထွေနဲ့၊ ထမင်းမစား၊ ဟင်းမစားနဲ့၊ သူစုထားတဲ့ ပိုက်ဆံကို ဆရာတော်ကို လှူလိုက်ပါပြောပြီး ကိုရင်အောင်ကို မေးတယ်။ "မြို့သွားတယ်" လို့ပြောတော့ အတန်ကြာ ဘာမှမပြောဘဲ မောနေပြီး "ဘကြီးအောင်ညာတယ်" လို့ မပီတပီပြောရင်း အသက်ပျောက်သွားတာပဲ" ဟု ပြောပုံ၊ ဦးအောင်ချာလည်း စဉ်းစား၍ အကြောင်းရင်းကို ရိပ်မိသောအခါ မျက်နှာညှိုးငယ်၍ သွားလေတော့သတည်း"ဟု ဆရာကြီးမင်းသုဝဏ်က ရေးခဲ့လေသည်။ ယနေ့တိုင် မျက်စိထဲ မြင်နေဆဲ၊ ဖျောက်မရဆဲ . . .။

အထက်ပါ ဝတ္ထုဇာတ်လမ်းကလေး၏ အဖွဲ့အနွဲ့ (ရသ)သည်ကား ဘယ်သောအခါမှ မရိုးနိုင်၊ မကွယ်ပျောက်နိုင်၊ နှစ်သက်ဖွယ်၊ စွဲလမ်းဖွယ်၊ သံယောဇဉ်နှင့် ချစ်ခြင်းမေတ္တာတရားများ ဖြစ်ပါပေသည်။

**တင်ထွန်း**

သတိရနေဆဲပါ တင်ထွန်း။ တင်ထွန်းသည် သာမန်တင်ထွန်းမဟုတ်။ အရှေ့က နေဝန်းထဲကတင်ထွန်း။ သမိုင်းတွင်သော တင်ထွန်း။ ဘယ်သူနှင့်မှ မတူသော တင်ထွန်း။ ဤသို့သော တင်ထွန်းကို စာရေးဆရာ၊ သတင်းစာဆရာကြီး ဦးသိန်းဖေမြင့် ရေးသားသော "အရှေ့က နေဝန်းထွက်သည့်ပမာ" ဝတ္ထုကြီးထဲမှာ တွေ့ခဲ့ရသည်ပါ။ ဖတ်ခဲ့ရသည်ပါ။ အားကျခဲ့ရသည်ပါ။ ပြန်လည်ခံစားတင်ပြခွင့်ပြုပါ။

တင်ထွန်းသည် အညာသားတစ်ယောက်ပါ။

တက်သစ်စ လူငယ်တစ်ယောက်ပါ။

သူ့အဖေက သူဌေးမဟုတ်ပါ။

မြေတိုင်းစာရေးတစ်ယောက်မျှသာပါ။

ငွေကြေးချောင်လည်သူလည်း မဟုတ်ပါ။

တင်ထွန်းကို ပညာတတ်စေချင်လွန်း၍ ရန်ကုန်တက္ကသိုလ်ကို ပို့လိုက်သော မြေတိုင်းစာရေး (ဖခင်) တစ်ယောက်မျှသာပါ။ ဤအကြောင်းတွေ ယနေ့အထိ ကျွန်တော်မမေ့ပါ။

တင်ထွန်း ဘီအေအောင်ရမည်။ ဘီအေအောင်ပြီးလျှင် အိုင်စီအက်စ် ဖြစ်ရမည်။ အရာရှိကြီး ဖြစ်ရမည်ဟု သူ့ဖခင်က ရည်မှန်းပြီး တက္ကသိုလ်ပို့ခဲ့တာပါ။

တင်ထွန်းကတော့ ဤသို့မဟုတ်ပါ။

တင်ထွန်းတက္ကသိုလ်ရောက်တော့ သခင်များ၊ သခင်ကျောင်းသားများ၊ သမဂ္ဂကျောင်းသား ခေါင်းဆောင်များနှင့် ပေါင်းမိပါပြီ။ မြန်မာ့နိုင်ငံရေးကို သုံးသပ်မိပါပြီ။ နယ်ချဲ့ဆန့်ကျင်ရေးအကြောင်း သိတတ်လာပါပြီ။ ကျောင်းသားလှုပ်ရှားမှုတွေ ပါဝင်လာပါပြီ။ တို့ဗမာအစည်းအရုံး၏ နိုင်ငံရေးလှုပ်ရှားမှုများအကြောင်း၊ ကျောင်းသားအရေးတော်ပုံမှာ ပါဝင်ခဲ့ပါပြီ။ ဘာလဲကွ တင်ထွန်း။

တင်ထွန်းတစ်ယောက် မိန်းမလေးယောက်နှင့် တွေ့ခဲ့ပါသတဲ့။

တက္ကသိုလ်မှာ လေးနှစ်ပညာသင်ပြီး ဘီအေအောင်ခဲ့သည်။ သတင်းစာတိုက် တစ်တိုက်၌ လက်ထောက်အယ်ဒီတာဝင်လုပ်သည်။ ထို့နောက် မမြမှီ၊ မခင်သစ်၊ မမြင့်ဦးတို့နှင့် တင်ထွန်း၏ အချစ်ဇာတ်လမ်းများ။ ဖတ်၍အလွန်ကောင်း။ လက်ကမချနိုင်အောင်စွဲလမ်း။ ဇာတ်လမ်းများက ကျွန်တော်တို့ ရင်ဝယ်ကိန်းဝပ်ခဲ့သည်။ မမေ့ရက်နိုင်။

နောက်ဆုံးမှာ တင်ထွန်းတစ်ယောက် "အရှေ့က နေဝန်းထွက်သည့်ပမာ၊ ဒို့ခေတ်ကိုသာ ရောက်ရမည်မှာ မလွဲပါ"ဟူသော တေးကို နှလုံးသွင်းလျက် ဖက်ဆစ်တော်လှန်ရေးအတွက် လျှို့ဝှက်ပါဝင်ခဲ့ပုံတွေ . . .။

မမြမှီ၊ ပတ်ကလိန်းလမ်းရှိ အပျိုကြီးများ၊ ဒေါ်ဌေးကြည်၊ ဘူးသီးကြော်သည် မလုံးတင်သားအမိ၊ ကိုကြွယ်၊ ကိုတင်ကြီး၊ ဦးလေးမြင့်၊ ဝေဒကဝိန်ဦးတက်ရှိန်တို့အကြောင်း အရေးအဖွဲ့များ၊ တင်ထွန်း၏ မိခင်အကြောင်း အဖွဲ့အနွဲ့များ၊ ရသများကို ခံစားဆဲ၊ မမေ့ရက်နိုင် . . .။

**ဘယ်မှာရှိနေသလဲ**

တင်ထွန်းဘယ်မှာ ရှိနေသလဲ။ တင်ထွန်းနေခဲ့တဲ့နေရာ။ နေခဲ့တဲ့အဆောင်။ နေခဲ့၊ ကြုံခဲ့တဲ့ ကျောင်းသူတွေ ဘယ်မှာပါလိမ့်။ ဟိုနား၊ ဒီနားတက္ကသိုလ်ထဲမှာ ကျွန်တော်တို့ကျောင်းသားဘဝက ရှာခဲ့ကြသေးသည်။ ကျောင်းသားလှုပ်ရှားမှုတွေ၊ နိုင်ငံရေးဆွေးနွေးပွဲတွေ ဘယ်နေရာမှာပါလိမ့်။ ကျောင်းသားသမဂ္ဂမှာ ဘယ်သူတွေနဲ့ ဘယ်လို တက်တက်ကြွကြွပြောခဲ့၊ ဆိုခဲ့၊ ဆွေးနွေးခဲ့တာပါလိမ့်။ ငါရော. . .။ ငါသည် တင်ထွန်း။ တင်ထွန်းသည် ငါ။ ငါ မှ ငါ။

မဟုတ်သေးပါဘူး။ တင်ထွန်းနဲ့ ငါ နှိုင်းစရာလား။ သူက (တင်ထွန်းက) ထူးချွန်လွန်းသူပါ။ တင်ထွန်းက တော်လွန်းသူပါ။ သူ့ကို ငါနဲ့ နှိုင်းစရာလား။ ဘာပဲဖြစ်ဖြစ် တင်ထွန်းနှင့်တူချင်သည်။ တင်ထွန်းလို လုပ်မည်။ တင်ထွန်းလောက်တော့ တော်မည်မဟုတ်။ ကျောင်းသူတွေကလည်း တင်ထွန်းကို ချစ်ကြသည်။ သံယောဇဉ်တွယ်လွန်းကြသည်။ ငါ့ကျတော့ . . .။

ကျောင်းသားခေါင်းဆောင် တင်ထွန်းလို ငါ ခေါင်းဆောင်စိတ်ရှိရဲ့လား။ ကျောင်းသားစိတ်ရှိရဲ့လား။ ညီညွတ်ရေးစိတ်၊ အခြေခံလူတန်းစားစိတ်၊ နိုင်ငံချစ်စိတ်၊ တိုးတက်ချင်သောစိတ်၊ စွန့်လွှတ်အနစ်နာခံချင်သော စိတ်တွေ တင်ထွန်းမှာ ပြည့်ဝ၍နေလေသည်။ ငါ့မှာရော . . .။

ဤဝတ္ထုကြီး (အရှေ့က နေဝန်းထွက်သည့်ပမာ)ကို ဆရာကြီး ဦးသိန်းဖေမြင့် ရေးခဲ့သည်မှာ ရည်ရွယ်ချက်တွေ စုံလင်ပေသည်။ ဆရာကြီး၏ ရည်ရွယ်ချက်တွေကြောင့် ယနေ့တိုင် မမေ့နိုင်။ တင်ထွန်းတွေ အများကြီး မွေးထုတ်ပေးခဲ့ပေသော ဆရာကြီး ဦးသိန်းဖေမြင့်။ ဆရာကြီး ဦးသိန်းဖေမြင့် အမွေပေးခဲ့ပေသော ရသစာပေ။ ရသစာပေကြောင့် ကျွန်တော်တို့ ရင့်ကျက်သည်။ ရင်ဝယ်ခံစားသည်။ စွဲလမ်းသည်။ ကောင်းသောအမွေပေးသည်။ တင်ထွန်းပေါင်းများစွာ မွေးထုတ်ပေးသည်။ ကောင်းသည့်အမွေရစေချင်သည်။ နိုင်ငံကိုချစ်၊ လူမျိုးကိုချစ်၊ အနစ်နာခံ၊ ကျရာတာဝန်ထမ်း။ လူထုအကျိုးကို ဆောင်ရွက်ဟု ဆရာကြီးဦးသိန်းဖေမြင့်က မှာကြားခဲ့သလိုပါပဲ။ သွက်လက်ထက်မြက်သော အရေးအသား၊ ထင်ရှားသော ရသစာပေ၏ စွမ်းအားဖြင့် မြင့်မားစေခဲ့သည်ဖြစ်ပါပေသည်။

**ဦးညွတ်ဂါရဝ**

မြန်မာစာပေလောက၏ ဖခင်ကြီးများဖြစ်ကြကုန်သော ဆရာကြီး ဇော်ဂျီ၊ ဆရာကြီး မင်းသုဝဏ်၊ ဆရာကြီး ဦးသိန်းဖေမြင့်တို့မှစ၍ မောင်ရင်မောင် မမယ်မ(ပထမဆုံး မြန်မာဝတ္ထု) (၁၉၀၄) ဖန်တီးရေးသားခဲ့သော ဂျိမ်းစ်လှကျော် အပါအဝင် ကျေးဇူးရှင် စာပေပညာရှင်ကြီးများအား ဦးညွတ်ဂါရဝပြုအပ်ပါသည်။ မြောက်မြားလှစွာသော စာရေးဆရာကြီးများ၏ ရသစာပေအဖွဲ့အနွဲ့များကြောင့် မဖော်ပြနိုင်လောက်အောင် အကျိုးများပြားပုံများကို လေးစားအားထားမိပါသည်။

**ဆရာကြီးဇော်ဂျီ၏ အဆိုအမိန့်**

"ရသခံစားသူသည် စာပေ၏ရသကို နှစ်သက်ခံစားပြီးနောက် ရသ၏ ဂယက်ဖြင့် ပတ်ဝန်းကျင်ကို သတိပြုမိသည်နှင့်အတူ ခံစားမှုနှင့်ယှဉ်သောအသိ (ဘဝအသိ)ရရှိမည်ဖြစ်သည်။ ခံစားမှုနှင့်ယှဉ်သော အသိသည် နှစ်သက်ဖွယ်ဖြစ်၍ စိတ်တွင်စွဲမြဲသည်"ဟူသော ဆရာကြီးဇော်ဂျီ၏ အဆိုအမိန့်ကို ရင်ဝယ်ပိုက်လျက် ဘကြီးအောင်နှင့် တင်ထွန်းတို့အား ဘယ်သောအခါမှ မမေ့ပျောက်နိုင်။ ရင်ဝယ်စွဲလမ်းခံစား၊ ကျေးဇူးတရားကို မမေ့မလျော့ ရှိနေဆဲဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## ကျိုက်လတ်၌ SRI စပါးစိုက်ပျိုးနည်းကွင်းသရုပ်ပြပွဲကျင်းပ

**ကျိုက်လတ် ဇန်နဝါရီ ၂၅**

တောင်သူဦးကြီးများ SRI စိုက်ပျိုးနည်းကို လေ့လာစမ်းသပ်စိုက်ပျိုးတတ်စေရန် ရည်ရွယ်၍ ပြုလုပ်သည့် SRI စပါးစိုက်ပျိုးနည်းကွင်းသရုပ်ပြပွဲကို ကျိုက်လတ်မြို့နယ် လှည်းဆိပ်ကျေးရွာအုပ်စု ကွင်းအမှတ်-၁၁၁(A) ဦးပိုင်အမှတ် ၁၆/၄ ရှိ တောင်သူဦးလှထွန်းအောင်၏လယ်မြေ၌ ဇန်နဝါရီ ၂၃ ရက်က ပြုလုပ်သည်။



အဆိုပါ ကွင်းသရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ကျော်လှိုင်က နိုင်ငံတကာသို့ အရည်အသွေးပြည့်မီ၍ ဈေးကောင်းရရှိနိုင်မည့် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးကဏ္ဍများကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးတင်မောင်ဦးက SRI ဟူသည် စပါးစိုက်ပျိုးသည့်နေရာတွင် လိုအပ်သည့် အပင်၊ မြေဩဇာ၊ ရေနှင့် အာဟာရဆိုင်ရာကိစ္စရပ်များကို စီမံရန်အတွက် လိုအပ်သော အယူအဆများနှင့် လက်တွေ့လုပ်ငန်းများ၏ အရည်အသွေးတို့ကို တိုးတက်စေရန် ဆောင်ရွက်ထားသည့် စိုက်ပျိုးနည်းတစ်ခု ဖြစ်ကြောင်း၊ SRI သည် စပါးမျိုးသစ်မဟုတ်သကဲ့သို့ စပ်မျိုးစပါးလည်းမဟုတ်ကြောင်း၊ စပါးစိုက်ပျိုးသည့် နည်းလမ်းတစ်ခုသာဖြစ်ကြောင်း၊ မည်သည့်စပါးမျိုးကိုမဆို SRI နည်းဖြင့် စိုက်ပျိုးနိုင်ကြောင်း၊ သို့ဖြစ်၍ မိမိတို့ဒေသနှင့်ကိုက်ညီသော စပါးမျိုးကို SRI နည်းဖြင့် စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သပြေထွန်း**

## ကလေးသူငယ်အခွင့်အရေးဆိုင်ရာ စည်းဝေး

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၂၃ ရက် မွန်းလွဲ ၁ နာရီက ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ကျင်းပခဲ့သည်။

အစည်းအဝေးတွင် အင်းစိန်မြို့နယ် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအေးမင်းနှင့် မဲဆန္ဒနယ်အမှတ်(၁၀) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်နော်လှလှစိုးတို့က ကလေးသူငယ်အခွင့်အရေးဆိုင်ရာလုပ်ငန်းများတွင် လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရေးနှင့် သက်ငယ်မုဒိမ်းမှုကင်းရှင်းပပျောက်ရေးလုပ်ငန်းများကို ရှင်းလင်းခဲ့ကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးမျိုးဆက်အောင်နှင့် အမျိုးသမီးကလေးများ သင်တန်းကျောင်းအုပ်ကြီး ဒေါ်ခင်ထွေးကြည်တို့က ကလေးသူငယ်အခွင့်အရေးဆိုင်ရာ ဆောင်ရွက်ပေးနေမှုများကို ရှင်းလင်းတင်ပြ၍ UNICEFမှ ကလေးသူငယ်ဆိုင်ရာကျွမ်းကျင်သူ ဒေါက်တာချစ်ကိုကိုက ကလေးသူငယ် အခွင့်အရေးဆိုင်ရာကိစ္စရပ်များကို အသိပညာပေးရှင်းလင်းတင်ပြခဲ့ရာ တက်ရောက်လာကြသူများက သိရှိလိုသည်များကို မေးမြန်းကြပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းခဲ့သည်။

**ညဏ်ဟိန်း(အင်းစိန်)**

# အာဟာရပြည့်ဝမှုနှင့်ပတ်သက်သည့်အခြေအနေ မှန်မှန်ကန်ကန်သိရှိမှသာ လိုအပ်သည့်နေရာများ အမှန်တကယ်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်

**နေပြည်တော် ဇန်နဝါရီ ၂၅**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယနေ့နံနက် ၁၁ နာရီတွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ပြည်သာယာခန်းမ၌ ကျင်းပသည့် အမျိုးသားအာဟာရဆိုင်ရာ မဟာဗျူဟာနှင့်ပတ်သက်သည့် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အာဟာရပြည့်ဝရေး ဆောင်ရွက်ချက်သည် မိမိတို့နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်၏ တစ်စိတ်တစ်ဒေသဖြစ်ပါကြောင်း၊ ကလေးများ၏ ကျန်းမာရေး၊ အာဟာရပြည့်ဝရေးသည် မိဘများ၏ အခြေအနေနှင့်လည်း များစွာသက်ဆိုင်နေပါကြောင်း၊ မိမိတို့နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များသည် တစ်ခုနှင့်တစ်ခု ဆက်နွယ်မှုရှိနေသည်ကို သတိပြုရန်လိုကြောင်း။

ကလေးများအာဟာရ ပြည့်ဝရေး၊ မိခင်များအာဟာရပြည့်ဝရေးကိစ္စသည် ဖခင်များနှင့်လည်း များစွာသက်ဆိုင်ပါကြောင်း၊ ဖခင်များလည်း ပါဝင်ပတ်သက်ရမည်ဖြစ်ကြောင်း၊ ဒေသတစ်နှင့်တစ်ခု လိုအပ်ချက်မတူညီပါကြောင်း၊ ထို့ကြောင့် အာဟာရပြည့်ဝရေးအစီအစဉ်ကို အကောင်အထည်ဖော်နေသည့် ဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များအနေဖြင့် ကျေးရွာသူ ကျေးရွာသားများ၏ အမြင်ကို လေ့လာ၍ ထည့်သွင်းစဉ်းစားရမည်ဖြစ်ကြောင်း၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း တစ်ဖက်သတ်ဖြစ်နေပါက ဖွံ့ဖြိုးမှုသည်တိုးတက်သင့်သလောက် တိုးတက်မည်မဟုတ်ပါကြောင်း၊ မိမိတို့၏ ပြည်သူ ပြည်သားများကို လေးစားရန်လိုကြောင်း၊ ပြည်သူ ပြည်သားများကို လေးစားပြီး တန်ဖိုးထားမှ ပြည်သူ ပြည်သားများ၏ တိုးတက်ရေးကို ထိထိရောက်ရောက် လုပ်ဆောင်နိုင်မည်ဖြစ်ကြောင်း။

လုပ်ငန်းများအကောင်အထည်ဖော်ရာ၌ ဒေသနှင့်သင့်လျော်သည့် နည်းစနစ်များ အသုံးပြုရန်လိုအပ်ပါကြောင်း၊ မိမိတို့၏နိုင်ငံတွင် အာဟာရချို့တဲ့မှု မည်သည့်အခြေအနေတွင် ရှိနေသည်ကို သိရှိထားရန်လိုအပ်ပါကြောင်း၊ အာဟာရဖွံ့ဖြိုးမှုနှင့်ပတ်သက်၍ သုတေသန လုပ်ဆောင်ထားခြင်းမရှိသေးသည်ကို တွေ့ရပါကြောင်း၊ ရှေ့လုပ်ငန်းများကို မည်သည့်ပုံစံဖြင့် အကောင်အထည်ဖော်သွားမည်ကို ဆုံးဖြတ်နိုင်ရန် ယခုကဲ့သို့ အစည်းအဝေးများ မကြာခဏ ကျင်းပရန်လိုအပ်ပါကြောင်း၊ အာဟာရပြည့်ဝမှုနှင့်ပတ်သက်သည့် အခြေအနေကို မှန်မှန်ကန်ကန်သိရှိမှသာ လိုအပ်သည့်နေရာများကို အမှန်တကယ် ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။



**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမျိုးသားအာဟာရဆိုင်ရာ မဟာဗျူဟာနှင့်ပတ်သက်သည့် ဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်ရေးအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။** (သတင်းစဉ်)

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဒေါက်တာဝင်းမြတ်အေး၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို၊ ဒေါက်တာဇော်မြင့်မောင်နှင့် ဖွံ့ဖြိုးရေးမိတ်ဖက် အဖွဲ့အစည်းများက မြန်မာနိုင်ငံ၏ အာဟာရအခြေအနေနှင့် လာမည့်နှစ်များတွင် အာဟာရနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များနှင့်ပတ်သက်၍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးပြီး မြန်မာနိုင်ငံ၏ အာဟာရဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ စာရင်းများတိကျစွာကောက်ယူပြီး ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေးမှာကြားသည်။ **(သတင်းစဉ်)**

# တရားမဝင်ကုန်စည်များ သယ်ဆောင်ရောင်းဝယ်သူများကို အရေးယူတော့မည်
## သတင်းပေးသူများနှင့် ဖမ်းဆီးသူများအား ၅၀ ရာခိုင်နှုန်းထိ ဂုဏ်ပြုချီးမြှင့်ရန် စီစဉ်

**နေပြည်တော် ဇန်နဝါရီ ၂၅**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ဆောင်ရွက်မည့်အစီအမံများနှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပရာ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း တက်ရောက်အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက တရားမဝင်ကုန်စည်များ သယ်ဆောင်ရောင်းဝယ်မှုကြောင့် နိုင်ငံတော်အတွက် ရသင့်ရထိုက်သော အခွန်ဘဏ္ဍာများ နှစ်ပေါင်းများစွာ ကြီးမားသောပမာဏဖြင့် နစ်နာဆုံးရှုံးလျက်ရှိကြောင်း၊ တရားမဝင်ကုန်စည်များတွင် ပြည်သူများစားသုံးရန် မသင့်သော၊ ကျန်းမာရေးကို ထိခိုက်စေသော ကုန်စည်များ၊ အရည်အသွေးညံ့ဖျင်းသော ကုန်စည်များပါရှိနေကြောင်း၊ တရားမဝင်ကုန်စည်များ ဝင်/ထွက်မှုကြောင့် ပြည်တွင်းလုပ်ငန်းရှင်များ၊ ပြည်တွင်း စီးပွားရေးလုပ်ငန်းများ ထိခိုက်နစ်နာလျက်ရှိကြောင်း၊ တရားမဝင်ကုန်စည်များနှင့်အတူ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများ စသည့် တစ်မျိုးသားလုံး လုံခြုံရေးနှင့် စာရိတ္တကို ထိခိုက်စေမည့် ပစ္စည်းများလည်း ပါဝင်နိုင်ကြောင်း၊ တရားမဝင်ကုန်စည်များ တားဆီးရေးသည် နိုင်ငံတော်အနေဖြင့် မဖြစ်မနေ လုပ်ဆောင်သင့်သည့် အစီအစဉ်တစ်ခုဖြစ်၍ ယခင် ဆောင်ရွက်ခဲ့သည့် အစီအမံများကို သင်ခန်းစာယူ၍ စနစ်တကျ အစီအမံကောင်းကောင်းနှင့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အကောက်ခွန်ဦးစီးဌာနနှင့်အတူ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များ၊ မိတ်ဖက်ဌာနများ အချိတ်အဆက်မိမိ ပူးပေါင်းဆောင်ရွက်ပါက စီမံချက်အောင်မြင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်တွင် ရေပူစစ်ဆေးရေးဂိတ်နှင့် မွန်ပြည်နယ်တွင် မရမ်းချောင် စစ်ဆေးရေးဂိတ် ဖွင့်လှစ်လိုသည့်အတွက် ယာဉ်ကြောပိတ်ဆို့မှုများ ဖြစ်နိုင်ကြောင်း၊ ပုပ်သိုးလွယ်သော ကုန်စည်များ ထိခိုက်ပျက်စီးနိုင်ကြောင်း၊ လာဘ်ပေးလာဘ်ယူမှုများလည်းရှိနိုင်ကြောင်း စသည်ဖြင့် ထောက်ပြပြောကြားမှုများရှိကြောင်း၊ ထိုသို့ ထောက်ပြ၊ ဝေဖန်မှုများကို ဖြေရှင်းနိုင်သည့်အစီအစဉ်များ ပြုလုပ်စီမံထားကြောင်း၊ ယာဉ်ကြောပိတ်ဆို့မှုမဖြစ်စေရေး စစ်ဆေးရေးဂိတ်များတွင် စစ်ဆေးရေးအဖွဲ့ တစ်ခုအစား လိုသလို ဖွဲ့စည်းစစ်ဆေးသွားမည်ဖြစ်ကြောင်း၊ သတင်းစာများ၊ မီဒီယာများမှ




ဇန်နဝါရီ ၂၅ ရက်က ဩစတြေးလျနိုင်ငံ အမျိုးသားနေ့အထိမ်းအမှတ် ညစာစားပွဲ အခမ်းအနား တက်ရောက်လာကြသည့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးသန့်စင်မောင်နှင့် ဇနီး ဒေါက်တာဒေါ်ခင်သန်းအေး တို့အား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Mr. Nicholas Coppel ကြိုဆိုနှုတ်ဆက်စဉ်။
(သတင်းစဉ်)

နေ့စဉ်သတင်းထုတ်ပြန်ပေးခြင်း၊ CCTV များဖြင့် မှတ်တမ်းတင်ခြင်း၊ MobileX-Ray စက်များ အသုံးပြုခြင်း၊ ပုပ်သိုးကုန်တင်ဆောင်သည့် ယာဉ်များအား ပစ္စည်းအတင်အချ ပြုလုပ်သည့်နေရာ၌ စစ်ဆေးခြင်း၊ လမ်းကြောင်းတစ်လျှောက် စစ်ဆေးမှုမပြုဘဲ သတင်းအရ အသေးစိတ်စစ်ဆေးခြင်း၊ လာဘ်ပေး လာဘ်ယူမှုများ မဖြစ်စေရေးအတွက် စစ်ဆေးရေးအဖွဲ့များအား သတ်မှတ်နေရာ၌ စစ်ဆေးစေခြင်း၊ သတင်းမီဒီယာများအား စစ်ဆေးရေးဂိတ်တွင် နေရာယူစောင့်ကြည့်ခွင့်ပြုခြင်း၊ တရားမဝင်ကုန်စည်များ ဖမ်းဆီးရမိခြင်းကို နေ့စဉ်သတင်း ထုတ်ပြန်ခြင်း၊ ထုခွဲရောင်းချမှုတန်ဖိုးအပေါ်တွင် သတင်းပေးသူများနှင့် ဖမ်းဆီးသူများအား ၅၀ ရာခိုင်နှုန်းထိ ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ရန် စီစဉ်ခြင်း၊ ၎င်းလုပ်ငန်းများကို ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုပြီးသည်နှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကျိုက်ထီးရိုးဘုရားဖူးယာဉ်များအား သတင်းအရ စစ်ဆေးခြင်းမှလွဲ၍ စစ်ဆေးမှု ပြုမည်မဟုတ်ကြောင်း၊ အခွန်ပေးဆောင်ထားခြင်းမရှိသည့် တရားမဝင်ကုန်စည်များ ပြည်တွင်းတွင် ဖြန့်ဖြူးရောင်းချနေမှုကိုလည်း အခွန်ဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူရမည်ဖြစ်ပါကြောင်းနှင့် လိုက်နာမှုမရှိသည့် ကုန်သည်များကို ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ လာဘ်ပေးလာဘ်ယူမှုများတွင် ဝန်ထမ်းများ ပါဝင်ပတ်သက်မှုရှိပါက ပြင်းထန်စွာ အရေးယူမည်ဖြစ်ပြီး တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၊ သက်ဆိုင်သည့်ဌာနများအနေဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန်နှင့် စီမံချက်အောင်မြင်ရေးအတွက် ပွင့်ပွင့်လင်းလင်းဆွေးနွေးကြရန်၊ နိုင်ငံတော်အတွက် အလေးထားဆောင်ရွက်ရမည့် လုပ်ငန်းအဖြစ် ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ကြရန် ပြောကြားသည်။

ဆက်လက်၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများက ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးသို့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ကရင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့တို့မှ ဝန်ကြီးများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**



## မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် အမေရိကန်ပြည်ထောင်စုအခြေစိုက် General Electric (GE) ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဂွန်ဂျီရိုက်စ်နှင့်အဖွဲ့အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်(I-1)ဧည့်ခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ နည်းဥပဒေဆိုင်ရာကိစ္စရပ်များ၊ လျှပ်စစ်၊ စွမ်းအင်၊ ကျန်းမာရေးနှင့် လေကြောင်းပို့ဆောင်ရေးကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာများ၊ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ကူညီမှုများ၊ မြန်မာ့ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်မှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးကိုကိုနိုင်၊ ဦးမောင်တိုး၊ ဦးသိန်းလွင်၊ ဦးကြည်သာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

## မြန်မာ-တရုတ် နယ်စပ်ဒေသငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

(၁၄)ကြိမ်မြောက် မြန်မာ-တရုတ် နယ်စပ်ဒေသများ စီမံခန့်ခွဲရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ အစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းက နိုင်ငံခြားရေးဝန်ကြီးဌာန၌ မြန်မာနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာနှင့် သမုဒ္ဒရာရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ အိုးရန် ယွိကျင်းတို့က ပူးတွဲသဘာပတိအဖြစ် ဦးဆောင်၍ ကျင်းပသည်။

အစည်းအဝေးတွင် မြန်မာ-တရုတ် နှစ်နိုင်ငံ နယ်စပ်ဒေသငြိမ်းချမ်းရေး၊ တရားဥပဒေစိုးမိုးရေး၊ စီမံခန့်ခွဲရေး၊ နယ်နိမိတ်ဆိုင်ရာကိစ္စရပ်များ၊ နယ်စပ်ကုန်သွယ်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**





## ဂျပန်နိုင်ငံအစိုးရ၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ လမ်းနှစ်လမ်းနှင့် စာသင်ဆောင်တစ်ဆောင်အတွက် ၃၉၈၇၉၅ ဒေါ်လာထောက်ပံ့မည်

**နေပြည်တော် ဇန်နဝါရီ ၂၅**

ဂျပန်နိုင်ငံအစိုးရသည် ၎င်းတို့၏ အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ မကွေးတိုင်းဒေသကြီးတွင် လမ်းနှစ်လမ်းဖောက်လုပ်ရန်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် စာသင်ကျောင်းဆောင်တစ်ဆောင် ဆောက်လုပ်ရန်အတွက် စုစုပေါင်း အမေရိကန်ဒေါ်လာ ၃၉၈၇၉၅ ဒေါ်လာ ထောက်ပံ့ပေးမည်ဖြစ်ပြီး အဆိုပါအစီအစဉ်အတွက် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံအမတ်ကြီး H.E.Mr.Tateshi HIGUCHI နှင့် မကွေးတိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ဆောက်လုပ်ရေးကော်မတီဥက္ကဋ္ဌများက စီမံကိန်းသုံးခုနှင့် သက်ဆိုင်သည့် ထောက်ပံ့ရေးသဘောတူစာချုပ်များကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရသည်။

အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်အရ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ပါးရိုက်အခြေခံပညာအလယ်တန်းကျောင်းခွဲ ဆောက်လုပ်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၂၀၆၆၃ ဒေါ်လာ၊ မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ဆတ်ဆူဝကျေးရွာလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၄၅၈၇၀ ဒေါ်လာနှင့် အောင်လံမြို့နယ် ကရင်စမ်းကျေးရွာလမ်းအဆင့်မြှင့်တင်ရေးစီမံကိန်းအတွက် အမေရိကန်ဒေါ်လာ ၁၃၂၂၆၂ ဒေါ်လာ ကူညီထောက်ပံ့မည်ဖြစ်ကြောင်း သိရသည်။

စာသင်ခန်းလုံလောက်မှုမရှိသည့် ပါးရိုက်အခြေခံပညာအလယ်တန်းကျောင်းခွဲတွင် ကျောင်းသား ကျောင်းသူများ သင့်တော်သောစာသင်ကြားမှု ပတ်ဝန်းကျင်ရရှိစေရန် ဂျပန်နိုင်ငံအစိုးရက ကျောင်းသုံးပရိဘောဂအပြည့်အစုံနှင့် စာသင်ခန်းရှစ်ခန်းပါသော သံကူကွန်ကရစ်နှစ်ထပ်စာသင်ကျောင်းဆောင်တစ်ဆောင်ကို ပံ့ပိုးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်လံမြို့နယ်ရှိ ဆတ်ဆူဝကျေးရွာ လက်ရှိလမ်းနှင့် ကရင်စမ်းကျေးရွာလမ်းတို့သည်လည်း မိုးရာသီများတွင် ရွှံ့ဗွက်ထူထပ်သဖြင့် သွားလာရေးအခက်အခဲများ ဖြစ်နေခဲ့ခြင်းကြောင့် အဆိုပါအခက်အခဲကိုဖြေရှင်းနိုင်ရန် အဆင့်မြှင့်တင်ရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။

ဂျပန်နိုင်ငံအစိုးရသည် မြန်မာနိုင်ငံတွင် အသေးစားစီမံကိန်းများ ထောက်ပံ့ရေးအစီအစဉ်ဖြင့် ၁၉၉၃ ခုနှစ်မှ စတင်ကာ စီမံကိန်းပေါင်း ၈၀၅ ခုကို ထောက်ပံ့ပေးခဲ့ပြီးဖြစ်ရာ ပညာရေးထောက်ပံ့ရေးစီမံကိန်းပေါင်း ၃၉၃ ခု၊ ကျန်းမာရေးစောင့်ရှောက်မှုအဆင့်မြှင့်တင်ရေးစီမံကိန်းပေါင်း ၁၉၈ ခုနှင့် လူမှုဖူလုံရေးနှင့် ပတ်ဝန်းကျင်စီမံကိန်းပေါင်း ၁၃၈ ခု၊ အခြေခံအဆောက်အအုံစီမံကိန်းပေါင်း ၄၁ ခုနှင့် အခြားအမျိုးမျိုးသော စီမံကိန်းပေါင်း ၃၅ ခုကို ဆောက်လုပ်ကူညီခဲ့ပြီးဖြစ်ကြောင်း ဇန်နဝါရီ ၂၄ ရက်တွင် ထုတ်ပြန်သည့် သတင်းထုတ်ပြန်ချက်အရ သိရသည်။ **(နိုင်လင်းကြည်)**

## ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (တနင်္သာရီတိုင်းဒေသကြီး) အောင်မြင်စွာ ကျင်းပပြီးစီး

**ထားဝယ် ဇန်နဝါရီ ၂၅**

ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ(တနင်္သာရီတိုင်းဒေသကြီး)ကို ဇန်နဝါရီ ၂၃ ရက်မှစ၍ ထားဝယ်တက္ကသိုလ်၌ ကျင်းပလျက်ရှိရာ ဆွေးနွေးပွဲတတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် စတင်ကျင်းပသည်။

ရှေးဦးစွာ ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကျင်းပရေးကြီးကြပ်မှုကော်မတီဝင်ငါးဦးက သဘာပတိအဖြစ်နေရာယူကြပြီး တက်ရောက်လာကြသူအားလုံးက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုကြသည်။

အစီအစဉ်အရ တနင်္သာရီတိုင်းဒေသကြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးစောလုကာက အဖွင့်အမှာစကားပြောကြားရာတွင် ငြိမ်းချမ်းရေးသည် တိုင်းရင်းသားပြည်သူတို့၏ ပန်းတိုင်ဖြစ်ကြောင်း၊ လက်နက်ကိုင်အဖွဲ့အစည်းများက နိုင်ငံရေးဆွေးနွေးပွဲများကို အတူတကွပါဝင်ကြရန် လိုအပ်ကြောင်း၊ ပြည်ထောင်စုငြိမ်းချမ်းရေး နိုင်ငံရေးလမ်းပြမြေပုံပါ အချက်များအားလုံးသည် လိုက်နာနိုင်သော အချက်များပင်ဖြစ်ကြောင်း၊ ထိုဆွေးနွေးပွဲဖြစ်မြောက်ရေးအတွက် ဝိုင်းဝန်းပါဝင် ဆောင်ရွက်ခဲ့သော လုပ်ငန်းကော်မတီအသီးသီးက ပုဂ္ဂိုလ်များ၊ ဝင်ရောက်ဆွေးနွေးကြသူများ၊ တက်ရောက်ကြသူများအားလုံးကို ကျေးဇူးတင်မှတ်တမ်းတင်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲ ပထမနေ့တွင် စုစည်းတင်သွင်းခဲ့သော နိုင်ငံရေးကဏ္ဍဆိုင်ရာစာတမ်း၊ စီးပွားရေးကဏ္ဍဆိုင်ရာစာတမ်းနှင့် မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ စာတမ်းများအပေါ် ဆွေးနွေးပွဲဒုတိယနေ့တွင် ဖြည့်စွက်ဆွေးနွေးထားသော စာတမ်းများကို စာတမ်းပြုစုရေးကော်မတီ ရှစ်ဦးတို့က ဖတ်ကြားကြသည်။

ဆွေးနွေးပွဲ ဒုတိယပိုင်းအစီအစဉ်တွင် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ ဒုတိယဥက္ကဋ္ဌ ပဒိုစောကွယ်ထူးဝင်းက ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲအောင်မြင်ရန် စာတမ်းဖြစ်ပေါ်အောင် ဆောင်ရွက်ပေးသူအားလုံးကို ကျေးဇူးတင်ပါကြောင်း၊ ငြိမ်းချမ်းရေးဆိုသည်မှာ ကွဲပြားကြပါကြောင်း၊ စစ်မက်မဖြစ်ပွားရုံဖြင့် ငြိမ်းချမ်းရေးမရပါကြောင်း၊ တိုင်းရင်းသားပြည်သူတို့၏ နေ့စဉ်ဘဝလုံခြုံမှု၊ အသက်လုံခြုံမှုရှိမှသာ ငြိမ်းချမ်းမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးနှင့် ပြန်လည်သင့်မြတ်ရေး၊ ပြည်သူ့ဘဝဖွံ့ဖြိုးရေးဆိုသည်မှာ တူညီသော မျှော်လင့်ချက်ဖြစ်ပါကြောင်း ပြောကြားသည်။




ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်းက တနင်္သာရီတိုင်းဒေသကြီး အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲသည် အရေးကြီးပါကြောင်း၊ အဆိုပါဆွေးနွေးပွဲများသည် (NCA)စာချုပ်ပါ အပိုဒ်(၃)ကို အကောင်အထည်ဖော် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲတွင် စေတနာဖြင့် ဒေသအသံ၊ ပြည်သူ့ဆန္ဒလိုအပ်ချက်များ ဆွေးနွေးကြသည်ကိုတွေ့ရကြောင်း၊ မိမိဒေသအပါအဝင် တစ်နိုင်ငံလုံးအတွက် အလွန်အရေးကြီးသော ဆွေးနွေးပွဲဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က နိဂုံးချုပ်အမှာစကားပြောကြားပြီး ဆွေးနွေးပွဲကို အောင်မြင်စွာရုပ်သိမ်းလိုက်သည်။

ယနေ့တွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ UPDJC ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ငြိမ်းချမ်းရေးကော်မရှင်အဖွဲ့ဝင်များ၊ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှု ကော်မတီဝင်များ၊ JMCS အဖွဲ့ဝင်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ KNU အဖွဲ့ဝင်များ၊ ငြိမ်းချမ်းရေးအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ စုစုပေါင်း အင်အား ၇၀၀ ကျော် တက်ရောက်ကြကြောင်း သိရသည်။ **(တိုင်းဒေသကြီးပြန်/ဆက်)**

# ကြယ်ငေးသူခြေရာ

ကြည်မင်း

၁။ ကြယ်ငေးသူ star-gazer၊ ကြယ်ငေးခြင်း star-gazing ဆိုတဲ့စကားဟာ တော်တော်လှပါတယ်။ ကြယ်စုံတဲ့ညမှာ ကောင်းကင်ပြင်ကြီးကိုမော့ပြီး ကြယ်တွေရှာရ၊ ငေးရတာ ဝါသနာပါသူများအတွက်တော့ လောကီနယ်ပယ် (မြေပြင်ပေါ်) က နိဗ္ဗာန်(ဝါ) ပျော်မွေ့ရာဖြစ်ပါတယ်။

၂။ ဂီတဖျော်ဖြေပွဲတစ်ပွဲမှာ ဂီတကိုသွားရောက်ခံစားသူကို ပရိသတ် (audience/fan) လို့ပဲခေါ်ပါတယ်။ star-gazerလို့မခေါ်ပါဘူး။

၃။ ရုပ်ရှင်ဆုပေးပွဲမှာ ရုပ်ရှင်ကြယ်ပွင့်တွေ starတွေကို ရုပ်မြင်သံကြားကဖြစ်ဖြစ်၊ အနီးကပ်ဖြစ်ဖြစ် ကြည့်ရှုငေးမောနေသူများကိုကော star-gazerလို့ မခေါ်ဘူးလား။ မခေါ်ပါဘူး။ သိလိုသူ eager-to-know သို့မဟုတ် ပရိသတ် audience လို့ပဲခေါ်ပါတယ်။ ကိုယ်သိပ်ကြိုက်နေတဲ့ မင်းသမီး၊ မင်းသားရယ်လို့ရှိရင်တော့ Fan လို့ခေါ်နိုင်မယ်ထင်ပါတယ်။

၄။ ဒါဆိုရင် star-gazer ဆိုတာ ဘယ်သူတွေလဲ။ ကြယ်ဆိုတဲ့ ခေါင်းစဉ်/ အခြင်းအရာ/ သိမှုအစုကို နှစ်သက်မက်မောသူ၊ အခွင့်အရေးရတိုင်း ကြယ်များအကြောင်း လက်တွေ့လေ့လာသူလို့ အဓိပ္ပာယ်ရပါတယ်။ ကောင်းကင်ပေါ်က ကြယ်တွေကို crazy ဖြစ်သူလို့ပြောရပါလိမ့်မယ်။

၅။ ကောင်းကင်ပြင်က ကြယ်တွေကို လက်တွေ့လေ့လာတာမဟုတ်သော်လည်း star-gazer လို့ ခေါ်ရတဲ့သူတွေ ရှိပါတယ်။ ကဗျာချစ်သူ၊ ကဗျာဆရာကို လေးစားသူတွေက ကဗျာရွတ်ပွဲတွေသွားတယ်၊ အားကျငေးမောတယ်။ ရသစာပေချစ်သူ၊ စာရေးဆရာတွေကို လေးစားသူတွေက စာပေပွဲတွေ၊ စာပေဝိုင်းတွေကို သွားတယ်၊ အားကျငေးမောတယ်။ သူတို့လည်း star-gazerတွေပါပဲ။

၆။ ပွဲကြီးတွေမှာ star-gazer လုပ်ငန်းလုပ်ခဲ့ဖူးပါတယ်။ စိတ်ချမ်းမြေ့ကြည်နူးရတဲ့ပွဲတွေ များစွာကြုံခဲ့ဖူးပါတယ်။

၇။ ကြားဖြတ်ပြီး ကျွန်တော်မေ့လျော့သွားတဲ့ ကိစ္စတစ်ခု ဖြတ်ပြောချင်ပါတယ်။ စာပေဟောပြောပွဲတွေဟာလည်း star လို့ခေါ်ရတဲ့ စာပေကြယ်ပွင့်ကြီးများကို ငေးမောရတဲ့ပွဲတွေပါပဲ။

၈။ ဟောပြောပွဲတွေမှာ ဆရာ ဆရာမများရဲ့ အကြောင်းအရာမျိုးစုံမှာ နှံ့စပ်ပုံ၊ နေရာဌာနနဲ့ ပရိသတ်အနုအရင့်ကို ချင့်ချိန်ပြီး ဟောပြောသွားပုံတွေ၊ ပင်ပန်းဆင်းရဲမှုကိုမငဲ့ကွက်ဘဲ တိုင်းပြည်နဲ့လူမျိုး အကျိုးရှိရာရှိကြောင်းတွေဖြန့်ဝေကြတာကို မြင်ရတာ အင်မတန်ကြည်နူးစရာကောင်းပါတယ်။ ကမ္ဘာ့စာပေ၊ မြန်မာစာပေတွေ လေ့လာပြီး ဝေဖန်ကြတယ် ။အနုပညာရဲ့အလှအပကို ပရိသတ်ထံ ဝေဖန်ပြကြတယ်။ စာပေဝါသနာပါသူမျိုးဆက်သစ်တွေကို အသိသစ်၊ အမြင်သစ်တွေ ပေးပြီး အားအင်တွေတိုးပွားစေတယ်။ စာပေသမားပီပီ အမျိုးသားစာပေရဲ့ အမွေအနှစ်ကို လက်ဆင့်ကမ်းပေးတဲ့အတွက် စာပေတာဝန်ကျေပွန်ကြတာ တကယ်ကြည်နူးစရာပါပဲ။

၉။ ပြန်ကြားရေးဝန်ကြီးဌာနက လုပ်ပေးတဲ့ စာတမ်းဖတ်ပွဲတွေမှာလည်း ကျွန်တော်တို့ဟာ star-gazer တွေပါပဲ။ စာပေမှာရော နိုင်ငံရေးမှာပါ နာမည်ကျော်သူတွေရဲ့ ဉာဏ်ပညာနဲ့ စေတနာကို လာရောက်ငေးမောကြသူတွေဖြစ်ပါတယ်။

၁၀။ အင်တာဗျူးတွေကို နားထောင်တဲ့အခါ အမေးခံရသူသာမက မေးသူကပါ စတားဖြစ်သွားပါတယ်။ မေးသူဟာ သူမေးရမယ့်လူနဲ့ သူမေးရမယ့်အဖွဲ့အစည်း(ဝါ) လူပုဂ္ဂိုလ်ရဲ့ မူဝါဒတွေ၊ ယုံကြည်ချက်တွေ၊ ပညာရည်တွေကို ဘယ်လောက်နှံ့နှံ့စပ်စပ် သိထားသလဲဆိုတာ ပေါ်လွင်သွားတာဖြစ်တော့ နှံ့စပ်ပါးနပ်တဲ့ အင်တာဗျူးသမားဟာ ကြည်ညိုဖွယ်ရာဖြစ်လာပါတယ်။ သူက ပါးပါးနပ်နပ် နှိုက်ထုတ်နိုင်လေလေ အမေးခံရသူရဲ့ ရုပ်လုံးနဲ့ ပညာရည်ဟာ ကြွတက်လာလေလေဖြစ်ပါတယ်။ လွယ်လွယ်ကူကူ ဥပမာပေးရရင် အင်တာဗျူးသမားဟာ သစ်ကောင်းကို ပန်းပုထုသူပါ။ သစ်သားကလည်း အကောင်းစားဖြစ်မှ၊ ထုဆစ်သူကလည်း သိပ်လက်ရာမြောက်မှ အကောင်းစားအနုလက်ရာတစ်ခု ဖြစ်လာမှာဖြစ်ပါတယ်။ သစ်ကောင်းပင်ဖြစ်သော်လည်း ထုဆစ်သူက စူးဆောက်တောင် ကောင်းကောင်း မကိုင်တတ်ရင် ပုံပျက်ပါတယ်။ ကနုတ်ပန်းဆိုရင် ပန်းပျက်ပါတယ်။ ပုံပျက်ပန်းပျက်ဆိုတာဒါပါပဲ။ သစ်သားက ပထမတန်းဖြစ်ရင် ထုဆစ်ရမယ့် ရုပ်ပုံက အလွန်ကြွယ်ဝ (richဖြစ်)နေရင် လက်နက်ကိရိယာ တန်ဆာပလာ အကောင်းစားတွေလိုပါတယ်။

**အင်တာဗျူးသမားဟာ သစ်ကောင်းကို ပန်းပုထုသူပါ။ သစ်သားကလည်း အကောင်းစားဖြစ်မှ၊ ထုဆစ်သူကလည်း သိပ်လက်ရာမြောက်မှ အကောင်းစား အနုလက်ရာတစ်ခု ဖြစ်လာမှာဖြစ်ပါတယ်။ သစ်ကောင်းပင်ဖြစ်သော်လည်း ထုဆစ်သူက စူးဆောက်တောင် ကောင်းကောင်းမကိုင်တတ်ရင် ပုံပျက်ပါတယ်။ ကနုတ်ပန်းဆိုရင် ပန်းပျက်ပါတယ်။**

၁၁။ အဲဒီလို အင်တာဗျူးကြယ်ငေးပွဲမှာ သစ်သားတုံးက ဘယ်လောက်မြင့်မားတဲ့ သစ်သားအတန်းအစားလဲ၊ ထုဆစ်သူက ဘယ်လောက်ကျွမ်းကျင်သလဲ၊ သုံးထားတဲ့ စူးဆောက်တန်ဆာပလာတွေက ဘယ်လောက်ထက်ရှသလဲ၊ စုံလင်သလဲဆိုတာတွေမြင်ရပါတယ်။ ကြယ်ငေးပွဲမှာ မှိတ်တုတ်မှိတ်တုတ်တွေထက် လင်းလင်းကျင်းကျင်းမြင်ရတဲ့ ကြယ်တွေကို ပိုပြီးခင်မင်လေ့ရှိကြပါတယ်။

၁၂။ စာပေဝိုင်းတွေမှာကျတော့ ဂြိုဟ်တုတွေ တွေ့ရတတ်ပါတယ်။ ဒိုးပုံ့တွေ၊ ဥပါပုံ့တွေ တွေ့ရတတ်ပါတယ်။ အလွန်လင်းပြချင်၊ တောက်စားပြချင်လွန်းတော့ ယာယီအလင်း လက်ခနဲက လင်းခနဲကို မက်မောကြတာတွေ့ရပါတယ်။ ကိုယ့်ရှေ့ရောက်လာတဲ့ ဟင်းခွက်ကို ဆက်ပြီး လက်မကမ်းချင်တာ ကိုယ့်တစ်ယောက်တည်းကပဲ လက်ဝါးကြီးအုပ်ထားချင်တာကို တွေ့ရတဲ့အခါ ကြယ်ကြွေလို့ ဥပါပုံ့လို့ လင်းခနဲ လက်ခနဲ ဖြစ်သွားတာမျိုးကို သတိရမိပါတယ်။

၁၃။ အမှန်တော့ ဆော်ဩသူဆိုတဲ့ moderator ဟာ ကိုယ်တိုင်က ဘယ်လောက်ပဲ သိစပ်မြင်နှံ့စပ်ဖြစ်နေနေ ကိုယ်သိတာ မပေါ်လွင်အောင်နေရပါတယ်။ ဒါ့အတွက် အကောင်းဆုံးနည်းက ပါးစပ်ကို ပိတ်နိုင်သလောက် ပိတ်ထားခြင်းပါပဲ။ သူတစ်ပါးရဲ့ အရည်အသွေးကို အရောင်တင်ပေးဖို့ရယ်၊ ပရိသတ်အတွက် အကျိုးရှိရာရှိကြောင်း သုတတွေ နှိုက်ထုတ်ပေးတဲ့နေရာမှာပဲ သုံးရပါတယ်။

၁၄။ ထို့အတူ ပါဝင်ဆွေးနွေးသူများကလည်း ကိုယ့်ကိုမေးထားတဲ့(ဝါ) ကိုယ့်ဆီကလိုချင်တဲ့ အချက်အလက်ကို လိုရင်းတိုရှင်းပြောပြီးရင် မိုက်ခရိုဖုန်းကို လက်ဆင့်ကမ်းရပါတယ်။ တစ်ယောက်ကို ၁၀ မိနစ်ပဲ ပြောခွင့်ရတဲ့အခါမှာ ပထမဆုံးပြောခွင့်ရသူ ပုဂ္ဂိုလ်က တစ်ယောက်တည်း ၂၅ မိနစ်ပြောပြီး ဆက်လည်းပြောချင်နေသေးတယ်ဆိုရင်တော့ ပွဲက သိပ်မလှတော့ဘူးထင်ပါတယ်။ ကိုယ်ပြောချင်နေတာ ရှိရင်လည်း ကြိုတင်ညှိနှိုင်းပြီး ၅ မိနစ်ထက် မပိုအောင်ပြောရမှာပါ။ မမေးဘဲနဲ့ ကိုယ်ကပြောချင်လွန်းလို့ အတင်းလမ်းသွယ်မြောင်းသွယ်ယူပြီး အချိန်ရသမျှငါ့ဖို့လုပ်သွားရင်တော့ ပွဲလည်းပျက်ပါတယ်။ ဖိုးပြောချင်လည်း သူထင်သလို ကြယ်အဆင့်အတန်းတောက်ပမှုမရတော့ဘဲ ပြောက်အိုးဖောက်သလိုပဲ ဖြစ်သွားရတာ စိတ်မကောင်းစရာပါ။ အကျိုးလိုလို့ ညောင်ရေလောင်း ပတ်ထမ်းနဲ့တွေ့ ဆိုတာမျိုးပဲလို့ ကြယ်ငေးသူများအဖွဲ့က ယူဆသွားတတ်ပါတယ်။

၁၅။ ကြယ်ငေးခြင်း star-gazing ကို ပညာရပ်ဆိုင်ရာ ဘက်ကကြည့်သင့်ကြည့်ရပါမယ်။ ကြက်ပေါက်စလေးတွေမှာ ဗီတာမင်ဘီဝမ်း (vitamin B1) ချို့တဲ့ရင် လည်ပင်းလည်ပြီး ခေါင်းမော့နေတတ်ပါတယ်။ ကြက်ငယ်လေးဟာ ခြေနှစ်ချောင်းပေါ်မှာ ရပ်ပင်ရပ်နေသော်လည်း လည်လန်ပြီး ကောင်းကင်ကို မော့ကြည့်နေသလို ဖြစ်တတ်ပါတယ်။ အဲဒီရောဂါကို star-gazing Diseaseလို့ ခေါ်ပါတယ်။ ဇက်လန်လည်လန်ပခုံးညောင်းဆိုတာမျိုးပေါ့။

၁၆။ စာပေစကားဝိုင်းတို့၊ စာပေဟောပြောပွဲတို့မှာ အဲဒီလို ဇက်လန်လည်လန် star-gazing လည်း ရှိတတ်ပါကြောင်း။

## ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်း၏ ပထမဆုံး မှော်ဘီရုပ်ရှင်ရုံ စတင်ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂၅**

မြန်မာ့ရုပ်ရှင် ဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုသည့် ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်နေသော PARADISO CINEMAS COMPANY LIMITED ၏ ရုံးချုပ်ဖွင့်ပွဲကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရွှေတောင်ကြားရပ်ကွက် အမှတ်(၂၀) ပုလဲလမ်းရှိ ကုမ္ပဏီရုံးချုပ်၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပသည်။

ကုမ္ပဏီရုံးချုပ် ဖွင့်ပွဲတွင် PARADISO CINEMAS COMPANY LIMITED မှ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူ Mr.Guy EUGENE နှင့် ဒုတိယဥက္ကဋ္ဌ ဦးလွင်မိုးတို့က နှုတ်ခွန်းဆက်အမှာစကားပြောကြားပြီး ကုမ္ပဏီရုံးခန်းကို စက်ခလုတ်နှိပ် ဖွင့်လှစ်ကြသည်။

ထို့နောက် ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းတွင် ပထမဆုံး စတင်တည်ဆောက်ဖွင့်လှစ်သည့် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် တပ်ကြီးကုန်း အမှတ်(၄) လမ်းဆုံထိပ် ရန်ကုန်-ပြည်လမ်းပေါ်ရှိ HMAWBI PARADISO CINEMA အဆင့်မြင့်ရုပ်ရှင်ရုံသစ် ဖွင့်ပွဲကို ယင်းရုပ်ရှင်ရုံ၌ မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပခဲ့သည်။

HMAWBI PARADISO CINEMA 3D အဆင့်မြင့်ရုပ်ရှင်ရုံသည် DCP စနစ်ဖြင့် ပြသသော အဆင့်မြင့်ရုပ်ရှင်ရုံဖြစ်ပြီး ရုံပြည့်ထိုင်ခုံ ၃၂၀ ဆံ့ ရုပ်ရှင်ရုံဖြစ်သည်။ စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များတွင် တစ်ရက်လေးပွဲနှင့် ကျန်ရက်များတွင် တစ်ရက် သုံးပွဲ ပြသသွားမည်ဖြစ်သည်။ ဖွင့်ပွဲတွင် အောင်တိုင်းကျော်ရုပ်ရှင်ထုတ်လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် “မင်းလည်းဘိုကေ ငါလည်းဘိုကေ” ရုပ်ရှင်ဇာတ်ကားကို နှစ်ရက် အခမဲ့ပြသမည်ဖြစ်ပြီး နောက်ပိုင်းတွင် ရုံတင်ကားများကို အချိန်နှင့်တစ်ပြေးညီ ပြသသွားမည်ဖြစ်သည်။

PARADISO CINEMAS COMPANY LIMITED သည် ရုပ်ရှင်ရုံ ၁၀၀ စီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရုပ်ရှင်ရုံပြသမှုမရှိသေးသော မြို့များကို ဦးစားပေးတည်ဆောက်သွားမည်ဖြစ်သည်။ ဖွင့်လှစ်ပြီး မှော်ဘီရုပ်ရှင်ရုံနှင့် ပုံစံတူရုပ်ရှင်ရုံများကို တစ်ပြိုင်တည်း တည်ဆောက်လျက်ရှိကာ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

(ဌေးအောင်)



ဖွင့်လှစ်လိုက်သည့် မှော်ဘီရုပ်ရှင်ရုံကို တွေ့ရစဉ်။

## ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ် (ဆင့်ပွား)သင်တန်းနှင့် ရဲတပ်ဖွဲ့လုပ်ထုံးလုပ်နည်း ဥပဒေဆိုင်ရာ (မွမ်းမံ)သင်တန်းများဖွင့်

**မော်လမြိုင် ဇန်နဝါရီ ၂၅**

မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးက ကြီးမှူးဖွင့်လှစ်သည့် ပြည်သူကိုဗဟိုပြုသော ရဲလုပ်ငန်းစနစ်(ဆင့်ပွား) သင်တန်းအမှတ်စဉ် (၂/၂၀၁၇)သင်တန်းဖွင့်ပွဲနှင့် ရဲတပ်ဖွဲ့လုပ်ထုံးလုပ်နည်းဥပဒေဆိုင်ရာ(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၇)သင်တန်းဖွင့်ပွဲကို ဇန်နဝါရီ ၂၅ ရက်က မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး ရာမညဇာနည်ခန်းမနှင့် ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲ(အတ္တရံ) ရဲမွမ်းမံလေ့ကျင့်ရေးကျောင်း သင်တန်းခန်းမများ၌ ကျင်းပရာမွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးက တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲများသို့ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ ဦးစီး(ပ)(ဦး/ရေး/ထောက်) ဒုတိယရဲမှူးကြီးခင်မောင်စိုး၊ ပြည်နယ်ရဲအကူတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး အောင်မြင့်နိုင်၊ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးကျော်စိုး၊ အမှတ်(၁၅)လုံခြုံရေးတပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးလှိုင်မင်းထွန်း၊ မွန်ပြည်နယ် ၁၀ မြို့နယ်ရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ မော်လမြိုင်မြို့နယ်ရှိ နယ်မြေစခန်းများမှ စခန်းမှူးများ၊ နည်းပြဆရာများ၊ မိတ်ဖက်တပ်ဖွဲ့ဝင်များ၊ ရဲလုပ်ငန်းစနစ် (ဆင့်ပွား) သင်တန်းအမှတ်စဉ်(၂/၂၀၁၇) သင်တန်းသားအရာရှိ ၃၀ နှင့် ရဲတပ်ဖွဲ့လုပ်ထုံးလုပ်နည်းဥပဒေဆိုင်ရာ (မွမ်းမံ) သင်တန်းအမှတ်စဉ် (၁/၂၀၁၇)သင်တန်းသားအရာရှိ ၃၀၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၃၀ တက်ရောက်ကြသည်။

အဆိုပါသင်တန်းကို ရက်သတ္တနှစ်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်သည်။

(၃၀၇)

**ပြည်ထောင်စုအရေး ညီအောင်တွေး**
**မနေးဆောင်ရွက် ပြည်သူ့အတွက်**

# အများပြည်သူပိုင် ဧရိယာတွင် အများပြည်သူ နားနေနိုင်ရန် မြေနီကုန်းခုံးကျော်တံတား အနုပညာစီမံကိန်းဖော်ဆောင်မှု စတင်ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂၅**

အများပြည်သူပိုင် ဧရိယာတွင် အများပြည်သူ နားနေနိုင်ရန်နှင့် အပန်းဖြေနိုင်ရန် ဖော်ဆောင်ခဲ့သည့် မြေနီကုန်းခုံးကျော်တံတား အနုပညာစီမံကိန်းကို ဇန်နဝါရီ ၂၅ ရက် နံနက်ပိုင်းတွင် စတင်ဖွင့်လှစ်လိုက်ပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများ တက်ရောက်ကြသည်။

မြေနီကုန်းခုံးကျော်တံတားအောက်ရှိ ယခင်အကာအရံ အတားအဆီးဟောင်းများကို ဖယ်ရှားကာ အုတ်ခုံတန်းရှည်များ ပါဝင်သည့် ဘောလုံးကွင်း၊ ခြင်းလုံးကွင်းနှင့် အကနေရာများ တည်ဆောက်ခြင်း၊ အနုပညာလက်ရာမြောက် လျှောက်လမ်းများ ထည့်သွင်းခြင်း၊ အပင်များနှင့် ရေပေးစနစ်ပါဝင်သည့် စိမ်းလန်းစိုပြည်သော တံတားတိုင်နှစ်တိုင် ပြုလုပ်ခြင်း၊ လူကူးမျဉ်းကျားများ၊ ယာဉ်အန္တရာယ်ကင်းဝေးစေရန် လမ်းအမှတ်အသားများ ရေးဆွဲခြင်းနှင့် လမ်းသွားလမ်းလာများ အန္တရာယ်ကင်းဝေးစေရေးအတွက် အပင်များ စိုက်ပျိုးထားသည့် လမ်းလယ်ကျွန်းများ တည်ဆောက်ခြင်း၊ အများပြည်သူတို့ နားနေနိုင်ရန် အုတ်ခုံရှည်များ ပြုလုပ်ပေးခြင်းတို့အပါအဝင် အများပိုင်နေရာအား ပြည်သူများ လွတ်လပ်စွာ အသုံးပြုနိုင်ရန် မြေနီကုန်းခုံးကျော်တံတား အနုပညာစီမံကိန်းကို အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"ပလက်ဖောင်းတွေပေါ်မှာလည်း လမ်းလျှောက်နိုင်ဖို့အတွက် လမ်းဘေးဈေးသည်တွေကို စနစ်တကျ နေရာချဖို့ လုပ်နေပါတယ်။ အခုဆိုရင် ခုံးကျော်တံတားတွေ အောက်မှာ ပြည်သူလူထု လာရောက်အပန်းဖြေတဲ့နေရာတွေဖြစ်ဖို့အတွက် စဉ်းစားထားပါတယ်။ ခုံးကျော်တံတားတွေအောက်မှာ အခုလို တည်ဆောက်ပြီးစီးတာနဲ့အတူ ပြည်သူလူထုကလည်း ဝိုင်းဝန်းထိန်းသိမ်းစေချင်ပါတယ်။ မြေနီကုန်းခုံးကျော်တံတားအောက်မှာ လူငယ်လေးတစ်ယောက် အမြဲတမ်း သန့်ရှင်းရေးလာလုပ်နေတယ်ဆိုတဲ့ သတင်းတွေ ကြားရပါတယ်။ ဒီနေရာတွေကိုလည်း စည်ပင်သာယာ ပန်းဥယျာဉ်ဘက်က တာဝန်ယူထိန်းသိမ်းစောင့်ရှောက်ပါမယ်။ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုနဲ့ ဝိုင်းဝန်းစောင့်ရှောက်မှု လိုအပ်ပါတယ်"ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အဆိုပါဖွင့်ပွဲတွင် ပြောကြားခဲ့သည်။

အဆိုပါအစီအစဉ်ကို ပြီးခဲ့သည့် နိုဝင်ဘာလက စတင်အကောင်အထည်ဖော်ခဲ့ခြင်းဖြစ်ပြီး ပြည်တွင်းပြည်ပ အလှူရှင်များ၏ ထည့်ဝင်ငွေဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပြင်သစ်အစိုးရ၏ ပါဝင်ကူညီငွေ ဒေါ်လာ တစ်သိန်းကျော်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ပြင်သစ်နိုင်ငံသံရုံး၊ ပြင်သစ်ယဉ်ကျေးမှုဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပြီး ပြည်တွင်းမှ အလှူရှင်များ၏ ထည့်ဝင်ငွေမှာ ဒေါ်လာ ရှစ်သောင်းခန့်ဖြစ်ကြောင်း သိရသည်။

အဆိုပါ လှူဒါန်းငွေတို့ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သော စီမံကိန်းတွင် လိုအပ်သည်များ ပြင်ဆင်မှုအပါအဝင်၊ ထိန်းသိမ်းဆောင်ရွက်မှုများ၊ အမှိုက်စနစ်တကျ စွန့်ပစ်စေရေးတို့ အတွက်လည်း အမှိုက်ပုံးများ ထားရှိခြင်းကိုလည်း ဆောင်ရွက်ထားပြီး အများပြည်သူ၏ ဝိုင်းဝန်းကူညီထိန်းသိမ်းစောင့်ရှောက်မှုလိုအပ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့က မေတ္တာရပ်ခံထားသည်။

အလားတူ မြေနီကုန်းခုံးကျော်တံတား အနုပညာစီမံကိန်းကဲ့သို့ပင် ရန်ကုန်မြို့ရှိ ခုံးကျော်တံတား စီမံကိန်းများ၏ အောက်တွင် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ပြင်သစ်ယဉ်ကျေးမှုဌာနအနေဖြင့် ဆန္ဒရှိကြောင်း သိရပြီး ယနေ့ဖွင့်ပွဲနှင့်အတူ ကျန်ခုံးကျော်တံတားများ၏ အောက်တွင် အကောင်အထည် ဖော်နိုင်သည့် ဗိသုကာဒီဇိုင်းပုံစံငယ်များကိုလည်း လူငယ်ဗိသုကာပညာရှင်အဖွဲ့အသီးသီးက ပြသခဲ့ကြသည်။

ပြင်သစ် ယဉ်ကျေးမှုဌာနအနေဖြင့် မြန်မာနိုင်ငံ ဗိသုကာပညာရှင်များအသင်း၊ ရန်ကုန်မြို့ပြ အမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့တို့ဖြင့် ပူးပေါင်းကာ မြန်မာလူငယ်များ၏ အနာဂတ် ရန်ကုန်မြို့ မြင်ကွင်းဆိုင်ရာ ဗိသုကာဒီဇိုင်းများ ပေါ်ထွက်လာစေရန် အားပေးဆောင်ရွက်ခြင်းပင်ဖြစ်သည်ဟု ပြင်သစ်ယဉ်ကျေးမှုဌာနမှ သိရသည်။

လက်ရှိ ရန်ကုန်မြို့တွင် မော်တော်ယာဉ်များ များပြားလာမှု၊ မော်တော်ယာဉ်များနှင့် မော်တော်ယာဉ် သုံးစွဲသူများကို ဦးစားပေးမှုများကြောင့် အများပြည်သူ အပန်းဖြေအနားယူနိုင်သည့် အများပိုင်နေရာများ ဆုံးရှုံးသွားပြီး မြို့ပြလမ်းမများပေါ်တွင် လမ်းလျှောက်စရာ နေရာပင် မရှိသည့် အဖြစ်များ ကြုံတွေ့နေရသည့်အပေါ် ဖြေရှင်းဆောင်ရွက်မှုများကို တစ်ဆင့်ခြင်း ဆောင်ရွက်နေခြင်းနှင့်အတူ ယခုကဲ့သို့ အများပိုင်နေရာများတွင် အသုံးတည့်စွာ အသုံးပြုနိုင်ရေးကို အကောင်အထည်ဖော်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်း-ဆုနှင်းလဲ့**
**ဓာတ်ပုံ-ခင်မောင်ဝင်း**



## ရွှေဈေး၊ စက်သုံးဆီဈေးနှင့်နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်(ရွှေဈေး) ၈၇၆၀၀၀ - ၈၇၆၀၀၀ မန္တလေး(ရွှေဈေး) ၈၇၆၀၀၀ - ၈၇၆၀၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၆၉၀/၇၀၀ ကျပ်၊ | ၇၃၅/၇၄၀ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၇၄၀/၇၅၀ ကျပ်၊ | ၈၅၀/၈၆၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၇၀၀/၇၁၀ ကျပ်၊ | ၇၈၀/၇၉၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၁၀/၇၂၀ ကျပ်၊ | ၇၆၀/၇၇၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၇၀ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၆၄၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၄၈. ၃ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၆. ၈၂ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၈. ၁၀၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၃၃ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၈၀၂ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၈၆. ၈ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၅. ၇၁ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၀. ၈ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၀. ၃၀ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းကစုစည်းတင်ပြသော ဇန်နဝါရီ ၁၅ ရက်မှ ဇန်နဝါရီ ၂၃ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း ထုတ်ဝေသည့်တိုက် |
|---|---|---|---|
| ၁ | မောင်မောင်ငြိမ်းအေး | ကမ္ဘာကြီးအေးမြကလေးကဗျာများ | ၁၅၀၀ိ/-စိမ်းလန်းရင်ခွင်စာပေ |
| ၂ | အောင်အောင် | လူချမ်းသာ လူဆင်းရဲ (အင်္ဂလိပ်-မြန်မာနှစ်ဘာသာ) | ၁၀၀၀ိ/-ဇေယျာမိုးစာပေ |
| ၃ | လေးအိမ်စုအရှင်ဝိစိတ္တသာရ | (၁၄)စကားလက်ဆောင် တရားလက်ဆောင် | ၂၅၀၀ိ/-ခင်မြတ်သူစာပေ |
| ၄ | ဝဏ္ဏစောသိန်း(မြန်မာပြန်) | ဘတ်ဖက်ဗေဒ | ၄၅၀၀ိ/-ကမ်းလက်စာပေ |
| ၅ | ဒေါင်းဇာမဏီ | မန္တလေး ၈၈ အရေးတော်ပုံနှင့် ကျွန်ုပ်၏မှတ်တမ်းဒိုင်ယာရီ | ၃၅၀၀ိ/-လင်းသန့်စာပေ |
| ၆ | ယုယ-(ဆေး-၁) | ပရဟိတပန်းပျိုးခင်းသို့မေချီ လှမ်းလျှောက်လျက်နှင့် အခြားဝတ္ထုတိုများ | ၂၅၀၀ိ/- MMA Publishing house |
| ၇ | ကျော်အောင် | ချက်ကော့ ဝတ္ထုတိုပေါင်းချုပ် | ၃၅၀၀ိ/-မဟာစာပေ |
| ၈ | ဗြိတိသျှကိုကိုမောင် | ခေတ်ဆိုးအိတ်ကပ်ထဲကလူငယ်ဘဝ | ၂၈၀၀ိ/-ကံ့ကော်ဝတ်ရည်စာပေ |
| ၉ | ဓမ္မနွယ်(ရွှေတည်မြေ) | ရဟန်းပျိုလျှောက်သောလမ်းနှင့် ရသဝတ္ထုတိုများ | ၃၀၀၀ိ/-ဇွန်ပွင့်စာပေ |
| ၁၀ | ပုညခင် | မောင့်ကိုပြောမပြချင်ဘူး | ၂၅၀၀ိ/-ပုညခင်စာပေ |
| ၁၁ | လင်းသိုက်ညွန့်(မြန်မာ့မြေ) | ဆန်းသစ်တီထွင်စွာအောင်မြင်ခြင်း | ၂၅၀၀ိ/-သင်းစာပေ |
| ၁၂ | ရာစုသစ်(ဘာသာပြန်) | အသွင်ကူးပြောင်းရေးကာလ (ချက်နိုင်ငံ အတွေ့အကြုံ) | ၃၀၀၀ိ/-ဆန်းစသော်တာစာပေ |
| ၁၃ | မသီတာ(စမ်းချောင်း) | ရောင်စဉ်များရဲ့ အဖွဲ့တွဲ့ရသ နယ်ခြားအတွင်းရေး | ၃၅၀၀ိ/-ငါတို့စာပေ |
| ၁၄ | မြင့်သန်း | မိုးကုန်ပြီးစတစ်နေ့၌ ကျေနပ်စွာ လွမ်းဆွတ်ရခြင်းနှင့် အခြားဝတ္ထုတိုများ | ၁၅၀၀ိ/-The Key Collection |
| ၁၅ | ဂျူး | အဝေးကြည့်မှန်ပြောင်းနှင့် အခြားဝတ္ထုတိုများ | ၁၅၀၀ိ/-The Key Collection |
| ၁၆ | လင်းထက်ဆွေ(ဘာသာပြန်) | ဟိမဝန္တာခရီးသည်၏ ဆေးဘုရားရှာပုံတော် | ၈၀၀၀ိ/-စွယ်တော်စာပေ |
| ၁၇ | | ပုံပြဗုဒ္ဓဝင် | ၂၅၀၀ိ/-စိတ်ကူးသစ်စာပေ |
| ၁၈ | နန္ဒာမိုးမြေ | Top Ten ရသူများနှင့် Top Ten များ ရေးသည့် Essay & Letter များ | ၂၇၀၀ိ/-ကောင်းထွဋ်စာပေ |
| ၁၉ | လင်းယုန်သစ်လွင် | ဓမ္မဝိလာသ (၁၉၇၁ ခုနှစ် အမျိုးသားစာပေဆုရ မြန်မာဝတ္ထုစစ်စစ်ကြီး) | ၄၅၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၂၀ | မေသကြာန်ဟိန်(မြစ်မခ) | ပြုစုပျိုးထောင်ခြင်းအနုပညာ အောင်မြင်ရေးစာစုများ(၃) | ၂၀၀၀ိ/-လဝန်းရိပ်စာပေ |
| ၂၁ | မောင်ကံထူး | ရေခြားမြေခြားဓမ္မမိတ်ဆွေများအတွက် စာလေးနှစ်စောင် | ၈၀၀ိ/-စာပေလောက(၆) |
| ၂၂ | စိုင်းဝီရလင်းခဲ့(မြန်မာပြန်) | မရဏအနမ်း(A Kiss Before Dying) | ၃၀၀၀ိ/-ထူးခြားစာအုပ်အိမ် |
| ၂၃ | ဒဂုန်တာရာ | လရောင်ရွှန်းမြသောညတစ်ညနှင့် ဝတ္ထုရှည်များ | ၂၃၀၀ိ/-နေရီရီစာပေ |
| ၂၄ | မောင်ဝင်းဝါ | စလေဦးပုညနှင့်ရှိတ်စပီးယားတို့၏ ပြဇာတ်စာပေနှိုင်းယှဉ်လေ့လာချက် | ၁၅၀၀ိ/-Net.Litt,publication |
| ၂၅ | ဘုတလင်ချစ်လေး | ကချေသည်နှင့်အခြားကဗျာများ | ၂၀၀၀ိ/-စံပယ်ပွင့်စာပေ |
| ၂၆ | ဟိန်းလတ် | အမေရိကန်သမ္မတအဖြစ် လျှောက်သောလမ်း | ၃၀၀၀ိ/-နဂါးမင်းစာပေ |
| ၂၇ | မောင်မြတ်မိုး | ဒေါ်အောင်ဆန်းစုကြည်နှင့် ဗိုလ်ချုပ်ကြီးများ | ၆၀၀၀ိ/-Quality Publishing House |
| ၂၈ | မြသန်းတင့် | လူလေးသို့ပေးစာများ | ၃၀၀၀ိ/-တိုးမြစ်စာပေ |
| ၂၉ | ပန်းချီမျိုးမာန် | အောင်မြင်သူနဲ့ ရှုံးနိမ့်စိတ်ထား | ၁၅၀၀ိ/-မြင့်မိုရ်မေမေစာပေ |
| ၃၀ | မြင့်စိုး | အင်းဝခရီးသည် | ၃၀၀၀ိ/-ဆုပြည့်စုံထွန်းစာပေ |
| ၃၁ | နိုင်မျိုးသစ္စာ(နမ္မတူ) | ရနံ့မပြယ်သည့် ပန်းစံပယ်လူငယ်ဝတ္ထုတိုများ | ၂၀၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၃၂ | ရန်အောင်(ဆေး-၁) | အချစ်ဦးပေမဲ့ ဒုတိယလူ | ၃၀၀၀ိ/-မွန်မြတ်စေတနာစာပေ |
| ၃၃ | ပန်းဆက်လမ်းစာတည်းအဖွဲ့ | နတ်သမီးပုံပြင်များ (အင်္ဂလိပ်-မြန်မာ) | ၁၈၀၀ိ/-ပန်းဆက်လမ်းစာပေ |
| ၃၄ | ပန်းဆက်လမ်းစာတည်းအဖွဲ့ | ထာဝရမရိုးနိုင်သော ပုံပြင်များ | ၁၈၀၀ိ/-ပန်းဆက်လမ်းစာပေ |
| ၃၅ | | စတုတ္ထတန်း English Workbook | ၁၅၀၀ိ/-စာပေလောက(၆) |
| ၃၆ | ပြည်ကျော်ကျော် | မူကြိုအရွယ်ကလေးငယ်များအတွက် မြန်မာအက္ခရာရေးနည်း | ၃၀၀၀ိ/-KKHPublishing House |
| ၃၇ | ဒေါက်တာခင်လှလှ | အနာဂတ်အတွက် သောတရောင်နီစာစုများ | ၂၀၀၀ိ/-MMA publishing House |

(ဆက်လက်ဖော်ပြပါမည်)



## ဘူးသီးတောင်မြို့နယ်အတွင်းရှိ နှစ်ဖက်လူ့အဖွဲ့အစည်းများအား ကာကွယ်ဆေး ၁၀ မျိုး ထိုးနှံပေးလျက်ရှိ

**ဘူးသီးတောင် ဇန်နဝါရီ ၂၅**

ရခိုင်ပြည်နယ် မောင်တောခရိုင် ဘူးသီးတောင်မြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ကာကွယ်ဆေး ၁၀ မျိုး ထိုးနှံပေးလျက်ရှိကြောင်းသိရသည်။

"ဘူးသီးတောင်မြို့နယ် အတွင်းမှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနတွေမှာ ကလေးတွေနဲ့ ကိုယ်ဝန်ဆောင်မိခင်တွေကို ကာကွယ်ဆေး ၁၀ မျိုး ထိုးနှံပေးလျက်ရှိပါတယ်။ အဲဒီ ကာကွယ်ဆေး ၁၀ မျိုးကတော့ တီဘီ၊ ပိုလီယို၊ အသည်းရောင်အသားဝါ၊ ဆုံဆို့ ကြက်ညှာ၊ မေးခိုင်၊ ဂျိုက်သိုး၊ ဝက်သက်ရောဂါ ကာကွယ်ဆေးတွေနဲ့ ပြင်းထန်အအေးမိအဆုတ်ရောဂါ နှစ်မျိုးကို ကာကွယ်ပေးနိုင်တဲ့ ဆေးတွေဖြစ်ပါတယ်"ဟု ဘူးသီးတောင်မြို့နယ်ဆရာဝန် ဒေါက်တာသန်းထွန်းကျော်က ပြောသည်။

ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် တာဝန်ရှိသူများသည် ဘူးသီးတောင်မြို့နယ်အတွင်းရှိ စေတီတောင်ကျေးရွာနှင့် ညောင်ချောင်းကျေးရွာများ၌ ဆောင်ရွက်လျက်ရှိသည့် ကာကွယ်ဆေးထိုးလုပ်ငန်းများကို လှည့်လည်ကြည့်ရှုသည့်ခရီးစဉ်အတွင်း အဆိုပါ မြို့နယ်ဆရာဝန်က ထိုသို့ပြောကြားခဲ့ခြင်းဖြစ်သည်။

"ကျွန်တော်တို့မြို့နယ်အတွင်းမှာရှိတဲ့ နှစ်ဖက်သောလူ့အဖွဲ့အစည်းတွေကို ကာကွယ်ဆေးတွေလိုက်လံထိုးနှံပေးနေတာဖြစ်ပါတယ်။ တစ်မြို့နယ်လုံးကို တစ်ပြိုင်နက်တည်းထိုးနှံပေးခြင်းဖြစ်ပါတယ်။ ကာကွယ်ဆေးကို ဘာကြောင့်ထိုးသင့်တယ်၊ ကာကွယ်ဆေးထိုးမှ ရောဂါကို ကာကွယ်နိုင်မယ်၊ ကာကွယ်ဆေးထိုးနှံဖို့ဟာ အလွန်အရေးကြီးတယ်ဆိုတာတွေကို ရှင်းလင်းပြောကြားခဲ့ပါတယ်။ အဲဒီလို ကာကွယ်ဆေးထိုးနှံဖို့ ကျေးလက်ဒေသတွေမှာရှိတဲ့ ဘာသာရေးခေါင်းဆောင်တွေ၊ ရပ်မိရပ်ဖတွေ၊ လူမှုရေးအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်ခဲ့ကြပါတယ်"ဟု ဒေါက်တာသန်းထွန်းကျော်က ဆက်လက်ပြောပြသည်။

**မောင်ဇော်(သတင်းစဉ်)**

## နမ့်ခမ်းမြို့နယ်တွင် ဒေသခံပြည်သူတစ်ဦး လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရ

**နေပြည်တော် ဇန်နဝါရီ ၂၅**



ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ်ပြည်သူ့ဆေးရုံတွင် လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာဖြင့် တက်ရောက်ကုသနေသည့် အမျိုးသမီးလူနာ၏ လက်မောင်းအတွင်းမှ ကျည်ဆန်ထိပ်ဖူးမှာ လက်နက်ကိုင်အဖွဲ့(စိစစ်ဆဲ)များ ကိုင်ဆောင်အသုံးပြုသည့် ကျည်ဆန်အမျိုးအစားဖြစ်ကြောင်း သိရသည်။

နမ့်ခမ်းမြို့နယ်ပြည်သူ့ဆေးရုံ၌ လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာဖြင့် အမျိုးသမီးလူနာတစ်ဦး တက်ရောက်ကုသနေကြောင်း သတင်းအရ နယ်မြေလုံခြုံရေး ဆောင်ရွက်နေသော တပ်မတော်စစ်ကြောင်းမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များသည် ယမန်နေ့နံနက် ၉ နာရီခန့်တွင် ဆေးရုံသို့ သွားရောက်ကြည့်ရှုအားပေးစကားပြောကြားခဲ့ရာ ၎င်းမှာ နမ့်ခမ်းမြို့နယ် ကြူဆိုင်းကျေးရွာနေ ဒေါ်ယားမုံဖြစ်ကြောင်း၊ ဇန်နဝါရီ ၂၁ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် တစ်ရွာတည်းနေ ဒေါ်မာရေးအောင်ခမ်း၊ ဒေါ်အီမွန်တို့နှင့်အတူ ကျေးရွာအနီးရှိ ၎င်း၏တောင်ယာခင်း၌ ကြံစိုက်ပျိုးရန် မြေပြုပြင်နေစဉ် သေနတ်သံတစ်ချက်ကြားခဲ့ပြီး ၎င်း၏ဝဲဘက်လက်မောင်းတွင်လည်း လက်နက်ငယ်ကျည်ထိမှန်ဒဏ်ရာရရှိခဲ့ကြောင်း၊ ၎င်းဒဏ်ရာအား နေအိမ်၌ ကုသသော်လည်း မသက်သာ၍ ဇန်နဝါရီ ၂၂ ရက်တွင် နမ့်ခမ်းမြို့နယ်ဆေးရုံသို့ တက်ရောက်ကုသခဲ့ခြင်းဖြစ်ကြောင်းသိရှိရပြီး ဒဏ်ရာအား ခွဲစိတ်ကုသရာ ၎င်း၏ လက်မောင်းအတွင်းမှ အမ် ၂၂ ကျည်ဆန်ထိပ်ဖူး တစ်ခုတွေ့ရှိခဲ့ပြီး ၎င်းမှာ စိစစ်ဆဲ လက်နက်ကိုင်အဖွဲ့များ ကိုင်ဆောင်သည့် ကျည်ဆန်အမျိုးအစားဖြစ်ကြောင်း စစ်ဆေးတွေ့ရှိခဲ့သည်။

သို့ဖြစ်၍ တပ်မတော်စစ်ကြောင်းများက ဖြစ်စဉ်ဖြစ်ပွားရာနေရာနှင့် အနီးတစ်ဝိုက်အား နယ်မြေရှင်းလင်းရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## တရားမဝင် ဝင်ရောက်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသားအား ပြန်လည်လွှဲပြောင်းပေးအပ်

**မောင်တော ဇန်နဝါရီ ၂၅**

မြန်မာနိုင်ငံသို့ တရားမဝင် ဝင်ရောက်လာသည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံသား မာမတ်တာရက်အား ယနေ့နံနက်ပိုင်းတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ တာဝန်ရှိသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်သည်။

အဆိုပါ ဘင်္ဂလားဒေ့ရှ်နိုင်ငံသားသည် လူဝင်မှုကြီးကြပ်ရေးဥပဒေအရ ဘူးသီးတောင်အကျဉ်းထောင်၌ ပြစ်ဒဏ်ကျခံခဲ့ပြီး ယနေ့နံနက် ၁၁ နာရီ မိနစ် ၄၀ တွင် မောင်တောမြို့ အမှတ်(၁) ဝင်ထွက်စခန်း(POE)၌ လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန မောင်တောမြို့နယ် ဦးစီးအရာရှိ ဦးအောင်ကျော်စိန် ဦးဆောင်သောအဖွဲ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ်(၁၂) နယ်ခြားစောင့်တပ် တက္ကနပ် စခန်းမှူး A bul Russel Siddique, addldir ဦးစီးအဖွဲ့ထံ လွှဲပြောင်းပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ဇော်နေ(သတင်းစဉ်)**

## လုပ်ငန်းကျွမ်းကျင်မှုမြှင့်မားရေး ဆင့်ပွားသင်တန်းဆုချီးမြှင့်

**ရန်ကုန် ဇန်နဝါရီ ၂၅**

(၂၆)နှစ်မြောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှစ်ပတ်လည်နှင့် ဇန်နဝါရီ ၁၇ မှ ၂၄ ရက်အထိဖွင့်လှစ်ခဲ့သော လုပ်ငန်းကျွမ်းကျင်မှုမြှင့်မားရေးဆင့်ပွားသင်တန်းဆင်းပွဲတွင် ဆုရရှိသူများအား ချီးမြှင့်ခြင်းအခမ်းအနားကို မြောက်ပိုင်းခရိုင်(အင်းစိန်)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘက်စုံသုံးခန်းမ၌ ဇန်နဝါရီ ၂၄ ရက် ညနေ ၄ နာရီက ကျင်းပသည်။

သင်တန်းတွင် ပထမဆုရရှိသည့် အင်းစိန်ပြန်/ဆက်ဦးစီးဌာနမှ အငယ်တန်းစာရေး ဒေါ်ဆုလှိုင်၊ ဒုတိယဆုရရှိသည့် တိုက်ကြီးပြန်/ဆက်ဦးစီးဌာနမှ အငယ်တန်းစာရေး ဒေါ်ခင်နှင်းသက်၊ အင်းစိန် ပြန်/ဆက်မှ တတိယဆုရရှိသည့် စာကြည့်တိုက်မှူး ဒေါ်ဖြူဖြူအောင်တို့အား မြောက်ပိုင်းခရိုင်(အင်းစိန်)ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်သီတာဦး၊ အင်းစိန်မှ ဒုတိယဦးစီးမှူး ဒေါ်ခင်နှင်းကြည်နှင့် တိုက်ကြီးမှ ဒုတိယဦးစီးမှူး ဒေါ်စန်းကလျာခိုင်တို့က ဆုများချီးမြှင့်ကြသည်။ ဆက်လက်ပြီး(၂/၂၀၁၆)အောက်မြန်မာပြည် စွမ်းရည်မြှင့်သင်တန်းတွင် ဒုတိယဆုရရှိသော ထန်းတပင်ပြန်/ဆက်မှ ဒုတိယဦးစီးမှူး ဒေါ်အိသင်းထိုက်နှင့် အထက်မြန်မာပြည်(မန္တလေး) ခတ်ပုံသင်တန်းတွင် သတင်းဓာတ်ပုံဆုရရှိခဲ့သော မင်္ဂလာဒုံမြို့နယ် ပြန်/ဆက်ဦးစီးဌာနမှ ဓာတ်ပုံကျွမ်းကျင်-၂ ဦးဆန်းကျော်ဦးတို့အား ဆုများချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။ **မျိုးသန့်(IPRD)**



## ဒက္ခိဏသီရိမြို့နယ်တွင် မူလတန်းကြိုကျောင်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၂၅**

နေပြည်တော် ဒက္ခိဏသီရိမြို့နယ် မူလတန်းကြိုကျောင်းဖွင့်ပွဲကို ယနေ့နံနက် ၉ နာရီက ရွာမကျေးရွာအုပ်စု ကျားကူး(အနောက်) ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် (၂) ဦးမင်းသူ၊ နေပြည်တော် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမောင်မောင်တာ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးသန့်ဇင်ထွန်း၊ ရွှေပြည်တန်ပညာရေးကွန်ရက်အမှုဆောင်အရာရှိချုပ် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း တွဲဖက်ဘဏ္ဍာရေးမှူး ဦးသိန်းထွေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ကျေးရွာသစ် စီမံကိန်းအကောင်အထည်ဖော်ရေးအဖွဲ့(SMCU)မှ Mr. Park က စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် အလှူရှင် ရွှေပြည်တန်ပညာရေးကွန်ရက်အမှုဆောင်အရာရှိချုပ် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း တွဲဖက်ဘဏ္ဍာရေးမှူး ဦးသိန်းထွေးက မူကြိုနည်းပြဆရာမ နှစ်ဦးနှင့်မူကြိုကျောင်းသား ၁၅၀ တို့အတွက် လက်ဆောင်နှင့်သင်ထောက်ကူပစ္စည်းများ ပေးအပ်ခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## ကျေးလက်သိပ္ပံနည်းပညာယဉ်ကျေးမှုဆိုင်ရာ ဟောပြော

**ရန်ကုန် ဇန်နဝါရီ ၂၅**

ကျေးလက်သိပ္ပံနည်းပညာယဉ်ကျေးမှုဆိုင်ရာဟောပြောပွဲနှင့် တတိယအကြိမ် မူလတန်းပြ အငြိမ်းစား ဆရာကြီး ဆရာမကြီးများပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဇန်နဝါရီ ၂၃ ရက် နံနက်ပိုင်းတွင် ကွင်းပေါက်အမှတ်(၅) ရပ်ကွက် (ယခင် ဦးသိန်းမောင်ကျောင်း) အမှတ်(၈) မူလတန်းလွန်ကျောင်း ကျိုက်လတ်မြို့၌ ကျင်းပသည်။

အခမ်းအနားတွင် အငြိမ်းစားဆရာမကြီး ဒေါ်အုန်းကြည်က အသိမကြွယ်နုနယ်သော ကလေးဘဝအရွယ် စာသင်ခဲ့သော ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အငြိမ်းစားဆရာမကြီး ဒေါ်အေးမြင့်က မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ စသည့် ဗြဟ္မစိုရ်တရားလေးပါး သတိခေါင်းစဉ်ဖြင့်လည်းကောင်း၊ ဆရာဦးသန်းလှက ကျေးလက်သိပ္ပံနည်းပညာယဉ်ကျေးမှုသည် မြန်မာ့သမိုင်း၏ မှတ်တိုင်ဖြစ်သည်ဟူ၍လည်းကောင်း၊ စာရေးဆရာ၊ ရုပ်ရှင်နှင့် ဗီဒီယိုဒါရိုက်တာ ဆရာဦးမျိုးဟိန်းက အခြေခံမူလတန်းပညာသည် ဘဝအတွက် လှေကားပါပဲ ဆိုသည့် ခေါင်းစဉ်များဖြင့် ဟောပြောကြသည်။

ထို့နောက် (ယခင် ဦးသိန်းမောင်ကျောင်း)အမှတ်(၈) မူလတန်းလွန်ကျောင်း လက်ထောက်ကျောင်းအုပ်ဆရာမကြီး ဒေါ်လှိုင်လှိုင်မြင့်က ကျေးဇူးတင်စကားပြောကြားပြီး ၁၉၆၀ ခုနှစ်မှ ၁၉၈၅ ခုနှစ်အထိ မူလတန်းပညာသင်ပေးခဲ့ကြသော အငြိမ်းစားဆရာကြီး ဆရာမကြီးများအား ပူဇော်ကန်တော့ကြသည်။

**(စောသိန်းဝင်း)**



**ရထားရဲတပ်ဖွဲ့ အမှတ်(၁၉)တပ်ခွဲ လက်ပံတန်းမှ တပ်ခွဲမှူး ဒုရဲမှူးဖိုးဆယ်သည် ဇန်နဝါရီ ၂၄ ရက်က လက်ပံတန်းဘူတာ မီးရထားဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ရထားသံလမ်းဘေးရပ်ကွက်များနေ ပြည်သူတို့အား လူနှင့်တိရစ္ဆာန် ရထားဖြင့် ကြိတ်တိုက်မှုခင်းနှင့် ရထားခဲပေါက်မှုခင်းများ လျော့နည်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောခြင်းနှင့် ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ဆောင်ရွက်စဉ်။**

(ရထားရဲတပ်ဖွဲ့)

# ဩစတြေးလျအိုးပင်း အကြိုဗိုလ်လုပွဲအဆင့်ထိ တက်ရောက်နိုင်မယ်လို့ မျှော်လင့်မထားခဲ့ကြောင်း ဖက်ဒရာ ဝန်ခံ



ဒဏ်ရာပြဿနာကြောင့် ခြောက်လခန့်အနားယူရာကနေ မကြာသေးခင်ကမှ ပြန်လည်ကစားနိုင်ခဲ့တဲ့ ဆွစ်ဇာလန်တင်းနစ်အကျော်အမော် ဖက်ဒရာက ဩစတြေးလျအိုးပင်းပြိုင်ပွဲမှာ အခုလို အကြိုဗိုလ်လုပွဲအဆင့်ထိတောင် တက်ရောက်နိုင်မယ်လို့ မျှော်လင့်မထားခဲ့ကြောင်း ဆိုပါတယ်။ ဩစတြေးလျအိုးပင်း ကွာတားဖိုင်နယ် အဆင့်မှာ ဖက်ဒရာက ဇာဗရက်ကို ၆-၁၊ ၇-၅၊ ၆-၂ နဲ့ အနိုင်ယူပြီး အကြိုဗိုလ်လုပွဲအဆင့်ကို တက်ရောက်လာနိုင်ခဲ့ပြီးနောက် အထက်ပါအတိုင်း ပြောကြားခဲ့တာဖြစ်ပါတယ်။ အကြိုဗိုလ်လုပွဲမှာတော့ ဖက်ဒရာဟာ တစ်နိုင်ငံတည်းသားစတန်းဝေါ်ရင်ကာနဲ့ တွေ့ဆုံ ယှဉ်ပြိုင်ရမှာဖြစ်ပါတယ်။

ဖက်ဒရာက ဂရင်းစလင်းဆုကို ၁၇ကြိမ်အထိ ရယူနိုင်ခဲ့တဲ့ ကစားသမားဖြစ်ပေမယ့် ဒူးဒဏ်ရာကြောင့် ခြောက်လခန့်အနားယူခဲ့ရပြီးနောက်မှာ ကမ္ဘာ့အဆင့်(၁၇)နေရာအထိ ကျဆင်းသွားခဲ့ရသူဖြစ်ပါတယ်။ သူဟာ ပြီးခဲ့နှစ် ဇူလိုင်လအတွင်း ကျင်းပခဲ့တဲ့ ဝင်ဘယ်လ်ဒန်အိုးပင်းပြိုင်ပွဲကို နောက်ဆုံးယှဉ်ပြိုင်နိုင်ခဲ့တာပါ။ ဝေါ်ရင်ကာကတော့ လက်ရှိ ကမ္ဘာ့အဆင့်(၄)နေရာမှာ ရပ်တည်နေတဲ့ ကစားသမားဖြစ်ပြီး ၂၀၁၆ ခုနှစ် ယူအက်စ်အိုးပင်းမှာလည်း ချန်ပီယံဖြစ်ခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် ဝေါ်ရင်ကာအနေနဲ့ ဂရင်းစလင်း ချန်ပီယံဆုကို နှစ်ကြိမ်ဆက်ဆွတ်ခူးနိုင်ဖို့ အခွင့်အရေး လက်တစ်ကမ်း အလိုကို ရောက်ရှိနေတာဖြစ်ပြီး ဒီလိုအခွင့်အရေးကို ရယူဖို့ဆိုရင် ဖက်ဒရာကို အရင်ဆုံး ကျော်ဖြတ်ဖို့ လိုပါတယ်။

ဒါပေမယ့် သူတို့နှစ်ဦး ထိပ်တိုက်တွေ့ဆုံမှုကို ပြန်ကြည့်ရင် ဖက်ဒရာက ဝေါ်ရင်ကာကို ၁၈ကြိမ် အနိုင်ရပြီး သုံးကြိမ်သာ ရှုံးနိမ့်ခဲ့တဲ့မှတ်တမ်းကောင်းတစ်ရပ်ကို ပိုင်ဆိုင်ထားပါတယ်။ သူတို့နှစ်ဦး နောက်ဆုံးတွေ့ဆုံခဲ့တဲ့ နှစ်ကြိမ်လုံးမှာလည်းပဲ ဖက်ဒရာကပဲ အနိုင်ယူထားနိုင်ပါတယ်။ တစ်ခုသတိပြုရမှာက ဖက်ဒရာက ဂရင်းစလင်း ချန်ပီယံဆုကို ၂၀၁၂ ဝင်ဘယ်လ်ဒန်ဖလားပြိုင်ပွဲမှာ နောက်ဆုံးဆွတ်ခူးနိုင်ခဲ့တယ်ဆိုတဲ့ အချက်ဖြစ်ပါတယ်။ ဝေါ်ရင်ကာရရှိခဲ့တဲ့ ဂရင်းစလင်းဖလား သုံးကြိမ်လုံးဟာ ဖက်ဒရာ ဂရင်းစလင်း ဆွတ်ခူးနိုင်ခြင်း မရှိတဲ့ ငါးနှစ်တာကာလအတွင်း ရယူနိုင်ခဲ့တာကလည်း တိုက်ဆိုင်မှုတစ်ရပ်လို့ ဆိုရမှာဖြစ်ပါတယ်။

ဒဏ်ရာပြဿနာကနေ လွန်မြောက်လာပြီး သိပ်မကြာခင်မှာ အခုလို ပြိုင်ပွဲကြီး ဝင်ရောက်ယှဉ်ပြိုင်တာက သူ့အတွက်စောလွန်းနေတယ်ဆိုတဲ့ မေးခွန်းကို အဖြေပေးဖို့စွမ်းအားရှိသလောက် အကောင်းဆုံးကြိုးစားသွားမယ်လို့ ဖက်ဒရာက ဆိုပါတယ်။ ဝေါ်ရင်ကာကတော့ ဖက်ဒရာဟာ တင်းနစ်လောကရဲ့ ထာဝရအကောင်းဆုံးကစားသမားဖြစ်ပြီး ဖက်ဒရာနဲ့ ရင်ဆိုင်တိုင်း အကောင်းဆုံးပွဲစဉ်တစ်ပွဲ ဖြစ်လာတတ်တယ်ဆိုတာ သေချာတယ်လို့ ပွဲကြို စကားပြောကြားလိုက်ပါတယ်။ **[မေလဲ့သင်း]**

| အမည် | အသက် | ထိပ်တိုက်တွေ့ဆုံအနိုင်ရမှု | ဂရင်းစလင်းဖလားရရှိမှု | ဆုတံဆိပ်ရရှိမှု |
|---|---|---|---|---|
| ဖက်ဒရာ | ၃၅ | ၁၈ | ၁၇ | ၈၈ |
| ဝေါ်ရင်ကာ | ၃၁ | ၃ | ၃ | ၁၅ |

# စီရိုနယ်လ်ဒို ကို ၂၀၁၉ ခုနှစ်အတွင်း တရုတ်စူပါလိဂ်သို့ ရောင်းချမည်



ရီးယဲလ်မက်ဒရစ်အသင်းဥက္ကဋ္ဌ ပီရက်ဇ်က ကလပ်အသင်းစူပါစတား စီရိုနယ်လ်ဒိုကို ခြေစွမ်းအကောင်းဆုံးအချိန်ဖြစ်သည့် ၂၀၁၉ ခုနှစ်အတွင်းမှာပင် တရုတ်စူပါလိဂ်သို့ ရောင်းချရန် ပြင်ဆင်နေပြီဖြစ်ကြောင်း စပိန်နိုင်ငံထုတ် ဒွန်ဘလွန်းစာစောင်၏ ဖော်ပြချက်အရ သိရသည်။

ပီရက်ဇ်က စီရိုနယ်လ်ဒိုကို နောက်နှစ်နှစ်ခန့်ဆက်ရှိရန် စဉ်းစားထားသော်လည်း ၂၀၁၈ ခုနှစ် နွေစျေးကွက်အတွင်းမှာပင် ထုတ်ရောင်းသင့်သည်ဆိုသော အကြံပြုချက်များလည်း ရှိနေသည်။ ပီရက်ဇ်က စီရိုနယ်လ်ဒိုအတွက် ကုန်ကျခဲ့သည့် ပြောင်းရွှေ့ကြေး ပေါင်သန်း ၈၀ ကို ပြန်လည်ရရှိရန် အကောင်းဆုံးခြေစွမ်းထိန်းသိမ်းနိုင်ဆဲ ကာလမှာပင် ထုတ်ရောင်းရန် ဆန္ဒရှိနေခြင်းဖြစ်သည်။

တရုတ်ပရိသတ်များကရွေးချယ်သည့် အမ်ဗီပီ ဆုကို စီရိုနယ်လ်ဒို ဆွတ်ခူးနိုင်ခဲ့ပြီးနောက် နာရီပိုင်းအတွင်းမှာပင် ငြိမ်သက်နေသည့် စီရိုနယ်လ်ဒိုနှင့် တရုတ်စူပါလိဂ်အရောင်းအဝယ်ကိစ္စ တစ်ကျော့ပြန် သတင်းထွက်လာခြင်းဖြစ်သည်။ စူပါလိဂ်ကလပ်အသင်းများသည်လည်း အမ်ဗီပီဆုကို ဆွတ်ခူးနိုင်သည့် စီရိုနယ်လ်ဒိုလို ထိပ်တန်းကစားသမားကို ခေါ်ယူပေးမှသာ စူပါလိဂ်၏ အရှိန်ပိုမိုအားကောင်းလာအောင် အထောက်အပံ့ပြုနိုင်မည်ဟု ယုံကြည်ထားသည်။ စီရိုနယ်လ်ဒိုသည် ယခုနှစ်ဘောလုံးရာသီတွင် ရီးယဲလ်အတွက် ၂၂ပွဲ ဝင်ရောက်ကစားခဲ့ပြီး ၁၈ ဂိုးသွင်းယူထားနိုင်သူဖြစ်သလို ၃၇၀ ပွဲတွင် သွင်းဂိုး ၃၈၂ ဂိုးအထိ သွင်းယူထားသည့် ရီးယဲလ်အသင်း၏ ထာဝရအများဆုံး ဂိုးသွင်းရှင်လည်းဖြစ်သည်။

အာဂျင်တီးနားတိုက်စစ်မှူး ကားလို့စ်တီဗက်ဇ်သည် မကြာသေးမီက တရုတ်စူပါလိဂ် ရှန်ဟိုင်း ရှန်ဟွာ အသင်းသို့ ပြောင်းရွှေ့သွားပြီးနောက် ကမ္ဘာ့လုပ်ခလစာ အများဆုံးရသည့် ကစားသမားတစ်ဦးဖြစ်လာခဲ့ရာ အကယ်၍ စီရိုနယ်လ်ဒိုသာ စူပါလိဂ်သို့ ပြောင်းရွှေ့မည်ဆိုပါက တီဗက်ဇ်ရရှိသော တစ်ပတ်လုပ်ခပေါင် ၆၁၅၀၀၀ ထက် နှစ်ဆရရှိမည်ဖြစ်ကြောင်းလည်း အဆိုပါသတင်းရင်းမြစ်ကပင် ဆက်လက်ဖော်ပြသည်။

စူပါလိဂ် အသင်းများအနေဖြင့် စီရိုနယ်လ်ဒိုကို ခေါ်ယူရန် ကမ္ဘာ့လုပ်ခလစာ အများဆုံးနှုန်းထားအပြင် ပြီးခဲ့သည့်နွေစျေးကွက်က မန်ယူ ပေါ့ဘာအတွက်အသုံးပြုခဲ့ရသည့် ကမ္ဘာ့စံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်၈၉သန်း၏ သုံးဆကိုပါ ပေးချေရဦးမည်ဖြစ်ကြောင်းလည်း သိရသည်။

သို့သော် စီရိုနယ်လ်ဒို၏ အေးဂျင့်ဖြစ်သူ ဂျော့ဂျ်မန်းဒက်ဇ်ကမူ ရီးယဲလ်တွင်သာ စီရိုနယ်လ်ဒို ဆက်ရှိမည်ဖြစ်ကြောင်း ပြောကြားခဲ့သော်လည်း စီရိုနယ်လ်ဒိုအတွက် တစ်နှစ်လုပ်ခယူရို သန်း ၁၀၀ ကျော်နှင့် ပြောင်းရွှေ့ကြေးယူရို သန်း ၃၀၀ဖြင့် ကမ်းလှမ်းခဲ့သည် ဆိုသည်ကိုမူ အတည်ပြုခဲ့သည်။

မေလဲ့သင်း - ရေးသားသည်



## အိုးထရက်ဖို့ဒ်ကွင်းအား အဆင့်မြှင့်တင်မည်ဖြစ်၍ ဥရောပတွင် ဒုတိယအကြီးဆုံးကလပ်ပိုင်ကွင်းဖြစ်လာမည်

မန်ယူအသင်းသည် ၎င်းတို့၏ အိမ်ကွင်းအဖြစ်အသုံးပြုလျက်ရှိသည့် အိုးထရက်ဖို့ဒ်ကွင်းအား လက်ရှိ ပရိသတ် ၇၅၆၄၃ ဦးဝင်ဆံ့နေရာမှ နောက်ထပ် ပရိသတ် ၁၂၀၀၀ ကျော် ထပ်တိုးကာ ပရိသတ်ဝင်ဆံ့မှု ၈၈၀၀၀ အထိ ဖြစ်လာရေး စီစဉ်ဆောင်ရွက်လျက်ရှိခြင်းကြောင့် အိုးထရက်ဖို့ဒ်ကွင်းသည် ဥရောပတွင် ဒုတိယအကြီးဆုံး ကလပ်ပိုင်ကွင်းဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ဥရောပ၏ ပရိသတ်ဝင်ဆံ့နိုင်မှုအများဆုံးဘောလုံးကွင်းများမှာ ဘာစီလိုနာမြို့ရှိ ဘာစီလိုနာ အသင်းပိုင် နူးကမ့်ကွင်းသည် ပရိသတ်ဝင်ဆံ့မှု ၉၉၃၅၄၊ လန်ဒန်မြို့ရှိ အင်္ဂလန်ဘောလုံးအဖွဲ့ချုပ်ပိုင် ဝင်ဘလေကွင်းသည် ပရိသတ်ဝင်ဆံ့မှု ၉၀၀၀၀၊ မက်ဒရစ်မြို့ရှိ ရီးယဲလ်မက်ဒရစ်အသင်းပိုင် ဆန်တီယေဂိုဘာနေဗျူးကွင်း သည် ပရိသတ်ဝင်ဆံ့မှု ၈၅၄၅၄၊ ဒေါ့မွန်မြို့ရှိ ဒေါ့မွန်အသင်းပိုင် ဆစ်ဂ်နယ်အီဒူနာပက်ခ်ကွင်းသည် ပရိသတ်ဝင်ဆံ့မှု ၈၁၃၅၉၊ မီလန်မြို့ရှိ အေစီမီလန်နှင့်အင်တာမီလန် အသင်းပိုင် ဆန်စီရိုကွင်းသည် ပရိသတ်ဝင်ဆံ့မှု ၈၀၀၁၈ ဖြစ်သည်။

ထို့ကြောင့် မန်ယူအသင်း၏ အိုးထရက်ဖို့ဒ်ကွင်းမှာ ပရိသတ်ဝင်ဆံ့မှု ၈၈၀၀၀ အထိဖြစ်လာရေး မျှော်မှန်း ထားခဲ့ခြင်းကြောင့် ဥရောပ၏ ကလပ်အသင်းအဆင့်တွင် ဘာစီလိုနာအသင်း၏ နူးကမ့်ကွင်းနောက်တွင် မန်ယူအသင်း ၏ အိုးထရက်ဖို့ဒ်ကွင်းက ဥရောပတွင် ဒုတိယအကြီးဆုံးကလပ်ပိုင်ကွင်းဖြစ်လာမည်ဖြစ်ကြောင်းလည်းသိရသည်။ **(ငွေကြယ်)**



## တောင်ပံကစားသမား ကော်တင်ဟို လီဗာပူးအသင်းနှင့် ကာလရှည်စာချုပ်သစ်ချုပ်မည်

လီဗာပူးအသင်း၏ တောင်ပံကစားသမား ကော်တင်ဟိုသည် အန်ဖီးလ်၌ ဆက်ရှိနေမည့် ကာလရှည်စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုသွားမည်ဖြစ်ကြောင်း သိရသည်။ ဘရာဇီးကြယ်ပွင့်ကစားသမား ကော်တင်ဟိုသည် နည်းပြ ဂျာဂန်ကလော့၏ လီဗာပူးအသင်းအတွက် အဓိကကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၂ ခုနှစ်အထိ ဆက်ရှိမည့် စာချုပ်တစ်ရပ်ချုပ်ဆိုရန် ရှိနေကြောင်း သိရသည်။

ကော်တင်ဟိုသည် လွန်ခဲ့သည့်လေးနှစ်က အင်တာမီလန်အသင်းမှ လီဗာပူးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး စွမ်းဆောင်ရည်ကောင်းမှုကြောင့် ဥရောပရှိကလပ်အသင်းအတော်များများ၏ စိတ်ဝင်စားမှုကိုလည်း ခံထားရသူဖြစ်သည်။ သို့ရာတွင် ကော်တင်ဟိုသည် လီဗာပူးအသင်းတွင် မိသားစုနှင့်အတူ ရှိနေခြင်းနှင့် နည်းပြ ဂျာဂန် ကလော့နှင့်လည်း ဆက်ဆံရေးကောင်းမွန်ကာ အခြေကျနေပြီဖြစ်ခြင်းကြောင့် မည်သည့်အသင်းကိုမျှ ပြောင်းရွှေ့မည်မဟုတ်ကြောင်း ပြောကြားထားသည်။

လီဗာပူးအသင်းအနေဖြင့်လည်း ယခုဇန်နဝါရီအပြောင်းအရွှေ့ကာလအတွင်း မည်သည့်ကစားသမားအသစ်ကိုမှ ခေါ်ယူမည်မဟုတ်ကြောင်းပြောကြားထားသည်။ သို့ရာတွင် စာချုပ်သက်တမ်းနှစ်နှစ်စီကျန်ရှိနေသေးသည့် လယ်လာနာနှင့် ဒီဂျန်လော့ဗ်ရန်တို့ကိုလည်း စာချုပ်သစ်ချုပ်ဆိုရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။ **(ငွေကြယ်)**

## နိုင်ငံ ၁၇၀ တွင် တိုက်ရိုက်ထုတ်လွှင့်ပြသမည့် မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲ ယနေ့စတင်ကျင်းပမည်

**ရန်ကုန် ဇန်နဝါရီ ၂၅။** ။2017Leopalace 21မြန်မာအိုးပင်း ဂေါက်သီးရိုက်ပြိုင်ပွဲကို ဇန်နဝါရီ ၂၆ ရက်( ယနေ့)မှ ၂၉ ရက်အထိ ပန်းလှိုင်ဂေါက်ကွင်း၌ ကျင်းပမည်ဖြစ်ရာ နိုင်ငံပေါင်း ၁၇၀တွင် ရုပ်သံမှ တိုက်ရိုက်ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါပြိုင်ပွဲတွင် လက်ရှိ ချန်ပီယံ ရှောင်နောရစ်အပါအဝင် အာရှ၊ ဥရောပနှင့် အခြားနိုင်ငံ ၂၄နိုင်ငံမှ ကစားသမား ၁၆၀ဦး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ပြီး မြန်မာကစားသမား ၁၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရထားသည်။

မြန်မာ ပရော်ဖက်ရှင်နယ်ကစားသမားများဖြစ်သည့် မင်းနိုင်၊ ရဲထက်အောင်၊ နိုင်နိုင်လင်း၊ ရန်မျိုးအေး၊မျိုးဝင်းအောင်၊ ဇော်ဇော်လတ်၊သိန်းဇော်မြင့်၊ ဘိုဘို၊ သိန်းနိုင်စိုးနှင့် အောင်ဝင်း အပျော်တမ်းကစားသမားများဖြစ်သည့် ဟိန်းစည်းသူ၊ ကျော်သက်ဦး၊ မောင်မဲနှင့် စည်သူရဲရင့်တို့ ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မြန်မာပရိသတ်များ အခမဲ့ လာရောက်ကြည့်ရှုအားပေးနိုင်ပြီး ကံစမ်းမဲအစီအစဉ်များလည်း ထည့်သွင်းထားကြောင်း သတင်းစာရှင်းလင်းပွဲတွင် ထည့်သွင်းပြောကြားချက်အရ သိရသည်။ **(ရဲရင့်ရှိုင်း)**

# ယခုနှစ်အတွက် အော်စကာဆန်ခါတင်စာရင်းမှာ ဦးဆောင်နေတဲ့ La La Land

ယခုနှစ်အတွက် ကျင်းပသွားမယ့် ဟောလိဝုဒ်ရဲ့ အထင်ကရရုပ်ရှင်ထူးချွန်ဆုပေးပွဲတစ်ပွဲဖြစ်တဲ့ အော်စကာဆုပေးပွဲကြီးအတွက် ဆန်ခါတင်ဆုစာရင်းကို ထုတ်ပြန်ခဲ့ရာမှာတော့ ဟောလိဝုဒ်ရဲ့ အောင်မြင်ခဲ့တဲ့ ရုပ်ရှင်တစ်ခုဖြစ်တဲ့ La La Land ဟာ ဆန်ခါတင်စာရင်းမှာ ဆုအများဆုံးနဲ့ အမည်စာရင်းတင်သွင်းခြင်းခံထားရကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။




ဟောလိဝုဒ်အကျော်အမော်တွေဖြစ်ကြတဲ့ မင်းသားရိုင်ယန်ဂေါ့စ်လင်းနဲ့ မင်းသမီး အမ်မာစတုန်းတို့ ခေါင်းဆောင်ပါဝင်ထားတဲ့ အဆိုပါတေးဂီတရုပ်ရှင် La La Land ဟာ ယခုနှစ် အော်စကာဆန်ခါတင်စာရင်းမှာ ဆုပေါင်း ၁၄ဆုအတွက် အမည်စာရင်းလျာထားဖော်ပြခြင်းခံထားရတာဖြစ်ပြီး ယခုနှစ်ဆန်ခါတင်စာရင်းမှာ ဆုနေရာအများဆုံးကို ပိုင်ဆိုင်ထားနိုင်ခဲ့တဲ့ ရုပ်ရှင်ဖြစ်ပါတယ်။ ဒီလို ဆုပေါင်း ၁၄ဆုအတွက် လျာထားခံထားရခြင်းဟာ အော်စကာသမိုင်း တစ်လျှောက် ဆုအများဆုံးလျာထားခံခဲ့ရတဲ့ ရုပ်ရှင်တွေဖြစ်ကြတဲ့ ၁၉၉၇ ခုနှစ်က ရုပ်ရှင် "Titanic" နဲ့ ၁၉၅၀ ခုနှစ်ကရုပ်ရှင် "All About Eve"တို့ရဲ့ ဆန်ခါတင်ဆုအရေအတွက်နဲ့ တူညီခဲ့ကာ ဆုအများဆုံးလျာထားခံခဲ့ရတဲ့ ရုပ်ရှင်တစ်ကားအဖြစ် စံချိန်တင်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နှစ်နှစ်တာကာလအတွင်း အော်စကာဆုဟာ လူမျိုးရေးခွဲခြားမှုတွေရှိနေတယ်လို့ ဝေဖန်မှုတွေခံခဲ့ရပေမယ့် ယခုနှစ်မှာတော့ အဆိုပါဝေဖန်သံတွေကို အဆုံးသတ်နိုင်ခဲ့ပြီဖြစ်ပါတယ်။ ယခုနှစ်ဆန်ခါတင်စာရင်းကို ထုတ်ပြန်ခဲ့ရာမှာတော့ အာဖရိကန်- အမေရိကန်လူမျိုး သရုပ်ဆောင်တွေလည်း အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။ ယခုနှစ်အတွက် ဆန်ခါတင်စာရင်းမှာတော့ သရုပ်ဆောင်ထူးချွန်ဆုအတွက် လျာထားခံကြရတဲ့ အနုပညာရှင် ၂၀ဦးအနက် အာဖရိကန်-အမေရိကန်လူမျိုးသရုပ်ဆောင် ခြောက်ဦးလည်း ပါဝင်တာ တွေ့ရပါတယ်။

ယခုနှစ်မှာ ကျင်းပမယ့် အော်စကာဆုပေးပွဲကြီးဟာ (၈၉)ကြိမ်မြောက်ဆုပေးပွဲ ဖြစ်လာမှာဖြစ်ပြီး လာမယ့် ဖေဖော်ဝါရီ ၂၆ ရက်မှာ ကျင်းပသွားမှာဖြစ်ကာ သရုပ်ဆောင်တစ်ဦးဖြစ်သူ ဂျင်မီကမ်မဲလ်က အခမ်းအနားမှူးအဖြစ် ဆောင်ရွက်သွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

*အေးပြည့် - စုစည်းရေးသားသည်*






# မင်္ဂလာနှစ်ပတ်လည်နေ့တိုင်း စုံတွဲဓာတ်ပုံ ရိုက်ဖြစ်တယ်လို့ ဆိုလာတဲ့ လီဟိုရီ

တချိန်က တောင်ကိုရီးယားရဲ့ အကျော်ကြားဆုံးသောတေးသံရှင်လို့ တောင်ဆိုနိုင်တဲ့ လီဟိုရီက မကြာသေးမီက ပြုလုပ်ခဲ့တဲ့ ရုပ်သံအစီအစဉ်တစ်ခုမှာတော့ သူနဲ့ ခင်ပွန်းဖြစ်သူတို့ဟာ သူတို့ရဲ့ မင်္ဂလာနှစ်ပတ်လည်နေ့ကိုရောက်တိုင်း စုံတွဲဓာတ်ပုံကို အတူရိုက်ကူးဖြစ်တယ်လို့ ဖွင့်ဟခဲ့ပါတယ်။ ဒီလိုဓာတ်ပုံရိုက်ရာမှာလည်း မင်္ဂလာပွဲတုန်းက ဝတ်ဆင်ခဲ့တဲ့ သတို့သား၊ သတို့သမီးဝတ်စုံကို ဝတ်ဆင်ကာ နေရာတစ်နေရာတည်းမှာပဲ နှစ်စဉ်နှစ်တိုင်းရိုက်ကူးခဲ့တာဖြစ်ကြောင်း လီဟိုရီက ပြောကြားခဲ့ပါတယ်။

ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၄ ရက်က ထုတ်လွှင့်ခဲ့တဲ့ ရုပ်သံအစီအစဉ်မှာ လီဟိုရီက သူနဲ့ ခင်ပွန်းဖြစ်သူ လီစန်းဆွန်းတို့ဟာ နှစ်စဉ်နှစ်တိုင်း မင်္ဂလာနှစ်ပတ်လည်နေ့ အထိမ်းအမှတ်ပွဲလေး ကျင်းပလေ့ရှိပြီး အမှတ်တရအနေနဲ့ မင်္ဂလာဓာတ်ပုံကို မင်္ဂလာဆောင်စဉ်ကအတိုင်းဝတ်ဆင်ရိုက်ကူးခဲ့တာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်ပါတယ်။ အဆိုပါ ဓာတ်ပုံတွေမှာ နောက်ခံနေရာနဲ့ အပြင်အဆင်တွေတူညီရုံသာမက ပျော်ရွှင်နေကြတဲ့ မောင်နှံနှစ်ဦးရဲ့ တူညီတဲ့ အပြုံးတွေကိုလည်း တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။

လီဟိုရီနဲ့ လီစန်းဆွန်းတို့ဟာ ပြီးခဲ့တဲ့ ၂၀၁၃ခုနှစ်အတွင်း လက်ထပ်ခဲ့ကြတာဖြစ်ပြီး သူတို့နှစ်ဦးရဲ့ မင်္ဂလာအခမ်းအနားကိုတော့ တောင်ကိုရီးယားနိုင်ငံ ဂျယ်ဂျူကျွန်းမှာ ကျင်းပခဲ့ကြတာဖြစ်ကြောင်းလည်း သိရပါတယ်။

# ဘာလီမှာ ရောက်ရှိနေကြတဲ့ ရိန်းနဲ့ ကမ်တေဟီး




ပြီးခဲ့တဲ့ ဇန်နဝါရီ ၁၉ ရက်က တရားဝင်လက်ထပ်ခဲ့ကြတဲ့ တောင်ကိုရီးယားကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ရိန်းနဲ့ ကမ်တေဟီးတို့ဟာ လတ်တလောမှာတော့ ဘာလီကျွန်းကို ရောက်ရှိနေကြောင်း ဟန်စင်းနီးမားဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

ပူပူနွေးနွေးဇနီးမောင်နှံနှစ်ဦးဟာ ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၄ ရက်က တောင်ကိုရီးယားနိုင်ငံ အင်ချွန်းလေဆိပ်က ထွက်ခွာခဲ့ကြပြီး အင်ဒိုနီးရှားနိုင်ငံမှာရှိတဲ့ ဘာလီကျွန်းကို ဟန်းနီးမွန်းခရီးထွက်လာခဲ့ကြတာ ဖြစ်ပါတယ်။ ဘာလီလေဆိပ်ကို ရောက်ရှိလာခဲ့တဲ့ သူတို့နှစ်ဦးရဲ့ ပုံရိပ်တွေဟာ အွန်လိုင်းမီဒီယာတွေပေါ်မှာ ပျံ့နှံ့ ခဲ့ပါတယ်။

အင်ချွန်းလေဆိပ်ကနေထွက်ခွာလာခဲ့ပြီးနောက် ခုနစ်နာရီခန့်အကြာမှာ ဘာလီလေဆိပ်သို့ ရောက်ရှိလာခဲ့တဲ့ ရိန်းနဲ့ ကမ်တေဟီးတို့ကို ပရိသတ်တွေက စောင့်ကြိုနှုတ်ဆက်ခဲ့ပါတယ်။ ပရိသတ်တွေက ကမ်တေဟီးကို ပန်းရောင်နှင်းဆီပန်းတွေ လက်ဆောင်ပေးခဲ့ပြီး ကြယ်ပွင့်မောင်နှံနှစ်ဦးကလည်း ပရိသတ်တွေကို အသိအမှတ်ပြုကာ ပြန်လည်နှုတ်ဆက်ခဲ့ပြီးနောက် လေဆိပ်ထဲမှ ထွက်ခွာသွားခဲ့ကြောင်း သိရပါတယ်။



# လာမယ့်လအတွင်း စစ်မှုထမ်းရတော့မယ့် T.O.P

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BIGBANG"မှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ T.O.P ဟာ လာမယ့်ဖေဖော်ဝါရီလအစပိုင်းမှာ စစ်မှုထမ်းရတော့မှာဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

"BIGBANG"မှာ အသက်အရွယ်အားဖြင့် အကြီးဆုံးဖြစ်တဲ့ အားလျော်စွာ T.O.P ဟာ အဆိုပါတေးဂီတအဖွဲ့ဝင်တွေအနက် ပထမဦးဆုံး စစ်မှုထမ်းရသူလည်းဖြစ်ပြီး လတ်တလောအချိန်မှစပြီး သတင်းပတ်နှစ်ပတ်အကြာမှာ စတင်စစ်မှုထမ်းရတော့မှာဖြစ်ကြောင်း ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၄ ရက်က တရားဝင်ထုတ်ဖော် ပြောကြားခဲ့တာဖြစ်ပါတယ်။ T.O.P ဟာ စစ်မှုထမ်းကာလမတိုင်မီ လေ့ကျင့်ရေးစခန်းတစ်ခုမှာ သီတင်းပတ်ခြောက်ပတ်ကြာ တက်ရောက်ဖို့အတွက် ပြီးခဲ့တဲ့ ဇန်နဝါရီ ၉ ရက်က အဆိုပါလေ့ကျင့်ရေးစခန်းသို့ သွားရောက်ခဲ့ ပြီးဖြစ်ကာ အဲဒီနောက်မှာတော့ သူ့ရဲ့စစ်မှုထမ်းကာလတွေကို စတင်တော့ မှာဖြစ်ကြောင်းလည်း သိရပါတယ်။

စစ်မှုထမ်းကာလအတွင်း အနုပညာလှုပ်ရှားမှုတွေကနေ အနားယူထားမှာဖြစ်တဲ့ T.O.P ဟာ သူ့ရဲ့ပရိသတ်တွေနဲ့ ခေတ္တခွဲခွာနေရမှာဖြစ်တဲ့အတွက် မကြာသေးမီက ဟောင်ကောင်မှာ ကျင်းပခဲ့တဲ့ အဖွဲ့ရဲ့ ဖျော်ဖြေရေးခရီးစဉ်အတွင်းမှာ ပရိသတ်တွေကို နောက်ဆုံးအနေနဲ့ နှုတ်ဆက်စကားဆိုခဲ့ပါတယ်။ ဒ့ါအပြင် အဆိုပါပွဲက ပုံရိပ်တွေကို သူရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ် အထိယူဆောင်လာခဲ့ပြီး ကမ္ဘာတစ်ဝန်းမှာရှိကြတဲ့ သူ့ရဲ့ပရိသတ်တွေကိုလည်း အွန်လိုင်းမီဒီယာကနေတစ်ဆင့် နှုတ်ဆက်ခဲ့ပါတယ်။

# ဖခင်ဖြစ်သူမှာ အသတ်ခံရခြင်းဖြစ်ကြောင်း ပဲရစ်ဂျက်ဆင်ယုံကြည်နေ




ပေါ့ပ်တေးဂီတရဲ့ ဖခင်ကြီးလို့ ခေါ်ဆိုကြတဲ့ တေးသံရှင် မိုက်ကယ်ဂျက်ဆင်ရဲ့ သေဆုံးမှုနဲ့ပတ်သက်ပြီး သမီးဖြစ်သူ ပဲရစ်ဂျက်ဆင်က သူ့အနေနဲ့ ဖခင်ရဲ့ သေဆုံးမှုဟာ မိသားစုဆရာဝန်ရဲ့ အသတ်ခံခဲ့ရတာဖြစ်တယ်လို့ ယုံကြည်နေကြောင်း ရိုးလင်းစတုန်းမဂ္ဂဇင်းကြီးကို ဖွင့်ဟခဲ့တယ်လို့ အေ့ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ဖော်ပြချက်တွေအရ သိရပါတယ်။

လတ်တလောမှာ အသက် (၁၈)နှစ်ရှိပြီဖြစ်တဲ့ မော်ဒယ်လ်တစ်ဦးဖြစ်သူ ပဲရစ်ဂျက်ဆင်က မိုက်ကယ်ဂျက်ဆင်ရဲ့ မိသားစုဆရာဝန်ဖြစ်တဲ့ ဒေါက်တာကွန်ရက်မာရီဟာ အဓမ္မလူသတ်မှုအတွက် ပစ်ဒဏ်ကျခံသင့်ကြောင်း ဆိုပါတယ်။ မိုက်ကယ်ဂျက်ဆင်ရဲ့ မူးယစ်ဆေးဝါးတွေအပေါ် မှီခိုနေရမှုဟာ ဒေါက်တာကွန်ရက်မာရီမှာ တာဝန်ရှိနေတာဖြစ်တာကြောင့် ဆေးသုံးစွဲခွင့်ပြုထားတဲ့ ဆရာဝန်ကသာ သူ့ရဲ့ဖခင်သေဆုံးမှုကို ဖြစ်စေခဲ့တဲ့သူဖြစ်ကြောင်း ပဲရစ်ဂျက်ဆင်က ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဆက်လက်ပြီး ပဲရစ်ဂျက်ဆင်က သူ့ရဲ့ဖခင်သေဆုံးခဲ့တဲ့ အချိန်ကာလတုန်းက ဖခင်ကို သေစေချင်နေတဲ့သူတွေ အများအပြားရှိခဲ့ကြောင်း၊ ဖခင်သေဆုံးမှုအတွက် လက်တုံ့ပြန်သွားမှာဖြစ်ကြောင်းနဲ့ လက်တုံ့မပြန်နိုင်ရင်တောင် အနည်းဆုံးအနေနဲ့ တရားမျှတမှုကို ရှာဖွေသွားမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

လတ်တလောအချိန်မှာ ဖခင်သေဆုံးခဲ့တာ ရှစ်နှစ်ခန့်ကြာမြင့်ခဲ့ပြီဖြစ်တဲ့အတွက် အချိန်တွေက အရာရာကိုကုစားပေးနိုင်တယ်လို့ ဆိုကြပေမယ့် ပဲရစ်ဂျက်ဆင်အတွက်တော့ ထိုစကားဟာ မမှန်ကန်ခဲ့ကြောင်းနဲ့ ဖခင်ကိုဆုံးရှုံးခဲ့ရတာဟာ သူ့ဘဝအတွက် အရေးပါဆုံးသော အရာတစ်ခုကို ဆုံးရှုံးခဲ့ရခြင်းဖြစ်ကြောင်းလည်း ပဲရစ်ဂျက်ဆင်က ဆိုပါတယ်။ ဒ့ါအပြင် ဖခင်သေဆုံးသွားတဲ့နောက် သူဟာ ကိုယ့်ကိုယ်ကို သတ်သေဖို့လည်း အကြိမ်ကြိမ်ကြိုးပမ်းခဲ့ဖူးကြောင်းနဲ့ ဖခင်ဟာ သူ့ရဲ့အိပ်မက်တွေထဲကို မကြာခဏရောက်လာတတ်ပြီး အမြဲတမ်း သူနဲ့အတူရှိနေသကဲ့သို့ ခံစားရကြောင်းလည်း အဆိုပါမဂ္ဂဇင်းကြီးကို ဖွင့်ဟခဲ့ကြောင်း သိရပါတယ်။

## မင်းကင်းမြို့မဈေးအတွင်း မှိုဆိပ်ပါဝင်သော စားသောက်ကုန်များ စစ်ဆေး



**မင်းကင်း ဇန်နဝါရီ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့ မြို့မဈေးအတွင်းရောင်းချလျက်ရှိသည့် စားသောက်ကုန်များတွင် မှိုဆိပ်ပါဝင်သည့် ဟင်းခတ်အမွှေးအကြိုင်နှင့် ငရုတ်သီးမှုန့်များ ရောင်းချခြင်းမရှိစေရန် ဇန်နဝါရီ ၂၀ ရက် နံနက် ၉ နာရီက စစ်ဆေးခဲ့သည်။

ယင်းအပြင် ကျန်းမာရေးနှင့်မညီညွတ်သော ကုန်အမှတ်တံဆိပ်များကိုလည်း လုံးဝရောင်းချခြင်းမျိုးမဖြစ်စေရန်အတွက် လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ပြီး စားသောက်ကုန်သွားရောက်စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးဌေးဝင်းတို့က စစ်ဆေးခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

**ချင်းတွင်းသား**

## ဝန်ထမ်းများ လုပ်ငန်းကျွမ်းကျင်မှုမြင့်မားရေး ဆင့်ပွားသင်တန်းဖွင့်လှစ်



**ကော့ကရိတ် ဇန်နဝါရီ ၂၅**
ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ကော့ကရိတ်ခရိုင်ရုံးတွင်ပြုလုပ်သော လုပ်ငန်းကျွမ်းကျင်မှုမြင့်မားရေးဆင့်ပွားသင်တန်းကို ဇန်နဝါရီ ၂၃ ရက် နံနက် ၉နာရီက ပြုလုပ်ခဲ့သည်။

သင်တန်းကို ခရိုင်ဦးစီးအရာရှိ ဒေါ်ခင်မြအေးက သင်တန်းဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ ဝန်ထမ်းများ မိမိလုပ်ငန်းတာဝန်များကို ကျွမ်းကျင်စွာဆောင်ရွက်နိုင်ရန် သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါသင်တန်းတွင် ကော့ကရိတ်မြို့နယ်၊ ကြာအင်းဆိပ်ကြီးမြို့နယ်၊ ကျိုက်ဒုံမြို့၊ ဘုရားသုံးဆူမြို့ရှိ ဝန်ထမ်း ၁၃ ဦး တက်ရောက်ခဲ့ပြီး သင်တန်းအားဇန်နဝါရီ ၂၃ ရက်မှ ၂၈ ရက်အထိ ခြောက်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ရာ သင်တန်းနည်းပြများအဖြစ် မြို့နယ်ဦးစီးမှူးတို့မှ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**မိုင်းယောင်း ဇန်နဝါရီ ၂၅**
ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်ရေးအဖွဲ့ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးစိုင်းထွန်းအောင်သည် ဇန်နဝါရီ ၂၂ ရက်က မြို့နယ်အဆင့်တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းနိုင်အောင်နှင့်အတူ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအား ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း ပြည်နယ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် မိုင်းယောင်း-မိုင်းဖြတ်လမ်းလုပ်ငန်းနှင့် တံတားလုပ်ငန်းများဆောင်ရွက်နေမှုအား စိစစ်ရေးကော်မတီအတွင်းရေးမှူး ဦးစောကျော်သူဝင်း၊ အဖွဲ့ဝင်ဦးစိုင်းဟိန်းလွမ်းမိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ လမ်းနှင့်တံတားများ သတ်မှတ်စံချိန်စံညွှန်းကိုက်ညီစေရေးနှင့် အရည်အသွေးပြည့်မီစေရေးအတွက် ကွင်းဆင်းစစ်ဆေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ပုလောမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကျင်းပ

**ပုလော ဇန်နဝါရီ ၂၅**
တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပုလောမြို့နယ်စာဖတ်ရှိန်မြှင့်တင်ရေး မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် ဇန်နဝါရီ ၂၂ ရက် နံနက် ၈ နာရီက ပြုလုပ်ခဲ့ရာ အခြေခံပညာကျောင်းများမှ ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ မွန်းလွဲ ၁ နာရီတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပခဲ့ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးမော်က ပြိုင်ပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် မြို့နယ်ပညာရေးမှူး ဒေါ်လှလှအေးက ပြိုင်ပွဲများဝင်ရောက်ယှဉ်ပြိုင်ရခြင်း၏ အကျိုးကျေးဇူးကိုပြောကြားပြီး အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲ၊ အလယ်တန်း၊ အထက်တန်းအဆင့် ကျပန်းစကားပြောပြိုင်ပွဲနှင့် မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသော ကျောင်းသား၊ ကျောင်းသူများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဆုများအသီးသီးချီးမြှင့်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပုလောမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသော စာဖတ်ရှိန်မြှင့်တင်ရေးတွင် ပုလော၊ ပလောက်မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်း ၃၀ ကျောင်းမှ ကျောင်းသား၊ ကျောင်းသူ ၉၁ ဦး ဝင်ရောက်ပါဝင်ယှဉ်ပြိုင်ခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## တံတားဦးမြို့နယ် သပြေကန်ရွာတွင် ရိုးရာဖျင်ကြမ်းတဘက် ရက်လုပ်ခြင်းလုပ်ငန်းဖြင့် ပုံမှန်ဝင်ငွေရ

**တံတားဦး ဇန်နဝါရီ ၂၅**
မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် သပြေကန်ရွာမှာ အိမ်ခြေလေးရာကျော်ရှိပြီး လက်မှုလုပ်ငန်းများဖြင့် ပုံမှန်ဝင်ငွေရရှိအောင်လုပ်ဆောင်နေသော ကျေးရွာပင်ဖြစ်သည်။ လက်မှုလုပ်ငန်းများတွင် ကိုယ်တိုင်ဝါစိုက်ပျိုးကာစိုက်ခင်းမှထွက်သော ဝါများဖြင့် ကိုယ်တိုင်လက်ငင်ချည်များပြုလုပ်ကာ ဆေးဆိုးပြီး ရိုးရာဖျင်ကြမ်းတဘက်ရက်လုပ်ကာ ပုံမှန်ဝင်ငွေရရှိအောင် ဆောင်ရွက်ကြသည်။



သပြေကန်ရွာတွင် ဝါကို ကဆုန်လတွင်စိုက်ပျိုးကာ ဝါကောက်ခြင်းကို တော်သလင်းလတွင်ပြုလုပ်ကြရသည်။ ရရှိလာသောဝါများကို ရိုးရာဝါကြိတ်စက်ဖြင့်ကြိတ်ကာ ဝါစေ့နှင့် ဝါဂွမ်းကွဲသွားအောင်ပြုလုပ်ကြရသည်။ ရရှိလာသော ဝါဂွမ်းများကို ဝါဖက်စက်ဖြင့် ညက်နေအောင်ဝါဖက်ခြင်းကိုပြုလုပ်ရသည်။ ဝါဖက်ပြီးသည်နှင့် ဘိုင်းတောင့်ပြုလုပ်ကာ ချည်ရရှိအောင် ရစ်ခုံဖြင့် ချည်ငင်ပေးကြရသည်။ ချည်ခင်ဖြစ်သွားပါက ချည်ခင်ဆေးဆိုးခြင်းလုပ်ငန်းများလုပ်ကိုင်ကာ ကိုယ်ပိုင်လက်ရက်ကန်းစင်ကလေးများဖြင့် ဖျင်ကြမ်းတဘက်များကို ရက်လုပ်ကြသည်။

ကိုယ်ပိုင်ဖျင်ကြမ်းတဘက်ရက်ကန်းစင်တွင် ချည်အမျိုးအစားအလိုက် အတောင်သုံးဆယ်တစ်စင်အဖြစ် ရက်လုပ်ကြသည်။ တဘက်ရက်လုပ်ရာတွင် တဘက်တစ်ထည်၏ အတိုင်းအတာမှာ အလျားနှစ်တောင်နှင့် တစ်ထွာ (နှစ်တောင့်ထွာ) အနံမှာ တစ်တောင်တစ်ထွာ (တစ်တောင့်ထွာ) ရှိသည်။ တစ်နေ့လျှင် လူတစ်ဦးလျှင် တဘက်လေးထည်မှ ငါးထည်ပြီးစီးသည်။ တဘက် တစ်ထည်ရောင်းဈေးမှာ တစ်ထည်လျှင် ငွေကျပ်နှစ်ထောင်နှုန်းဖြင့် ရောင်းချပေးသည်။ သပြေကန်ဖျင်ကြမ်းတဘက်များမှာ ဆေးသားကောင်းပြီး ဆေးကျွတ်ခြင်းမရှိသည့်အတွက် မှာယူမှုများပြားလျက်ရှိကြောင်း သိရသည်။

**နွေနဒီ (မြစ်ငယ်)**

## ကျွန်းလှတွင် ဝါစိုက်တောင်သူများ ဈေးကောင်းရ၍ အဆင်ပြေ

**ကျွန်းလှ ဇန်နဝါရီ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်တွင် မိုးနှောင်းငွေချည်(၉) ချည်မျှင်ရှည်ဝါစိုက်တောင်သူများ ဈေးကောင်းရ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော် မိုးနှောင်းဝါတစ်ဧက စိုက်ပျိုးထားပါတယ်။ တစ်ဧကဝါမျိုးစေ့ သုံးပိဿာစိုက်ပျိုးပြီး မျိုးစေ့တစ်ပိဿာ ငွေကျပ် ၁၅၀၀ ပေးရပါတယ်။ တစ်ဧကမျိုးဖိုး၊ ထွန်ယက်ခ၊ မြေဩဇာဖိုး၊ ဆေးဖိုး၊ ပေါင်းသင်ခ၊ ဝါကောက်ခ ငွေကျပ်တစ်သိန်းခွဲကုန်ကျပါတယ်။ ယခုအခါ ဝါပွင့်များကောက်ယူနေပြီး တစ်ဧကပိဿာချိန် ၄၀၀ ကျော်ထွက်ရှိပါတယ်။ ဝါတစ်ပိဿာ ငွေကျပ် ၁၃၀၀ ဈေးဖြင့် အိမ်အရောက်လာဝယ်တဲ့အတွက် တစ်ဧက ငွေကျပ် ၃၅၀၀၀၀ ကျော်အမြတ်ရရှိပါတယ်" ဟု အင်းကောင်းကျေးရွာနေ ဝါစိုက်တောင်သူ ဦးတင်မြင့်ကပြောသည်။

အဆိုပါဝါစိုက်တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်ရွေးချယ်ပေးခြင်း၊ သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် လက်တွေ့စိုက်ပျိုးပြသခြင်းနှင့် သဘာဝဓာတ်မြေဩဇာသုံးစွဲနည်းတို့ကို ပညာပေးခဲ့ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်လှကြိုင်က ပြောသည်။

**မျိုးဝင်းညို(ကျွန်းလှ)**



## စာပေချစ်မြတ်နိုးသူများ ဦးစီးကျင်းပသော ပထမအကြိမ် စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂၅**
ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်၊ ၈၈ ရပ်ကွက် အပိုင်း (၆) ဘောလုံးအားကစားကွင်း၌ ဇန်နဝါရီ ၂၂ ရက် ည ၇ နာရီက စာပေချစ်မြတ်နိုးသူများက ဦးစီးကျင်းပသော ပထမအကြိမ်မြောက်စာပေဟောပြောပွဲကျင်းပခဲ့သည်။

အခမ်းအနားတွင် စာရေးဆရာဂျင်မိက 'အမှန်တရား' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ ဆရာဇေလုဝက 'စာဖတ်ရခြင်းဖြင့် ဘဝအကြောင်းသိကောင်းစရာများ' ခေါင်းစဉ်ဖြင့်လည်းကောင်း၊ စာရေးဆရာ နေဘုန်းလတ်က 'စာမတတ်လျှင် မြင်းရိုင်းနှင့်တူသည်' ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီးဟောပြောကြရာ တက်ရောက်လာကြသော စာပေချစ်သူ ၅၀၀ နီးပါးခန့်ကို စာပေအသိပညာ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ ဟောပြောပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကျင်မောင်**

လာလီဂါရင်ခုန်သံ-၂၀

# ဆိုစီဒက်စ်ကိုခက်ခက်ခဲခဲရင်ဆိုင်ရမယ့် ရီးယဲလ်မက်ဒရစ်

စပိန်လာလီဂါပွဲစဉ်(၂၀)ကိုလာမယ့် ဇန်နဝါရီ ၂၈၊ ၂၉၊ ၃၀၊ ၃၁ ရက်တွေမှာဆက်လက်ကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ ရီးရဲက အိမ်ကွင်းမှာ အသင်းကောင်းဆိုစီဒက်စ်နဲ့ရင်ဆိုင်သွားရမှာဖြစ် တာကြောင့်နိုင်ပွဲရယူသွားနိုင်ပါ့မလားဆိုတာက စောင့်ကြည့်ချင်စရာကောင်းနေပါတယ်။



## ရှိုင်းမင်းမင်း

### ထိပ်တန်းဂိုးသွင်းရှင်များ

ဆွာရက်ဇ်(ဘာစီလိုနာ) - ၁၅ ဂိုး
မက်ဆီ(ဘာစီလိုနာ) - ၁၄ ဂိုး
ဆွာရက်ဇ်(ဘာစီလိုနာ) - ၁၄ ဂိုး
စီရိုနယ်လ်ဒို(ရီးယဲလ်) - ၁၂ ဂိုး
အက်စ်ပတ်( ဆယ်လ်တာဗီဂို) - ၁၁ ဂိုး

### စပိန် လာလီဂါအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရီးယဲလ်မက်ဒရစ် | ၁၈ | ၁၃ | ၄ | ၁ | ၄၈ | ၁၇ | ၃၁ | ၄၃ |
| ၂ | ဆီဗီလာ | ၁၉ | ၁၃ | ၃ | ၃ | ၄၂ | ၂၅ | ၁၇ | ၄၂ |
| ၃ | ဘာစီလိုနာ | ၁၉ | ၁၂ | ၅ | ၂ | ၅၁ | ၁၇ | ၃၄ | ၄၁ |
| ၄ | အက်သလက်တီကို | ၁၉ | ၁၀ | ၅ | ၄ | ၃၄ | ၁၆ | ၁၈ | ၃၅ |
| ၅ | ရီးယဲလ်ဆိုစီဒက် | ၁၉ | ၁၁ | ၂ | ၆ | ၃၁ | ၂၅ | ၆ | ၃၅ |
| ၆ | ဗီလာရီးယဲလ် | ၁၉ | ၈ | ၇ | ၄ | ၂၆ | ၁၄ | ၁၂ | ၃၁ |
| ၇ | ဘီဘာအို | ၁၉ | ၈ | ၅ | ၆ | ၂၄ | ၂၁ | ၃ | ၂၉ |
| ၈ | ဆယ်တာဗီဂို | ၁၉ | ၈ | ၃ | ၈ | ၂၉ | ၃၃ | -၄ | ၂၇ |
| ၉ | အက်စ်ပန်ညို | ၁၉ | ၆ | ၈ | ၅ | ၂၅ | ၂၆ | -၁ | ၂၆ |
| ၁၀ | အီဘား | ၁၉ | ၇ | ၅ | ၇ | ၂၅ | ၂၈ | -၃ | ၂၆ |
| ၁၁ | လက်စ်ပါးမက်စ် | ၁၉ | ၆ | ၇ | ၆ | ၂၈ | ၃၀ | -၂ | ၂၅ |
| ၁၂ | အလာဗက်စ် | ၁၉ | ၅ | ၈ | ၆ | ၁၇ | ၂၀ | -၃ | ၂၃ |
| ၁၃ | ဘက်တစ် | ၁၉ | ၆ | ၄ | ၉ | ၂၀ | ၃၀ | -၁၀ | ၂၂ |
| ၁၄ | မာလာဂါ | ၁၉ | ၅ | ၆ | ၈ | ၂၇ | ၃၃ | -၆ | ၂၁ |
| ၁၅ | ဗလင်စီယာ | ၁၈ | ၅ | ၄ | ၉ | ၂၈ | ၃၃ | -၅ | ၁၉ |
| ၁၆ | ဒီပို့တီဗို | ၁၉ | ၄ | ၇ | ၈ | ၂၄ | ၂၉ | -၅ | ၁၉ |
| ၁၇ | လီဂါနက်စ် | ၁၉ | ၄ | ၆ | ၉ | ၁၅ | ၃၁ | -၁၆ | ၁၈ |
| ၁၈ | စပို့တင်းဂီဂွန် | ၁၉ | ၃ | ၄ | ၁၂ | ၁၉ | ၃၇ | -၁၈ | ၁၃ |
| ၁၉ | ဂရန်နာဒါ | ၁၉ | ၁ | ၇ | ၁၁ | ၁၆ | ၄၂ | -၂၆ | ၁၀ |
| ၂၀ | အိုဆာစူနာ | ၁၉ | ၁ | ၆ | ၁၂ | ၂၀ | ၄၂ | -၂၂ | ၉ |

### အိုဆာစူနာ - မာလာဂါ
**နံနက် ၂း၁၅ (၂၈-၁-၁၇)**

အိုဆာစူနာအသင်းဟာ အမှတ်ပေးဇယားအောက်ပိုင်းကနေ ရုန်းထွက်ဖို့ခက်ခဲနေတဲ့ အသင်းဖြစ်ပြီး ခြေစွမ်းပိုင်းကျဆင်းနေတဲ့ အသင်းဖြစ်တယ်။ မာလာဂါအသင်းကလည်း နောက်ပိုင်းပွဲစဉ်တွေမှာ ရလဒ်တွေ ကျဆင်းခဲ့ရတာကြောင့် အခုလိုပွဲမျိုးမှာနိုင်ပွဲရရှိအောင် ခြေကုန်ထုတ် ကစားမှာသေချာပါတယ်။ ခြေစွမ်းကွာဟမှု ကျဉ်းမြောင်းပေမယ့်လည်း အသင်းလိုက်ကစားအားကွာနေတာကြောင့် မာလာဂါကသာနိုင်ပွဲရရှိသွားမှာပါ။

### အလာဗက်စ် - အက်သလက်တီကို
**ည ၉း၄၅ (၂၈-၁-၁၇)**

တန်းတက်အလာဗက်စ်အသင်းဟာ ပထမရာသီဝက်အတွင်း အဝေးကွင်းပွဲစဉ်မှာတောင် အက်သလက်တီကိုကို သရေကစားနိုင်ခဲ့ ပါတယ်။ အလာဗက်စ်ရဲ့လက်ရှိခြေစွမ်းကလည်း မာကျောမှုရှိနေပြီး အိမ်ကွင်းမှာခြေစွမ်းပြသလာဦးမှာဖြစ်တယ်။ အက်သလက်တီကို အတွက်ခက်ခဲမယ့် ပွဲစဉ်ဖြစ်လာဦးမှာသေချာနေတဲ့ပွဲပါ။ အထူးသဖြင့် အက်သလက်တီကိုက အဝေးကွင်းမှာ တိုက်စစ်အားကအစ ကျဆင်းတတ်လို့ သရေကျသွားနိုင်ပါတယ်။

### လီဂါနက်စ် - ဆယ်လ်တာဗီဂို
**နံနက် ၂း၁၅ (၂၉-၁-၁၇)**

လီဂါနက်စ်ဟာ ပထမရာသီဝက်အသင်းအတွင်း အဝေးကွင်းပွဲစဉ်မှာတောင်ဆယ်တာဗီဂိုကိုအနိုင်ကစားထားနိုင်ခဲ့ပါတယ်။ ဆယ်တာဗီဂိုကလည်းလက်ရှိမှာခြေစွမ်းတိုး တက်မှုတွေရှိနေပြီးတိုက် စစ်ကစားပုံထက်မြက်တဲ့ အသင်းဖြစ်တယ်။ ဒါပေမယ့်လည်း အခုပွဲက အဝေးကွင်းဖြစ်နေတာကြောင့်ဆယ်လ်တာဗီဂိုတို့ လီဂါနက်စ်ကိုခက်ခက် ခဲခဲကစားရဖို့ရှိကာ သရေကျသွားနိုင်ပါတယ်။

### အက်စ်ပန်ညို - ဆီဗီလာ
**ည ၉း၄၅ (၂၉-၁-၁၇)**

အက်စ်ပန်ညိုဟာ ကစားသမားကောင်းတွေရှိနေပြီး အိမ်ကွင်းမှာဆိုရင် အသင်းကြီးတွေကို တောင်ပြန်လည်ဖိအားပေးကစားနိုင်တဲ့ အသင်းဆိုတာသတိပြုရပါမယ်။ အိမ်ကွင်းပွဲစဉ်မှာ ဆီဗီလာတို့ ဂိုးပြတ်အနိုင်ရရှိခဲ့ပေမယ့်လည်း အခုပွဲစဉ်မှာတော့အဝေးကွင်းပွဲစဉ်ဖြစ်နေတဲ့အပြင် အက်စ်ပန်ညိုရဲ့ ခြေစွမ်းကလည်းမာကျောလာမှာဖြစ်လို့ ခက်ခက်ခဲခဲကစားရမယ့်ပွဲဖြစ်လာဖို့သေချာနေပါတယ်။ သွင်းဂိုးများမယ့်ပွဲဖြစ်လာ နိုင်ကာသရေကျသွားနိုင်ပါတယ်။

### ရီးယဲလ် - ဆိုစီဒက်စ်
**နံနက် ၂း၁၅ (၃၀-၁-၁၇)**

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဒီရာသီ မှာ ချန်ပီယံဖြစ်ရေးအတွက် အခုလိုအိမ်ကွင်းပွဲစဉ်မျိုးမှာအမှားမရှိအောင်ပြင်ဆင်လာမှာဖြစ်တယ်။ ဆိုစီဒက်အသင်းကလည်း ကစားသမားကောင်းတွေနဲ့ဖွဲ့ စည်းထားပြီး ရီးယဲလ်ကို ပြန်လည်ဖိအားပေးကစားနိုင်တဲ့ခြေစွမ်းမျိုးရှိနေပါတယ်။ ဒီပွဲမှာတော့ နှစ်သင်းစလုံးသွင်းဂိုးတွေ အပြန်အလှန်အများအပြားမြင်တွေ့ရဖို့ခက်ခဲနိုင်ပါတယ်။ ရီးယဲလ်မက်ဒရစ်ရဲ့ အိမ်ကွင်းဖြစ်ပေမယ့် ဆိုစီဒက်စ်ရဲ့ရုန်းအားကြောင့်သရေကျသွားနိုင်ပါတယ်။

### ဗီလာရီးယဲလ် - ဂရန်နာဒါ
**ည ၆း၃၀ (၂၈-၁-၁၇)**

ဗီလာရီးယဲလ်ဟာ ဥရောပဝင်ခွင့်တစ်နေရာမျှော်လင့်နေတဲ့အသင်းဖြစ်လို့ အခုလိုအိမ်ကွင်းပွဲစဉ်မျိုးမှာနိုင်ပွဲရရှိ ရေးကိုဦးတည်ကစားမှာဖြစ်ပါတယ်။ အသင်းရဲ့တိုက်စစ်ကစားအားကလည်း ထက်မြက်မှုရှိနေပြီး ပါတို၊ ဒေါ့စ်ဆန်းတို့စ်တို့လို ကစားသမားကောင်းတွေ ခြေစွမ်းပြသနေပါတယ်။ ဂရန်နာဒါရဲ့ခြေစွမ်းက ဗီလာရီးရဲကိုခုခံ ကစားရဖို့သာရှိနေပါတယ်။ အိမ်ကွင်းအားလည်းရှိနေတဲ့ ဗီလာရီးယဲလ်တို့ ဂိုးပြတ်နိုင်ပွဲရရှိသွားမှာပါ။

### အီဘား - ဒီပို့တီဗို
**နံနက် ၀၀း၀၀ (၂၉-၁-၁၇)**

အီဘားဟာစပိန်လီဂါပြိုင်ပွဲအတွင်းမှာ အိမ်ကွင်းကစားအား ကောင်းတဲ့အသင်းဖြစ်တယ်။ ဒီပို့တီဗိုကတိုက်စစ်ကစားပုံ ကောင်းမွန်တဲ့အသင်းဖြစ်ပေမယ့်လည်း နောက်ပိုင်းပွဲစဉ်တွေမှာသရေပွဲတွေ များပြားနေခဲ့ပါတယ်။ အခုပွဲမှာလည်း အီဘားတို့ အိမ်ကွင်းမှာခြေစွမ်းအသာနဲ့ကစားနိုင်ဖို့ရှိနေပါတယ်။ နှစ်သင်းစလုံးရဲ့တိုက်စစ်ကစားပုံ ထက်မြက်မှုတွေကြောင့် အပြန်အလှန်သွင်းဂိုးတွေမြင်တွေ့ရမယ့် ပွဲဖြစ်လာနိုင်ကာ အီဘားတို့ကပ်နိုင်ခြေရှိတယ်။

### ဘက်တစ် - ဘာစီလိုနာ
**ညနေ ၅း၃၀ (၂၉-၁-၁၇)**

ဒီရာသီအတွင်း ဘာစီလိုနာအိမ်ကွင်းမှာ ကစားခဲ့တဲ့ပွဲစဉ်မှာတော့ ဘာစီလိုနာတို့ တိုက်စစ်စွမ်းရည်ပြသကာဂိုး ပြတ်နိုင်ပွဲရရှိထားခဲ့ပါတယ်။ ဘက်တစ်ရဲ့လက်ရှိခြေစွမ်းကလည်းအတက်အကျမတည် ငြိမ်သေးတဲ့ အသင်းလို့သာဆိုရပါမယ်။ ဒါပေမယ့်လည်း ဘက်တစ်တို့ အိမ်ကွင်းမှာစိတ်ဓာတ်ကောင်းမွန်စွာနဲ့ ဘာစီလိုနာကို ခပ်မာမာရင် ဆိုင်သွားမှာ ဖြစ်ပေမယ့် ဘာစီလိုနာကလည်း နောက်ပိုင်း မှာအသင်း လိုက်ကစားအားပိုမိုကောင်းမွန်နေလို့ ဂိုးပြတ်နိုင်ပွဲရရှိသွားနိုင်ပါတယ်။

### ဘီဘာအို - ဂီဂွန်
**နံနက် ၀၀း၀၀ (၃၀-၁-၁၇)**

ဘီဘာအိုဟာ ခြေစွမ်းထက်ကစားသမားအများအပြားရှိနေပြီး တိုက်စစ်ကစားပုံ အားကောင်းတယ်။ အထူးသဖြင့် အိမ်ကွင်း ပွဲစဉ်တွေမှာဆိုရင် ဘီဘာအိုဟာ အသင်းကြီးတွေကိုတောင် အနိုင်ယူနိုင်တဲ့ ခြေစွမ်းမျိုးတွေ ပြသထားခဲ့ပါတယ်။ ဂီဂွန်ရဲ့ခြေစွမ်းကလည်း လက်ရှိမှာ အားရစရာမရှိသေးပါဘူး။ အဝေးကွင်းပွဲတွေမှာဆိုရင်နိုင်ပွဲ တစ်ပွဲတောင်ရယူနိုင်ခြင်းမရှိသေးတာတွေ့ရပါတယ်။ ဒါကြောင့်လည်း ဘီလ်ဘိုကသာနိုင်ပွဲရသွားနိုင်ပါတယ်။

### လက်စ်ပါးမက်စ် - ဗလင်စီယာ
**နံနက် ၂း၁၅ (၃၁-၁-၁၇)**

လက်စ်ပါးမက်စ်ဟာဘိုတန်၊ ဗီဆန်တီဂိုမက်ဇ်၊ မီဆာတို့လို ကစားသမားကောင်းတွေရှိနေတဲ့အသင်းဖြစ်ပြီး အိမ်ကွင်းမှာ နိုင်ပွဲရယူနိုင်ဖို့ပြင်ဆင်လာမှာဖြစ်တယ်။ ဒါပေမယ့်လည်း ဗီလာရီးယဲလ်ကိုတောင် အဝေးကွင်းမှာ နှစ်ဂိုးပြတ်အနိုင်ကစားနိုင်ခဲ့တဲ့ ဗလင်စီယာခြေကလည်း ကောင်းမွန်နေသလိုအခုပွဲမှာလည်းဗလင်စီယာတို့ခြေစွမ်းကောင်းတွေ ပြသလာနိုင်ပါတယ်။ ဗလင်စီယာတို့ တန်းဆင်းဇုန်အတွင်း မကျရအောင် ရုန်းကန်မှာဖြစ်လို့ အနည်းဆုံး သရေကစားနိုင်မှာပါ။

## ဗီလာရီးယဲလ်အသင်းသို့ ဒုတိယအကြိမ် ပြန်လာပြီဖြစ်သည့် အင်ဒရီယန်လိုပက်ဇ်

စပိန်တိုက်စစ်မှူး အင်ဒရီယန်လိုပက်ဇ်သည် ဗီလာရီးယဲလ်အသင်းသို့ ဒုတိယအကြိမ်အဖြစ် အငှားဖြင့် သွားရောက်ကစားရန် သဘောတူညီချက် ရ ရှိခဲ့ပြီဖြစ်ကြောင်း ဂိုးလ်ဒေါ့ကွန်းက ဖော်ပြသည်။ လိုပက်ဇ်သည် ပြီးခဲ့သည့်နှစ် ဘောလုံးရာသီကလည်း ဗီလာရီးယဲလ်အသင်းတွင် အငှားဖြင့် လာရောက်ကစားခဲ့ဖူးပြီး ၂၃ ပွဲ ဝင်ရောက်ကစားခဲ့ရာ သွင်းဂိုးငါးဂိုးသွင်းယူထားနိုင်သည်။

ဗီလာရီးယဲလ်အသင်းသည် ပြီးခဲ့သည့် ရက်ပိုင်းကပင် လိုပက်ဇ်အား ခေါ်ယူရန် ပေါ်တိုအသင်းနှင့် သဘောတူညီချက်ရရှိခဲ့ကြောင်း အတည်ပြုကြေညာခဲ့သည်။

“ ကျွန်တော်အနေနဲ့ ဗီလာရီးယဲလ်အတွက် ပြန်ကစားပေးချင်တယ်လို့ ကျွန်တော့်ရဲ့ အေးဂျင့်ကို တောင်းဆိုခဲ့တာပါ။ ပြီးခဲ့တဲ့ ရာသီ ဗီလာရီးယဲလ်အတွက် ဝင်ရောက်ကစားချိန်က တအားတိုတောင်းတယ်လို့ ခံစားရပါတယ်။ ဒါကြောင့် အခုလို သဘောတူညီချက်ရခဲ့တာကို ကျွန်တော်ကျေနပ်မိပါတယ်” ဟု လိုပက်ဇ်ကယင်းကြေညာချက်အပြီးတွင် ပြောကြားခဲ့သည်။

ဗီလာရီးယဲလ်အသင်းသည် ပြီးခဲ့သည့်နှစ်ဩဂုတ်လအတွင်း နည်းပြမာစီလီနိုနေရာတွင် နည်းပြ ဖရက်အက်ခရီဘာကို အစားထိုးခန့်အပ်ခဲ့ သော်လည်း လိုပက်ဇ်ကမူ နည်းပြအပြောင်းအလဲက သူ၏ ဆန္ဒကို သက်ရောက်မှု ရှိမည်မဟုတ်ကြောင်း ဆိုသည်။

လိုပက်ဇ်သည် ပေါ်တိုအတွက် ကိုးပွဲဝင်ရောက်ကစားခဲ့ရာ သွင်းဂိုးတစ်ဂိုးမျှ သွင်းယူနိုင်ခြင်း မရှိခဲ့ပြီးနောက် ဗီလာရီးယဲလ်သို့ အငှားဖြင့် ပြောင်းရွှေ့ရန် ချိတ်ဆက်ခဲ့ခြင်းဖြစ်သည်။

မေလဲ့သင်း

# မုံရွာမြို့လမ်းဘေးကျူးကျော်ဆိုင်များအတွက်နေရာပေးထားသောလမ်းကိုကတ္တရာစတင်ခင်း

**မုံရွာ ဇန်နဝါရီ ၂၅**
မြို့တော်အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာလှပစေရေးအတွက် မုံရွာမြို့နယ်စည်ပင်သာယာရေးကော်မတီအနေဖြင့် ကျူးကျော်ဆိုင်များအား ရှင်းလင်း၍ ဖယ်ရှားခံရသော ကျူးကျော်ဆိုင်ရှင်များကို မုံရွာတက္ကသိုလ်အနောက်ဘက် တက္ကသိုလ်ပတ်လမ်းတွင် ဆိုင်ခန်းအသစ်များကိုချထားပေးကာ ဇန်နဝါရီ ၂၂ ရက်မှစတင်၍ ကတ္တရာလမ်းခင်းကျင်းနေပြီဖြစ်ရာ ၁၀ ရက်နှင့်အပြီး ခင်းပေးသွားမည်ဖြစ်ကြောင်း မုံရွာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးကျော်မျိုးဝင်းထံမှ သိရသည်။

"တက္ကသိုလ်အနောက်ဘက်က ပတ်လမ်းမှာ ဆိုင်ခန်း ၅၈ ခန်းကို မဲနှိုက်ပြီး ကျတဲ့နေရာမှာ ဆိုင်ခန်းတွေဆောက်နေပါပြီ။ ဇန်နဝါရီ ၂၀ ရက် နောက်ဆုံးထားပြီး ဆိုင်ခန်းဖွင့်လှစ်ရောင်းချတာ၊ ဆိုင်ခန်းဆောက်တာမရှိဘူးဆိုရင် ကော်မတီက ပြန်လည်သိမ်းယူဖို့ရှိပေမယ့် စလုပ်ခါစမှာ အခက်အခဲရှိတယ်ဆိုတဲ့ သက်ညှာမှုနဲ့ လာမယ့် ဇန်နဝါရီ ၂၆ ရက်ကို နောက်ဆုံးရက်အဖြစ် ပြင်လိုက်ပါတယ်။ ၂၆ ရက်မှာ ဆိုင်ခန်းမဖွင့်သေးမဆောက်သေးရင်တော့ ပြန်သိမ်းမယ်လို့တော့ စီစဉ်ထားပါတယ်။ လောလောဆယ်မှာတော့ ၂၀ ရက်က ကွင်းဆင်းစစ်ဆေးတာ ပထမချပေးတဲ့ ၅၈ ဆိုင်ထဲက ၂၄ ဆိုင်ပြန်သိမ်းဖို့တော့ရှိပါတယ်။ ဒုတိယအကြိမ် မဲနှိုက်ပြီး အဲဒီလမ်းပေါ်မှာပဲ ၄၅ ဆိုင်ချထားပေးဖို့ကိုလည်း စီစဉ်နေပါတယ်။ ကျူးကျော်ဖယ်ရတဲ့ဆိုင်သက်သက်ကိုပဲ နေရာပေးမှာပါ။ သက်ဆိုင်ရာ ရပ်ကွက်ကထောက်ခံချက်ဖြစ်ဖြစ်နို့တစ်စာချခံရတဲ့ ဆိုင်ရှင်ကိုဖြစ်ဖြစ်မဲနှိုက်နေရာရယူခွင့်ပေးနေတာပါ။ အသစ်ယူချင်တဲ့သူတွေကိုတော့မပေးပါဘူး"ဟု ဦးကျော်မျိုးဝင်းက ပြောသည်။



ဆိုင်ခန်းချပေးထားသော ၅၈ နေရာတွင် လက်ရှိ ဇန်နဝါရီ၂၃ ရက်တွင် တည်ဆောက်ထားသည်မှာ ၁၀ ဆိုင်ပင်မပြည့်ဘဲ ဆိုင်ဖွင့်ထားသည်မှာ သုံးဆိုင်ခန့်သာတွေ့ရသေးပြီး လက်ရှိတွင် လမ်းခင်းနေသည့်အတွက် ဆိုင်ဖွင့်ရန် အခက်တွေ့သည်မှာ မှန်သော်လည်း ဆိုင်ခန်းတည်ဆောက်၍ရရန်နှင့် နိမ့်နေသောမြေနေရာ မြေဖို့နိုင်ရန်အတွက် ခင်းနေသောလမ်းကို ဖွင့်ပေးထားကြောင်း သိရသည်။

လက်ရှိမဲနှိုက်၍ ပေးထားသောဆိုင် ၅၈ နေရာ ပိုင်ရှင်များသည် မုံရွာမြို့၏ အဓိကလမ်းဖြစ်သော ကျောက်ကာလမ်းတစ်လျှောက်ဖွင့်သော ကျူးကျော်ဆိုင်များ အပါအဝင် အလယ်ရပ်ဘုရားနီ ဘုရားလှဘုရားရှေ့မှ ကျူးကျော်ဆိုင်များ ပါဝင်ပြီး နောက်ထပ် ဇန်နဝါရီ ၂၇ ရက်တွင်ပေးမည့် ၄၅ ဆိုင်သည် မုံရွာမြို့တွင်းလမ်းများပေါ် ကျူးကျော်သည့်ဆိုင်များပါဝင်မည်ဖြစ်ကြောင်း သိရသည်။ လက်ရှိကတ္တရာခင်းနေသည်မှာ အရှည်ပေ ၁၉၅၀ ရှိ ကျောက်ကာလမ်းမှ တက္ကသိုလ်အနောက်ပေါက် ဗန္ဓုလလမ်းအထိ အကျယ် ၁၂ ပေကို ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၂၀၀ ခန့်ဖြင့် ၁၀ ရက်အတွင်း အပြီးခင်းနေခြင်းဖြစ်ကြောင်း သိရသည်။

ကတ္တရာလမ်းချော ခင်းပြီးပါက လျှပ်စစ်မှတာဝန်ရှိသူများဖြင့်ချိတ်ဆက်ကာ လမ်းမီးတိုင်များကို ချက်ချင်းအမြန်ဆုံးတိုင်ထောင်ဆောင်ရွက်ကာ ခင်းကျင်းရောင်းချမည့် ဆိုင်များအနေဖြင့် လျှပ်စစ်မီးကို လက်ရှိ မုံရွာညဈေးတန်းပေးသည့် လျှပ်စစ်သွယ်ယူစနစ်အတိုင်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

"လမ်းကောင်းပြီး လျှပ်စစ်မီး၊ ရေအပြည့်အစုံရရင်တော့ စည်ကားလာမယ်ထင်ပါတယ်။ လက်ရှိကတော့ ကျောက်ကာလမ်းပေါ်မှာ ရောင်းလို့ရတဲ့ဝင်ငွေရဲ့ လေးပုံပုံရင်တစ်ပုံတောင်မရသေးပါဘူး။ လမ်းက ၂၂ ရက်က စလုပ်တာဆိုတော့ လောလောဆယ်လာစားမယ့်သူတွေကမလာကြတော့ဘူး။ အခုဆိုင်ဖွင့်တယ်ဆိုတာကလည်း ဆိုင်နေရာမပျောက်ချင်တာရယ်။ ဖောက်သည်တွေ အိမ်တိုင်ရာရောက်ပို့ရမှာ အတွက်ရယ်ကြောင့်ဖွင့်ရတာပါ။ အခြားဆိုင်တွေကတော့ လမ်းပြင်လို့ ဆိုင်လည်းမဆောက်ကြသေးသလိုဆောက်ပြီးသားဆိုင်တွေကလည်း မဖွင့်ကြသေးပါဘူး" ဟု လက်ရှိ အဆိုပါလမ်းပေါ်ထွက်နေသော ဆိုင်ပိုင်ရှင်တစ်ဦးက ပြောပြသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

## ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့၌ ရပ်ကွက်၊ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး(၁/၂၀၁၇)သင်တန်းဖွင့်လှစ်

**လားရှိုး ဇန်နဝါရီ ၂၅**
ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့ အမှတ်(၆)အခြေခံအညာအထက်တန်းကျောင်း ကမ္ဘောဇခန်းမ၌ ဇန်နဝါရီ ၂၃ ရက် နံနက် ၉ နာရီက လားရှိုးမြို့နယ်ရှိ ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး (၁/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးမြင့်သန်းက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်းက ထပ်ဆင့်မှာ ကြားခဲ့သည်။

လားရှိုးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးနေလင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့် သက်ဆိုင်သော အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့သည်။

လားရှိုးမြို့ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေး (၁/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို လားရှိုးမြို့နယ်ရှိ ရပ်ကွက် (၁၂) ရပ်ကွက်၊ ကျေးရွာ (၇၅) အုပ်စုမှ အုပ်ချုပ်ရေးမှူးများ စုစုပေါင်း ၈၇ ဦး သင်တန်းတက်ရောက်ခဲ့ကြပြီး သင်တန်းကို ဇန်နဝါရီ ၂၃ ရက်မှ ၂၇ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ဟန်ဌေး(လားရှိုး)**

## နမစားရစ်–လိပ်ချင်းကျေးရွာချင်းဆက်လမ်း ချောင်းကူးကွန်ကရစ်တံတား တည်ဆောက်

**ရွှေဘို ဇန်နဝါရီ ၂၅**
စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၅၂ သန်းဖြင့် နမစားရစ်-လိပ်ချင်းကျေးရွာချင်းဆက်လမ်း ချောင်းကူးကွန်ကရစ်တံတား တည်ဆောက်နေမှုကို ဇန်နဝါရီ ၂၃ ရက်က ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူး၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးမှူး ဦးမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်သန်းနှင့် မြို့နယ်ဦးစီးအရာရှိ (နည်းပညာ) ဒေါ်မာမာသက် တို့က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။



အဆိုပါအဖွဲ့သည် သစ်သားတံတားဟောင်းဘေးတွင် ကွန်ကရစ်တံတား အရှည်ပေ ၇၀၊ အကျယ် ၁၂ ပေ (borepiles) ဆောက်လုပ်နေမှုနှင့် လုပ်ငန်းအရည်အသွေး ကောင်းမွန်ပြီး သတ်မှတ်ကာလအတွင်း ပြီးစီးရန် စစ်ဆေးခဲ့သည်။

ယခုတံတားမှာ သက်တမ်း ကြာမြင့်ပြီးဖြစ်ပြီး ဒေသထွက် ကုန်စည်များ သယ်ယူသွားလာရာတွင် အန္တရာယ်ရှိနေပြီဖြစ်ကြောင်း ဒေသခံတစ်ဦးက ပြောသည်။ **(ခင်ဦးစိုးဝေ)**

## ရေးမြို့နယ်ဥစားဘဲမွေးမြူလုပ်ကိုင်သူ ယခင်နှစ်ထက်များပြား

**ရေး ဇန်နဝါရီ ၂၅**
မွန်ပြည်နယ် ရေးမြို့နယ်ရှိ ဥစားဘဲမွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူမှာ ၂၀၁၅ -၂၀၁၆ခုနှစ် က လုပ်ကိုင်နေသူ ၃၀ ဝန်းကျင်ခန့်ရှိရာ ယခုအခါတွင် ဥစားဘဲမွေးမြူရေးလုပ်ကိုင်သူ ၅၀ ဝန်းကျင်အထိရှိကာ ထက်ဝက်နီးပါးအထိ မွေးမြူသူမြင့်တက်လာ၍ ဘဲအကောင်အရေ တစ်သိန်းကျော်မှာ ပျှမ်းမျှတစ်နေ့တာ ဘဲဥ ၇၀ ရာခိုင်နှုန်းထွက်ရှိနေကြောင်းသိရသည်။

ဘဲမွေးခြံတစ်ခြံမှာ အနည်းဆုံး ဘဲစာဖိုးအအပါဝင် ကျပ်သိန်း ၆၀ လောက် ရင်းနှီးမြှုပ်နှံထားရပါတယ်။ လတ်တလောမှာ ဘဲစာဖြစ်တဲ့ ပင်လယ်ငါး ကုန်ကြမ်းဈေးအပေါ်မူတည်ပြီး အမြတ်အစွန်းတွေ ရရှိပေမယ့်။ လာမယ့်နှစ်မှာ ဘဲစာကုန်ကြမ်းရှားပါးပြတ်လပ်မှုနဲ့ကြုံရင် ကြက်စာ၊ ကဏန်း၊ ခရုခြောက်နဲ့ အစားထိုးရမယ်ဆိုရင် ကုန်ကျစရိတ်မြင့်မားပြီး အရှုံးပေါ်မှာကိုလည်း စိုးရိမ်နေရတယ်" ဟု ခမင်းဆိပ်ကျေးရွာနေ ဥစားဘဲမွေး မြူလုပ်ကိုင်နေသူ ဦးခင်မောင်အေးက ပြောသည်။

ပြီးခဲ့သည့်နှစ်တွေမှာ ဘဲဥ လက်လီတစ်လုံးလျှင် ကျပ် ၁၂၀ ဈေးကောင်းရရှိကာ ယခုနှစ် ဘဲဥဈေးမှာ ၁၀၇ ကျပ်အထိသာရရှိပြီး ဈေးကွက်အတွင်း ဘဲဥဝင်ရောက်မှုများတွင် ဝယ်လိုအားနှင့် ရောင်းလိုအားကပုံမှန်ရှိနေသော်လည်း အရောင်းအဝယ်ကအေးလျှင် ဈေးနှုန်းကျဆင်းကာ ဝယ်လိုအား မြင့်တက်လာလျှင် ဈေးနှုန်းကမြင့်တက်လာပြီး အဓိက ခမင်းဆိပ်ရွာမှ ထွက်ရှိလာနေ သောဘဲဥများကိုလည်း ရေးမြို့နယ်အပြင် မော်လမြိုင်၊ ရန်ကုန်ဈေးကွက်အထိ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်း(ရေး)**



## စတော့ဈေးကွက်နှင့်အခွင့်အလမ်းများဆိုင်ရာဟောပြောပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၂၅**
စတော့ဈေးကွက်နှင့် အခွင့်အလမ်းများဆိုင်ရာ ဟောပြောပွဲကို ဇန်နဝါရီ ၂၂ ရက် နံနက် ၉ နာရီက မန္တလေးမြို့ မဟာအောင်မြေမြို့နယ် (၇၈)လမ်းနှင့် (၃၈)လမ်းထောင့်ရှိ ဟိုတယ်မန္တလေးခန်းမ၌ ကျင်းပခဲ့သည်။

My Gold Myanmar Financial Consultant ကုမ္ပဏီလီမိတက်က ကြီးမှူးကျင်းပသည့် အဆိုပါ ဟောပြောပွဲသို့ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ အမှုဆောင်များ၊ မန္တလေးမြို့ရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ လူငယ်စီးပွားရေးစွမ်းဆောင်ရှင်များ၊ စိတ်ဝင်စားသူများ တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်စတော့အိတ်ချိန်း အမှုဆောင်အကြီးတန်း မန်နေဂျာဦးသက်ထွန်းဦးက စတော့ဈေးကွက်ဖြစ်ပေါ်လာပုံ၊ စတော့ဈေးကွက်တွင် ဝင်ရောက်လုပ်ကိုင်ခြင်း၊ အကျိုးအမြတ်၊ မြန်မာနိုင်ငံ စတော့ဈေးကွက် အခြေအနေများအား ရှင်းလင်းဟောပြောပြီး တက်ရောက်လာသည့် စီးပွားရေးလုပ်ငန်းရှင်များ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။ **မောင်ပြည်သူ**

# သန်လျင် ကျိုက်ခေါက်ဘုရားပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပမည်



**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့ ရွှေဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီတော်မြတ် တပို့တွဲလ ဗုဒ္ဓပူဇနိယပွဲတော်ကြီးကို စေတီတော်မြတ်ဂေါပကအဖွဲ့ကကြီးမှူး၍ ဖေဖော်ဝါရီ ၄ ရက်မှ ၁၂ ရက်အထိ ကိုးရက်တိုင် ဗုဒ္ဓဘိသေက အနေကဇာတင်ပွဲ၊ နာရီ ၈၀ ကြာ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ ရွှေသင်္ကန်းကပ်လှူပွဲ၊ ဆွမ်းတော်ကြီးတင်လှူပွဲ၊ ထမနဲထိုးပွဲ၊ စတုဒိသာကျွေးမွေးလှူဒါန်းပွဲ၊ မြန်မာ့ရိုးရာခြင်းအလှခတ်ပွဲ၊ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ဇာတ်သဘင်ပျော်ပွဲရွှင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားရန် စေတီတော်မြတ်ဂေါပကအဖွဲ့မှ ဆပ်ကော်မတီများက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းအပြင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ စိတ်ချမ်းမြေ့စွာ ကြည်ညိုဖူးမြော်နိုင်ရေးအတွက် ရွှေကြိုတဲများဆောက်လုပ်ပြီး တည်းခိုနိုင်ရေး စီစဉ်ထားသည့်အပြင် မြန်မာပြည်တစ်ဝန်းမှ ဒေသထွက်ကုန်မျိုးစုံရောင်းချနိုင်ရေးအတွက် ဈေးဆိုင်ခန်းပေါင်း ၂၀၀၀ ကျော် ဆောက်လုပ်၍ စနစ်တကျ နေရာချထားပေးလျက်ရှိသည်။ ဘုရားဖူးလာ အမျိုးသားများအား စေတီတော်အထက်ပစ္စယာသို့ စိစစ်ခွင့်ပြု၍ ဖူးမြော်နိုင်ရန်စီစဉ်ထားကြောင်း သိရသည်။

**သန်းဝင်း(သန်လျင်)**

## ဆင်ခြေထောက်ရောဂါကာကွယ်နှိမ်နင်းရေး အသိပညာပေး ဟောပြော

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်တိုင်းဒေသကြီး အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ၈၈ ရပ်ကွက်လုံးဆိုင်ရာ သဟပုည ကာရီဓမ္မဗိမာန်တော်ကြီး၌ ဇန်နဝါရီ ၂၂ ရက် ညနေ ၆ နာရီခန့်က မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးမူကျော်က တက်ရောက်လာသည့် ရပ်ကွက်ပြည်သူများအား ဆင်ခြေထောက်ရောဂါဖြစ်ပွားရခြင်း၏ အဓိကအကြောင်းရင်းဖြစ်သော ခြင်မှတစ်ဆင့် လူကိုကိုက်ပြီး ရောဂါကူးစက်ပြန့်ပွားနိုင်သည်ကို ရှင်းလင်းပြောပြပေးခဲ့သည်။

ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာအေးမွန်မွန်ကျော်က ဆင်ခြေထောက်ရောဂါကာကွယ်နှိမ်နင်းရေး သိကောင်းစရာအကြောင်းများကို ဆက်လက်ဟောပြောခဲ့ကြောင်း သိရသည်။ **(၅၀၂)**

# ကတိုက်ဆည်ရေသောက်ဧရိယာအတွင်းရှိ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ ရေပေးဝေရေးလုပ်ငန်းများ ဆွေးနွေး

**သထုံ ဇန်နဝါရီ ၂၅**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန မွန်ပြည်နယ် သထုံခရိုင် ဆည်မြောင်းနှင့်ရေအသုံးမှုစီမံခန့်ခွဲရေးဦးစီးဌာနက နွေစပါးစိုက်ပျိုးရေပေးဝေရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိရာ ဌာန၏လုပ်ငန်းဆောင်ရွက်ချက်များ ပိုမိုထိရောက်လျင်မြန်စေရန် သထုံခရိုင် ပေါင်မြို့နယ် ကတိုက်ဆည်ရေသောက်ဧရိယာအတွင်းရှိ ဒေသခံတောင်သူများနှင့် ဇန်နဝါရီ ၂၂ ရက် နံနက် ၁၁ နာရီတွင် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲသို့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးသီဟ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်ဇော်ထူး၊ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန တည်ဆောက်ရေး(၆)မှ ညွှန်ကြားရေးမှူး ဦးသန်းဌေး၊ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်သောင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် ဦးစီးအရာရှိ (ဆည်/ရေ) တို့အဖွဲ့သည် ဇန်နဝါရီ ၂၂ ရက် နံနက်ပိုင်းက ရင်းငြိမ်မြောက်ကျေးရွာစာသင်ကျောင်းတွင် ကတိုက်ဆည်ရေသောက်ဧရိယာရှိ ဒေသခံတောင်သူများနှင့်တွေ့ဆုံပြီး နွေစပါးစိုက်ပျိုးရေပေးဝေရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားခဲ့သည်။

ဒေသခံတောင်သူများကလည်း နွေစပါးစိုက်ပျိုးရေးအတွက် ရေလှောင်တမံ ရေနုတ်မြောင်းများမှပို့လွှတ်သောဆည်ရေအား မျှတစွာသုံးစွဲကြရန်၊ ရေလေလွင့် ဆုံးရှုံးမှုနည်းပါးစေရန်အတွက် ဌာနဝန်ထမ်းများနှင့်အတူ ဒေသခံတောင်သူများမှလည်း ပူးပေါင်းထိန်းသိမ်းကြရန်လိုအပ်ကြောင်း၊ နွေစပါးအောင်ရေရရှိသည့်အချိန်ထိ ညီညွတ်မျှတစွာ ပူးပေါင်းဆောင်ရွက်သွားနိုင်ရန် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူး ဦးသန်းဌေးက မိမိတို့ ဌာနဝန်ထမ်းများမှလည်း ဆည်ရေများပို့လွှတ်ရာတွင် လေလွင့်မှုဖြစ်စေမည့် ရေယိုပေါက်များအား စက်ယန္တရား၊ လူအင်အားတို့ဖြင့် အမြန်ဆုံးဆောက်ရွက်ပေးကြရန်၊ တိမ်ကောနေသောရေနုတ်မြောင်းနှင့် ရေဝင်ချောင်းများ ပြန်လည်တူးဖော်ပေးရန်၊ ရေထိန်းအဆောက်အအုံများအား သေချာစွာပိတ်ဆို့ထားရှိရန်နှင့် တမံရေထိန်းတံခါး၊ ရေမှတ်တို့အား အမြဲစောင့်ကြည့်၍ ထိန်းညှိပို့လွှတ်ပေးရန် နွေစပါးစိုက်ပျိုးရေပေးဝေခြင်းသည် ဌာန၏ အဓိကကျသောလုပ်ငန်းတာဝန်ဖြစ်သည့်အတွက် အထူးအလေးထားဆောင်ရွက်ရန်၊ ကွင်းအတွင်းရေရောက်ရှိရေး၊ ရေအလေအလွင့်မရှိစေရေး၊ နောက်ဆုံး စပါးသီးနှံစိုက်ပျိုးအောင်မြင်ရိတ်သိမ်းပြီးမှ မိမိတို့တာဝန်ကျေပွန်သည်ဟု ခံယူရမည်ဖြစ်ကြောင်း၊ ကွင်းအတွင်း ဌာနတာဝန်ထမ်းဆောင်ရင်း ဒေသခံတောင်သူလယ်သမားများအတွက် မိမိတို့ရေပေးမြောင်းများမှ ရေယူရာတွင် ပိုမိုကောင်းမွန် အဆင်ပြေနိုင်မည့်နည်းလမ်းများ ဆက်လက်ဆောင်ရွက်ပေးနိုင်ရန်လည်း ဒေသခံများနှင့် ရင်းရင်းနှီးနှီးဆွေးနွေးတိုင်ပင်ရမည်ဖြစ်ကြောင်း၊ ရေပေးဝေရေးသည် ဦးစီးအရာရှိများမှ အဆင့်ဆင့် မြောင်းလုပ်သားဝန်ထမ်းများအထိ ကွင်းအတွင်း လုပ်ငန်းပြီးမြောက်အောင်မြင်ရေး အခြားသက်ဆိုင်ရာဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**သူရအောင်(ပြည်)**

## ကံမမြို့နယ်တွင် တောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရန် မဒေးရေလှောင်တမံမှ စတင်၍ရေပေးဝေလျက်ရှိ

**ကံမ ဇန်နဝါရီ ၂၅**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ်တွင် တောင်သူများ နွေစပါးစိုက်ပျိုးနိုင်ရန် မဒေးရေလှောင်တမံမှ လယ်မြေ ၂၀၂၅ ဧကသို့ ယခုရက်ပိုင်းမှ စတင်၍ ရေသွယ်မြောင်းများမှတစ်ဆင့် စိုက်ပျိုးရေများ ပေးဝေလျက်ရှိကြောင်း သိရသည်။

ယခုနှစ်မိုးရာသီကာလ၌ သည်းထန်စွာမိုးရွာသွန်းမှုကြောင့် မဒေးရေလှောင်တမံ၏ တူးမြောင်းမကြီးပေါ်ရှိ ရေထုတ်ပြွန်အထွက်ပိုင်း ရေတိုက်စားပျက်စီးမှုအား ရေပေးဝေရမည့်ရာသီတွင် အချိန်မီပြန်လည်ပြုပြင်နိုင်ခဲ့ကြောင်း၊ ကျိုးပေါက်သွားခဲ့သည့် တူးမြောင်းပေါင်နေရာများအား မြေဖို့ပြင်ဆင်မွမ်းမံခြင်း၊ ရေသွယ်တူးမြောင်းများအတွင်း ချုံနွယ်မြက်ပင်များ အားရှင်းလင်းဖယ်ထုတ်ပြီး ရေပေးဝေရာမှ အနယ်ထိုင်ကျန်ခဲ့သောနုန်းမြေများအား ဆယ်ထုတ်၍ မြောင်းပေါင်ဆင့်ခြင်း အစရှိသည့်လုပ်ငန်းများအား ပြုလုပ်၍ နွေစပါးစိုက်ခင်းများသို့ နေရာမလပ် စိုက်ပျိုးရေအပြည့်အဝရောက်ရှိပြီး အသုံးပြုနိုင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

**ကျော်ဇေယျာဝင်း(ကံမ)**



## လယ်ယာလုပ်သားရှားပါး၍ မျိုးစေ့ချကိရိယာများကို တွင်ကျယ်စွာအသုံးပြုလာ

**နေပြည်တော် ဇန်နဝါရီ ၂၅**



နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ကျေးလက်ဒေသများမှ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကအားထားလုပ်ကိုင်နေကြသည့် တောင်သူများသည် နွေစပါးစိုက်ပျိုးရာ၌ လယ်ယာလုပ်သားရှားပါးမှုများကြောင့် အစေ့ချကိရိယာများ အသုံးပြု၍ စိုက်ပျိုးခြင်းကိုသာ တွင်ကျယ်စွာလုပ်ဆောင်လာကြောင်း သိရသည်။

အစေ့ချစိုက်ပျိုးခြင်းသည် ကုန်ကျစရိတ်သက်သာသလို အထွက်နှုန်းအနေဖြင့် စိုက်သားထက်အနည်းငယ်ကျဆင်းခဲ့သော်လည်း အဆိုပါလယ်မြေများကို စိုက်ပျိုးမည်ဆိုပါက လယ်ယာလုပ်သားရှားပါးခြင်း၊ လုပ်ခကြီးမြင့်ခြင်း၊ သွင်းအားစုများကို ပိုမိုအသုံးပြုရမှုနှင့်အတူ ကုန်ကျစရိတ် ပိုမိုများပြားခြင်းတွေရှိတဲ့အတွက် ယခုလို အစေ့ချကိရိယာများ အသုံးပြုစိုက်ပျိုးလာကြခြင်းဖြစ်ကြောင်း၊ ရာသီအလိုက် စပါးပေါ်ချိန် စပါးဈေးနှုန်းကလည်း ခန့်မှန်း၍မရတဲ့အတွက် သွင်းအားစုများကို အသုံးပြုရာတွင် စဉ်းစားချင့်ချိန်ရကြောင်း၊ ဗီယက်နမ်နိုင်ငံထုတ် မျိုးစေ့ချကိရိယာတစ်စုံကို ငွေကျပ်တစ်သိန်းဝန်းကျင်ခန့်သာရှိပြီး အဆင်သင့်ထွန်ယက်ပြီးလယ်မြေတွင် လူတစ်ဦးလုပ်အားဖြင့် အစေ့ချခြင်းလုပ်ငန်းဆောင်ရွက်ရာ တစ်နေ့လေး ဧကခန့် ဆောင်ရွက်နိုင်ကြောင်း ဒက္ခိဏသီရိမြို့နယ် ဒေသခံတောင်သူများထံမှ သိရသည်။ **ရွှေကုက္ကို**

## ရခိုင်ပြည်နယ် စာကြည့်တိုက်ဖောင်ဒေးရှင်း ဖြစ်မြောက်ရေးကော်မတီ ဖွဲ့စည်း

**စစ်တွေ ဇန်နဝါရီ ၂၅**

ရခိုင်ပြည်နယ် စာကြည့်တိုက်ဖောင်ဒေးရှင်းဖြစ်မြောက်ရေးအတွက် ကော်မတီဖွဲ့စည်းခြင်းအစည်းအဝေးကို စစ်တွေခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန Community Center ခန်းမတွင် ဇန်နဝါရီ ၂၂ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း ဗဟိုကော်မတီဝင် ဦးမြတ်စိုးလှိုင်က မြန်မာနိုင်ငံစာကြည့်တိုက်ဖောင်ဒေးရှင်း ရည်ရွယ်ချက်၊ ဖောင်ဒေးရှင်း၏လက်ရှိဆောင်ရွက်နေမှုများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် စာကြည့်တိုက်ဖောင်ဒေးရှင်းဖြစ်မြောက်ရေးကော်မတီများ ဖွဲ့စည်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးစန်းနွယ်မှ ရခိုင်ပြည်နယ်အတွင်းစာကြည့်တိုက်များ ဖွင့်လှစ်ဆောင်ရွက်နေမှုနှင့် စာကြည့်တိုက်လုပ်ငန်းများအကြောင်း ရှင်းလင်းပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသူများမှ ရခိုင်ပြည်နယ် စာကြည့်တိုက်ဖောင်ဒေးရှင်းကော်မတီဖွဲ့စည်းနိုင်ရေး ဆွေးနွေးကြပြီး ဗဟိုကော်မတီဝင် ဦးမြတ်စိုးလှိုင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ပြီး ရခိုင်ပြည်နယ် စာကြည့်တိုက်ဖောင်ဒေးရှင်းဖြစ်မြောက်ရေးအတွက် ကော်မတီ ၁၅ ဦးဖြင့် ဖွဲ့စည်းခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရင်ခုန်ခံစား စာပေပွဲတော်များ




## မလေးနွယ် (Phil;)

ယခုရက်ပိုင်းများတွင်သတင်းစာနှင့်ဂျာနယ်များ၌ ဝေဝေဆာဆာဖော်ပြနေသည့် ကျွန်မစိတ်ဝင်စားပြီး ကိုယ်တိုင်ပါဝင်ဆင်နွှဲလိုသော ပွဲတော်သတင်းများဖြစ်သော စာအုပ်ဈေးလမ်းစာအုပ်ဈေးတန်း၊ နိုဘယ်လ်-မြန်မာစာပေပွဲတော်နှင့် ကလေးစာပေပွဲတော်များ ကျင်းပသည့် သတင်းများကို ဖတ်ရှုခွင့်ရခဲ့ပါသည်။

ပထမပွဲတော်မှာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်းတွင် ဇန်နဝါရီ ၇ ရက်နှင့် ၈ ရက်(စနေ၊ တနင်္ဂနွေနေ့) များတွင် စတင်ဖွင့်လှစ်ခဲ့သည့် ရန်ကုန်စာအုပ်ဈေးလမ်းစာအုပ်ဈေးတန်းဖြစ်ပြီး အဆိုပါပွဲကို တတိယပတ် ၆ ရက် မြောက်နေ့အဖြစ် ဇန်နဝါရီ ၂၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် စတင်ဖွင့်လှစ်မည်ဟု ကြေညာထားသော်လည်း ဆိုင်ခန်းဖွင့်ရန် ပြင်ဆင်နေချိန်မှာပင် အနီးဝန်းကျင်နေ ပြည်သူများ၊ ဈေးသွားဈေးလာများနှင့်စာပေချစ်မြတ်နိုးသူများဖြင့် စတင်စည်ကားနေသည့်သတင်းကို ဖတ်ရှုခွင့်ရခဲ့ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနက ဦးဆောင်ကာ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းတို့ ပူးပေါင်းကူညီမှုဖြင့် အသက်ဝင်ခဲ့သော ရန်ကုန်စာအုပ်ဈေးလမ်းစာအုပ်ဈေးတန်းကို ဇန်နဝါရီလမှ စတင်ခဲ့ပြီး ဧပြီလအထိ ခင်းကျင်းရောင်းချသွားမည်ဖြစ်ကြောင်း ခရေပင်တန်းကြီးများက အရိပ်ရစေရုံသာမက လမ်းသွားလမ်းလာများ၏ စိတ်နှလုံးကို အေးချမ်းစေပါသည်။ ထိုလမ်းမကြီးကို ဖြတ်သန်းသွားလာနေကြသူများအနေဖြင့် အပင်ခြေရင်းတွင် ကြွေကျမြေခနေကြသော ခရေပွင့်လေးများကို နင်းဖြတ်လျှောက်ရမည်ကို စိုးရိမ်ကြသည့်အလား မြေခနေသော ခရေပွင့်တို့ကို အနည်းနှင့်အများတော့ ကောက်မိကြသည်သာ။ ကျွန်မလည်း ကျောင်းသွားစဉ် အချိန်မရ၍ မကောက်နိုင်ခဲ့သော ခရေပွင့်လေးများကို ကျောင်းဆင်းချိန် အိမ်ပြန်လမ်းတွင် သူငယ်ချင်းများနှင့် ခရေပွင့်များကို လုကောက်ရင်း ပျော်ရွှင်ခဲ့ရပုံများကိုလည်း မြင်ယောင်လာမိပြန်ပါသည်။

စာပေရနံ့များ၊ ခရေရနံ့များဖြင့် မွှေးပျံ့နေမည်ဖြစ်သော စာအုပ်ဈေးလမ်း စာအုပ်ဈေးတန်းကို အခါအခွင့်သင့်လို့ ရောက်ခဲ့ရမယ်ဆိုရင်ဖြင့် ငယ်စဉ်က ဖြတ်သန်းခဲ့သော ပုံရိပ်များကို လွမ်းဆွတ်တမ်းတခံစားရင်း မိမိစိတ်ကြိုက် စာအုပ်မျိုးစုံကို ရွေးချယ်ဝယ်ယူကာ အခြားစာပေများကိုလည်း မြည်းစမ်းဖတ်ရှုခြင်းဖြင့် ညနေခင်းတစ်ခုကို သာယာချမ်းမြေ့ပျော်ရွှင်စွာဖြင့် ကုန်ဆုံးချင်မိပါသည်။

ဒုတိယပွဲတော်ကတော့ ရန်ကုန်မြို့ မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံတွင် ဇန်နဝါရီလ ၂၂ ရက်မှ ၂၄ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသော နိုဘယ်လ်-မြန်မာစာပေပွဲတော်ဖြစ်ပါသည်။ အဆိုပါ ပွဲတော်ကျင်းပသည်မှာ ယခုဆိုလျှင်

**အနာဂတ်၏ အဖိုးတန်ကလေးများအား အရည်အသွေးတိုးတက်မြင့်မားသော၊ ဂုဏ်သိက္ခာကြီးမားသော၊ စည်းကမ်းစနစ် သေသပ်ကောင်းမွန်သော ကလေးသူငယ်များမှ လူငယ်လူရွယ်များအဖြစ် အနာဂတ်နိုင်ငံတော်တွင် ပခုံးပြောင်းတာဝန်များကို ထမ်းဆောင်ကြမည့် နိုင်ငံ့ဂုဏ်ဆောင် သားကောင်းများအဖြစ် ပေါ်ထွန်းလာစေရန်အတွက် ဝိုင်းဝန်းပံ့ပိုးထုဆစ်ရမည်မှာ ကျွန်မတို့ပြည်သူတစ်ရပ်လုံး၏ တာဝန်ပင်ဖြစ်**

ကိုလည်း ဖတ်ရှုခွင့်ရခဲ့သဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်မိပါသည်။

စတင်ဖွင့်လှစ်ရောင်းချသည့်အချိန်မှ ယခုအချိန်အထိ စာပေချစ်မြတ်နိုးသူများ၊ စာပေကို လေးစားတန်ဖိုးထားသူများ၊ စာပေကို လေ့လာလိုက်စားလိုသော ကျောင်းသား ကျောင်းသူများနှင့် မိမိ၏ သားသမီးများကို စာပေအသိပညာဗဟုသုတနှင့် ပြည့်စုံစေလိုသော မိဘများဖြင့် ရန်ကုန်မြို့၏ ညနေခင်းများသည် သက်ဝင်လှုပ်ရှားနေမှာကိုလည်း မြင်ယောင်နေမိပါသည်။

စာအုပ်ဈေးလမ်း စာအုပ်ဈေးတန်းဖွင့်လှစ်ရောင်းချသည့် နေရာကို ကြည့်မည်ဆိုပါကလည်း ရန်ကုန်မြို့၏ သမိုင်းဝင်နေရာဖြစ်သော အတွင်းဝန်များရုံး၊ ကျွန်မငယ်စဉ်ကပင် သိခဲ့ရသော ဝန်ကြီးများရုံး၏ မျက်နှာစာလမ်းမကြီးဖြစ်ပြီး ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန၏ ဗဟိုပုံနှိပ်စက်ရုံတို့ တည်ရှိရာ၊ တစ်နည်းအားဖြင့် နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိပြီဖြစ်သော အဆိုပါရုံး၊ ဌာနများအား ရန်ကုန်မြို့ပြ အမွေအနှစ် အထိမ်းအမှတ်အဖြစ် အပြာရောင်ကမ္ပည်းတပ်ဆင်ထားသည့် သမိုင်းဝင်အဆောက်အအုံများရှိရာနေရာတစ်ဖက်တွင်လည်း ကျွန်မငယ်စဉ် ပညာရည်နို့သောက်စို့ခဲ့ရသော အထက(၄) ဗိုလ်တထောင် (မိန်းကလေးကျောင်း)၊ ကျွန်မ၏ အစ်ကိုများနှင့် မောင်လေးတို့ တက်ရောက်ပညာသင်ကြားခဲ့ကြသော အထက(၆) ဗိုလ်တထောင် (စိန်ပေါလ်ကျောင်း) နှင့် အထက(၅) ဗိုလ်တထောင်ကျောင်းများဖြင့် ဝန်းရံထားသော နေရာလေးလည်းဖြစ်ပါသည်။

ကျောင်းတက်စဉ် ကာလတစ်လျှောက်လုံး ဖြတ်သန်းသွားလာရင်းနှီးခဲ့ရသော သိမ်ဖြူလမ်းမကြီး၏ လမ်းဘေးဝဲယာ တစ်ဖက်တစ်ချက်စီတွင် သက်တမ်းရင့် တတိယအကြိမ်မြောက်ဖြစ်ပြီး ရသစာပေဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ပွဲတော်ကျင်းပစဉ်ကာလအတွင်း နှစ်ပေါင်း ၁၀၀ အတွင်းက ထွက်ရှိခဲ့သော မြန်မာ့ဝတ္ထု အကောင်းဆုံးရသစာအုပ်များ၊ နိုဘယ်လ်ဆုရစာအုပ်ပြခန်းများ၊ စာတမ်းဖတ်ပွဲများ၊ ပန်းချီ၊ ကာတွန်းပြခန်းများ၊ ကယ်ရီကေးချားပုံတူရေးဆွဲခြင်းများ၊ ကဗျာရွတ်ပွဲများ၊ စာပေဟောပြောပွဲနှင့် ဆွေးနွေးပွဲများ၊ ရသစာပေနှင့် ပတ်သက်သည့် စကားဝိုင်းများအပါအဝင် စာပေအနုပညာရှင်များကိုယ်တိုင် ပါဝင်တင်ဆက်ပြသမည့် ပြဇာတ်ဖျော်ဖြေပွဲများကိုပါ ထည့်သွင်းကျင်းပကြောင်းနှင့် ပွဲတော်သို့ လာရောက်လေ့လာကြည့်ရှုမည့် ပရိသတ်များအား ဧည့်ခံကျွေးမွေးရေးအစီအစဉ်များဖြင့် နေ့စဉ်လှူဒါန်းကျွေးမွေးကြောင်း သတင်းများကိုလည်း ဖတ်ရှုခွင့်ရသည့်အတွက် များစွာ ဝမ်းသာကြည်နူးမိပါသည်။

ဇန်နဝါရီ ၂၂ ရက်တွင် နိုဘယ်လ်-မြန်မာစာပေပွဲတော်ဖွင့်ပွဲအခမ်းအနားကို နိုင်ငံတော်သမ္မတ ဦးထင်ကျော်ကိုယ်တိုင် တက်ရောက်ကာ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ပြီး အမှာစကားပြောကြားကာ ပွဲတော်ကို လှည့်လည်ကြည့်ရှုအားပေးခဲ့သော ပုံရိပ်များကိုလည်း ကိုယ်တိုင်ပွဲတော်သို့ မတက်ရောက်ခဲ့ရသော်လည်း ရုပ်မြင်သံကြားနှင့် နိုင်ငံပိုင်သတင်းစာများ၊ ပုဂ္ဂလိကသတင်းမီဒီယာများမှ ဖော်ပြပေးခဲ့ရာ သိရှိခွင့်ရခဲ့သဖြင့်လည်း များစွာ ကျေနပ်ဂုဏ်ယူမိပါသည်။ နိုဘယ်လ်-မြန်မာစာပေပွဲတော်ကြီးအား စာအုပ်၊ စာပေနှင့်ပတ်သက်သည့် နယ်ပယ်များထဲမှ ပုဂ္ဂိုလ်များ၊ စာရေးဆရာများ၊ ကဗျာ၊ ကာတွန်းဆရာများ၊ ဒီဇိုင်နာများနှင့် စာအုပ်ထုတ်ဝေသူများ စုပေါင်းကာ ပွဲတော်ကို ကျင်းပရန် စီစဉ်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ပထမအကြိမ် နိုဘယ်လ်-မြန်မာစာပေပွဲတော်ကို ၂၀၁၅ ခုနှစ်တွင် “စာပေနှင့်ငြိမ်းချမ်းရေး”ခေါင်းစဉ်ဖြင့် ပထမအကြိမ်၊ ၂၀၁၆ ခုနှစ်တွင် “ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေး” ခေါင်းစဉ်ဖြင့် ဒုတိယအကြိမ်၊ ယခု ၂၀၁၇ ခုနှစ်တွင် “ရသစာပေ” ခေါင်းစဉ်ဖြင့် တတိယအကြိမ်မြောက် ကျင်းပခြင်းဖြစ်ကြောင်းကိုလည်း လေ့လာဖတ်ရှုခွင့်ရခဲ့ပါသည်။

မြန်မာစာပေလောက ဖွံ့ဖြိုးတိုးတက်ရန်အတွက် တန်ဖိုးမဖြတ်နိုင်သော စာပေပွဲတော် ချစ်မြတ်နိုးကြသူများ၊ စာပေကို လေ့လာလိုက်စားလိုသူများနှင့် ကလေးသူငယ်များ စာပေကို စိတ်ပါဝင်စားလာစေရန်အတွက် တစ်နေရာတည်းတွင် စာပေအမျိုးအစားစုံလင်စွာဖြင့် လေ့လာမြည်းစမ်းခွင့်ရစေရန်နှင့် မိမိအလိုရှိသော စာပေအမျိုးအစားများအား တစ်နေရာတည်းတွင် စုစည်းရရှိနိုင်ရန်အတွက် စာအုပ်ဆိုင်ခန်းပေါင်း ၁၄၀ကျော်ကို ဖွင့်လှစ်ရောင်းချပေးသည်မှာလည်း ပွဲတော်စီစဉ်သော တာဝန်ရှိသူများ၏ ကောင်းမွန်သော စိတ်ကူးများဖြစ်ပေသည်။

ကျွန်မသည် နိုဘယ်လ်-မြန်မာစာပေပွဲတော်သို့ ကိုယ်တိုင်သွားရောက်ခွင့် မရနိုင်ခဲ့သော်လည်း ကိုယ်တိုင်ရောက်ရှိသွားသကဲ့သို့ ခံစားရပါသည်။ မြန်မာစာပေအမျိုးအစားများစွာထဲမှ ကျွန်မစိတ်ဝင်စားသော ရသစာပေဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ကျင်းပသော နိုဘယ်လ်-မြန်မာစာပေပွဲတော်ကြီးကို ကိုယ်တိုင်ပါဝင်ဆင်နွှဲခွင့်မရခဲ့သည့်အတွက် ဝမ်းနည်းမိသော်လည်း ကျွန်မနည်းတူ ဝါသနာရှင်များ၊ စာပေချစ်မြတ်နိုးသူများ၊ စာပေကို လေးစားမြတ်နိုးတန်ဖိုးထားသူများက ပါဝင်ဆင်နွှဲနေကြသော ပုံရိပ်များကို မြင်တွေ့ခွင့်ရသည့်အတွက် ကျေနပ်ပီတိဖြစ်မိပါသည်။

နောက်နှစ်များတွင် နိုဘယ်လ်-မြန်မာစာပေပွဲတော် ကျင်းပချိန်တွင် ပါဝင်ဆင်နွှဲခွင့်ရပါစေကြောင်းလည်း ဆန္ဒပြုမိပါသည်။ ကျွန်မသာ တက်ရောက်ခွင့်ရခဲ့ပါက မိမိစိတ်ကြိုက်စာတမ်းဖတ်ပွဲများနှင့် စာပေဆိုင်ရာ ဟောပြောဆွေးနွေးပွဲများကို တက်ရောက်နားထောင်ကာ လေ့လာမှတ်သားမည်ဖြစ်ပြီး မိမိအလိုရှိရာ စာအုပ်များကိုလည်း မွှေနှောက်ရှာဖွေဝယ်ယူမည်ဖြစ်ကာ မိမိ၏ရုပ်ပုံကို ကယ်ရီကေးချားပုံတူရေးဆွဲပေးရန် ပညာရှင်ဆရာများထံ ခွင့်တောင်းမည်ဖြစ်ပြီး ပွဲတော်မှ ဧည့်ခံကျွေးမွေးသော စားသောက်ဖွယ်ရာများကိုလည်း အားပေးသုံးဆောင်ရင်းဖြင့် ကျွန်မ၏တစ်နေ့တာကို ကုန်ဆုံးစေမည်ဖြစ်ပါသည်။

ကျွန်မစိတ်ဝင်စားမိသော တတိယပွဲတော်မှာ ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရတို့ပူးပေါင်း၍ မန္တလေးမြို့တွင် ဇန်နဝါရီ ၂၇၊၂၈ နှင့် ၂၉ ရက်တို့၌ ကျင်းပမည်ဖြစ်သော ကလေးစာပေပွဲတော်ဖြစ်ပါသည်။ အဆိုပါစာပေပွဲတော်ကို မန္တလေးမြို့ (၇၃) လမ်းနှင့် ငုရွှေဝါလမ်းထောင့်ရှိ မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ် (MIIT) ၌ ပြုလုပ်မည်ဖြစ်ပြီး ကလေးငယ်များစိတ်ဝင်စားမည့် စာအုပ်၊ စာစောင်များ ခင်းကျင်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ကလေးများ စိတ်လှုပ်ရှားပျော်ရွှင်စေရန်အတွက် ဖျော်ဖြေပွဲများ၊ ဂိမ်းကစားနည်းများနှင့် ပြိုင်ပွဲများကိုပါ ထည့်သွင်းကျင်းပသွားမည်ဖြစ်ကြောင်း၊ ကလေးများ ကျောင်းစာတစ်ခုတည်းတွင် နစ်မြုပ်မနေဘဲ ပြင်ပ ဗဟုသုတများ ဖတ်ရှုလေ့လာကာ စိတ်ကူးအကြံဉာဏ်ကောင်းများ ရရှိစေရန်အတွက် ငယ်စဉ်ကပင် စာပေကို ဖတ်ရှုသည့် အလေ့အကျင့်ကောင်းများ မွေးမြူပေးရန် ရည်ရွယ်ကာ ကလေးစာပေပွဲတော်ကို ကျင်းပခြင်းဖြစ်ကြောင်းကိုလည်း သိရှိခွင့်ရခဲ့ပြန်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီး အစိုးရတို့၏ ကလေးသူငယ်များနှင့်ပတ်သက်၍ ထားရှိသော စေတနာနှင့် ရည်ရွယ်ချက်ကောင်းများကိုလည်း သိရှိခွင့်ရခဲ့သဖြင့် မိဘများကိုယ်စား ကျေနပ်ပီတိဖြစ်မိပါသည်။ ကလေးစာပေပွဲတော်ကို ကျင်းပသည်မှာ ယခုအကြိမ်နှင့်ဆိုလျှင် ဒုတိယအကြိမ်မြောက်ဖြစ်ပြီး ပထမအကြိမ်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် နေပြည်တော်ရှိ MICC-2 ၌ ကျင်းပခဲ့ကာ နိုင်ငံတော်သမ္မတကြီး ဦးထင်ကျော်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ် အမှာစကားပြောကြားခဲ့ပါသည်။

အနာဂတ်နိုင်ငံတော်၏ သားကောင်းရတနာ၊ သမီးကောင်းရတနာကလေးများအား ငယ်စဉ်မှစကာ စာပေကို ချစ်မြတ်နိုးပြီး လေးစားတန်ဖိုးထားတတ်စေရန်နှင့် စာပေဖတ်ရှုသည့် အလေ့အထကောင်းများ ပေါ်ပေါက်လာအောင်၊ ကောင်းမွန်သည့် အကျင့်စရိုက်ကောင်းများဖြစ်ပေါ်လာအောင်၊ လူ့ယဉ်ကျေးလေးများဖြစ်အောင် လေ့ကျင့်ပျိုးထောင်ပေးလိုသည့် စိတ်ရင်းစေတနာကောင်းများကိုလည်း သိရှိခံစားရမိပါသည်။

နည်းပညာဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ စာပေဖတ်ရှုမှုများ အားနည်းလာခဲ့ပြီဖြစ်ကြောင်း ကျွန်မတို့အားလုံး လက်ခံလာကြရမည်ဖြစ်ပါသည်။ စာအုပ်စာစောင်ဖတ်ဖို့ထက် ကွန်ပျူတာနှင့် လက်ကိုင်ဖုန်းများမှ တစ်ဆင့် ဂိမ်းများကို စွဲလမ်းနှစ်ခြိုက်စွာ ဆော့ကစားလာကြသည့် ကလေးသူငယ်များနှင့် လူငယ်လူရွယ်များကလည်း အမြောက်အမြားပင်။ နည်းပညာတိုးတက်လာမှုနှင့်အတူ ဆုတ်ယုတ်ပျက်စီးလာသည့် လူငယ်လူရွယ်များ၏ အကျင့်စာရိတ္တများ၊ အတုခိုးမှားမှုများကို မဖြစ်ပေါ်စေရန်အတွက် ယခုကဲ့သို့ စာပေပွဲတော်များကို ကျင်းပပေးခြင်းအားဖြင့် အချိန်မီ ထိန်းကျောင်းသွားရန် လိုအပ်နေမည်ဖြစ်ပါသည်။

ယခုအခါ နိုင်ငံတော်မှ စာပေဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ပေးနေချိန်တွင် ကျွန်မတို့ပြည်သူများကလည်း တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ကူညီသင့်ပေသည်။ ယခင်က ကျောင်းသား၊ မိဘ၊ ဆရာ ပူးပေါင်းဆောင်ရွက်နေရာမှ ယခုအခါ နိုင်ငံတော်အစိုးရကပါ ဦးဆောင်၍ပူးပေါင်းပါဝင်ဆောင်ရွက်ပေးခြင်းဖြင့် အနာဂတ်၏ အဖိုးတန်ကလေးများအား အရည်အသွေးတိုးတက်မြင့်မားသော၊ ဂုဏ်သိက္ခာကြီးမားသော၊ စည်းကမ်းစနစ် သေသပ်ကောင်းမွန်သော ကလေးသူငယ်များမှ လူငယ်လူရွယ်များအဖြစ် အနာဂတ်နိုင်ငံတော်တွင် ပခုံးပြောင်းတာဝန်များကို ထမ်းဆောင်ကြမည့် နိုင်ငံ့ဂုဏ်ဆောင် သားကောင်းများအဖြစ် ပေါ်ထွန်းလာစေရန်အတွက် ဝိုင်းဝန်းပံ့ပိုးထုဆစ်ရမည်မှာ ကျွန်မတို့ပြည်သူတစ်ရပ်လုံး၏ တာဝန်ပင်ဖြစ်ပါသည်။ မကြာမီကျင်းပတော့မည့် ကလေးစာပေပွဲတော်မှာလည်း အောင်မြင်စွာကျင်းပနိုင်မည်ဟု ယုံကြည်မိပါသည်။

အချုပ်ဆိုရသော် ပွင့်လင်းလာသော ခေတ်စနစ်နှင့်အတူ နှစ်တစ်နှစ်၏ အစမှာပင် နိုင်ငံနှင့် ပြည်သူတို့ အကျိုးရှိစေမည့် စာပေပွဲတော်များကျင်းပပေးခြင်းဖြင့် မြန်မာစာပေလောက ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်မှာ အမှန်ပင်ဖြစ်ပါကြောင်းနှင့် ရန်ကုန်မြို့တွင် ကျင်းပနေသော စာပေပွဲတော်များနှင့် မန္တလေးမြို့တွင် မကြာမီရက်ပိုင်းအတွင်း ကျင်းပတော့မည့် ကလေးစာပေပွဲတော်များအကြောင်းကို ရင်ခုန်ခံစားရင်း စိတ်ကူးတောင်ပံများဖြန့်နေမိပါတော့သည်။ ။

*(ကိုးကား-နိုင်ငံပိုင်သတင်းစာများ)*

NM New Motion

**NEW MOTION**
TRAVELS & TOURS

ရွှေ့လျှားသစ်လွင်
အတာသကြံန်ခရီးစဉ်များ

မန္တလေးမှထွက်မည့် ခရီးစဉ်များ

| | |
|---|---|
| ဂျပန် | – ဧပြီ (၁၁ – ၂၀) |
| ကိုရီးယား | – ဧပြီ (၁၁ – ၂၀) |
| စင်ကာပူ | – ဧပြီ (၁၃ – ၁၀) |
| စင်ကာပူ–မလေးရှား | – ဧပြီ (၁၂ – ၁၉) |
| ဗန်ကောက် | – ဧပြီ (၁၂ – ၁၇) |
| ဖူးခက် | – ဧပြီ (၁၃ – ၁၇) |
| ဗန်ကောက်–ဖူးခက် | – ဧပြီ (၁၂ – ၁၀) |
| တရုတ်ပြည်မကြီး | – ဧပြီ (၁၂ – ၁၉) |

Call Now!



ရန်ကုန်မှထွက်မည့် ခရီးစဉ်များ

ESCAPE FROM EVERYDAY LIFE

| | |
|---|---|
| အမေရိကား | – ဧပြီ (၁၀ – ၂၈) |
| | – ဧပြီ (၁၁ – ၂၇) |
| ဥရောပ | – ဧပြီ (၁၀ – ၂၄) |
| ဩစတြေးလျ | – ဧပြီ (၁၀ – ၂၀) |
| အင်္ဂလန် | – ဧပြီ (၁၁ – ၂၄) |
| စပိန်–ပေါ်တူဂီ | – ဧပြီ (၁၀ – ၂၁) |
| ဂရိ | – ဧပြီ (၁၁ – ၁၉) |
| တရုတ်ပြည်မကြီး | – ဧပြီ (၁၂ – ၁၉) |
| ဟောင်ကောင် | – ဧပြီ (၁၂ – ၁၇) |
| ဟောင်ကောင်–တရုတ် | – ဧပြီ (၁၃ – ၂၀) |
| ဂျပန် | – ဧပြီ (၁၂ – ၂၁) |
| ဂျပန်(ဟိုကိုင်းဒိုး) | – ဧပြီ (၁၃ – ၂၁) |
| သီရိလင်္ကာ | – ဧပြီ (၁၂ – ၁၈) |
| ဗုဒ္ဓဂယာ | – ဧပြီ (၁၃ – ၂၀) |
| ကိုရီးယား | – ဧပြီ (၁၁ – ၂၀) |
| ဒူဘိုင်း | – ဧပြီ (၁၂ – ၁၈) |
| ဘူတန် | – ဧပြီ (၁၂ – ၁၉) |
| ထိုင်ဝမ် | – ဧပြီ (၁၄ – ၂၀) |
| စင်ကာပူ | – ဧပြီ (၁၂ – ၁၆) |
| | – ဧပြီ (၁၃ – ၁၇) |
| စင်း–မလေး | – ဧပြီ (၁၁ – ၁၈) |
| စင်း–ဘာလီ | – ဧပြီ (၁၂ – ၁၉) |
| ဘာလီ | – ဧပြီ (၁၂ – ၁၈) |
| ဖူးခက် | – ဧပြီ (၁၃ – ၁၇) |
| ဗန်ကောက် | – ဧပြီ (၁၂ – ၁၇) |
| ကက်ရှ်မီးယား | – ဧပြီ (၁၂ – ၁၉) |
| ဗန်ကောက်–ဖူးခက် | – ဧပြီ (၁၂ – ၁၈) |
| ဗီယက်နမ် (ဟနွိုင်း) | – ဧပြီ (၁၂ – ၁၆) |
| (ဒါနန်း) | – ဧပြီ (၁၃ – ၁၈) |
| (ဒါနန်း) | – ဧပြီ (၁၂ – ၁၇) |
| ဗီယက်နမ်–ကမ္ဘောဒီးယား | – ဧပြီ (၁၂ – ၁၉) |
| ဗန်ကောက်–ကမ္ဘောဒီးယား | – ဧပြီ (၁၃ – ၁၈) |

Feb & March!

| | |
|---|---|
| ဗုဒ္ဓဂယာ | – Mar 02-09 |
| ဗန်ကောက် | – Feb 24-28 |
| ဖူးခက် | – Mar 24-28 |
| ဗီယက်နမ် | – Feb 24-27, Mar 17-20, Mar 24-28 |
| စင်ကာပူ | – Feb 24-28, Mar 17-21 |

**YANGON :** No. 20, Ground Floor, Kyun Taw Road, Sanchaung Tsp, Yangon. Tel : 09-73148944~55~66, 09-260792885~6~7
**MANDALAY :** No. 234, 33rd Street. Between 81st x 82nd Street. Tel : 09-91021122, 43147879, 259033443



Forever Gems
by
ရွှေနန်းတော်

Chinese New Year 2017
Special Sales

Up to 50% off

27-1-2017 - 5-2-2017

ရွှေနန်းတော်စိန်ရွှေရတနာဆိုင် (၄)ဆိုင်

ဆိုင်(၁)– အမှတ်–၇၄၃၊မဟာဗန္ဓုလလမ်းနှင့်လမ်းမတော်လမ်းထောင့်၊ဈေးမြို့ပြင်အနီး
PH: 01-210572,01-229409,01-227212

ဆိုင်(၂)– အမှတ်–၆၈၉၊၁၉လမ်းနှင့်မဟာဗန္ဓုလလမ်းထောင့်
PH:01-211728, 01-226977,01-228751

ဆိုင်(၃)– မြေညီထပ်၊ JUNCTION SQUARE SHOPPING CENTRE
PH:01-211728, 09-731 45462,09-731 45463

ဆိုင်(၄)– (G-05A), မြေညီထပ်၊ MYANMAR PLAZA (HAGL GROUP)
NEAR SEDONA HOTEL), PH: 09-2653 99966, 09-2653 99977





สมิติเวช
SAMITIVEJ
ဆမ်မီတဝေးဆေးရုံကြီး
........A Hospital like no other

ထိုင်းနိုင်ငံရှိ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဝန်ဆောင်မှုများ၏ ရှေ့ဆောင်ဆေးရုံကြီး

JCI (နိုင်ငံတကာအဆင့်မီ အရည်အသွေးပြည့်) အပြင် အရှေ့တောင်အာရှ ကျန်းမာရေးခရီးသွားလုပ်ငန်းများ အသိအမှတ်ပြုဆေးရုံကြီး

- ဝါရင့်ကျွမ်းကျင်သော ပညာရှင်များ၏ ကျန်းမာရေးစောင့်ရှောက်မှု
- မြန်မာစကားပြန်များ၏ နွေးထွေးသောဝန်ဆောင်မှု



မြန်မာပြည်ကိုယ်စားလှယ်ရုံး
Columbus Health Care Services

အမှတ် ၂၅၃၊ မြေညီထပ်၊ဗိုလ်အောင်ကျော်လမ်း(အလယ်ဘလောက်)၊ကျောက်တံတားမြို့နယ်၊ ရန်ကုန်။ ဖုန်း၊ ၀၁ - ၃၇၈၅၈၃၊ ၀၉ ၇၈၃ ၇၈၃ ၈၃၁၊ ၀၉ ၇၈၃ ၇၈၃ ၈၃၂
မန္တလေးရုံးခွဲ။ ဖုန်း၊ ၀၂ - ၆၀၉၅၆၊ ၀၁၁ - ၂၀၃၀၂၃၊ ၀၉ - ၄၃၁၇၇၅၀၀၊ တောင်ကြီးရုံးခွဲ။ ဖုန်း - ၀၈၁ - ၂၁၂၂၈၉၂၊ ၀၉ - ၅၁၉၃၇၄၄

# ကျောက်စိမ်းရတုမင်္ဂလာဆုတောင်းလွှာ

၂၆-၁-၂၀၁၇ရက်တွင်ကျရောက်သော **ဖေဖေ ဦးစိုးနိုင်[ဦးစီးမှူး(မြို့ပြ) (ငြိမ်း) ဆည်မြောင်းဦးစီးဌာန]၊ မေမေ ဒေါ်ရီရီဌေး**တို့၏ (၃၅)နှစ်မြောက် ကျောက်စိမ်းရတု မင်္ဂလာရက်မြတ်မှသည် နောင်နှစ်ပေါင်းများစွာတိုင် ချစ်သောမိသားစုနှင့်အတူ သက်ရှည်ကျန်းမာစွာဖြင့် အမျိုးဘာသာ၊ သာသနာအကျိုး ထမ်းဆောင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သားကြီး ရဲ - ဗိုလ်မှူးရဲရင့်ရန်နိုင်-ဒေါ်ဟေမာဝင်းမောင်
ချစ်မြေး - ဘုန်းသံလွင်နိုင်(K.G)၊ အောင်ဆန်းသူရိယလှသောင်းကျော်
သားလတ် ဖွဲ့ - ဒေါက်တာဖွဲ့ဇော်ဇော်နိုင် M.B.,B.S(YGN)
သားငယ် စွမ်း - စွမ်းထက်စိုးနိုင် B.A(Geo)

Since 1985
ဇေယျာနာရှင်
ရွှေစက်တော်ပွင့်ပွဲ Jan (30,31)
ရွှေစက်တော်-မကွေး(၃/၄)ရက်
ရွှေစက်တော်-ပုဂံ၊ပုပ္ပါး(၅)ရက်
ရွှေစက်တော်-မုံရွာ၊ကသော(၅)ရက်
တောင်ကြီး၊အင်းလေး၊ပင်းတယ(၅)ရက်
ထားဝယ်ရှင်ကိုးရှင်၊မောင်းမကန်(၅)ရက်
Fri day
ကျိုက်ထီးရိုး/ချောင်းသာ/ငွေဆောင်
01-392704, 09 73017110
09795066657,09785066657

"မေသုမောင် ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့"
* (၁၄)ညအိပ်(၁၅)ရက်၊သံဝေဇနီယလေးဌာန၊အဋ္ဌမဟာလေးဌာန၊
(Hotel-3-Night)ညအိပ် ခရီးစဉ်များကို အထူးဈေးနှုန်းဖြင့်
ပြောင်းလဲ ကုသိုလ်ယူပို့ဆောင်ပေးပါမည်။ (05.Feb) /(22.Feb)
(22.Mar)/(12.Apr) / Hotel.သီးသန့် (11.Apr)
ရုံးချုပ်-အမှတ်၊(8/H)ဆင်မလိုက်အဆင့်မြင့်ကွန်ဒို၊ကမာရွတ်မြို့နယ်၊
ရန်ကုန်ဖုန်း-၀၉၇၉၅၀၀၂၄၇၀၊၀၉၅၀၀၂၄၇၀၊၀၉၇၃၂၄၁၆၈၇၊
၀၉၄၇၁၁၂၄၂၇၊၀၁-၂၃၀၅၉၂၈၊၀၂၇၆၀၂၄၊၀၉၄၄၄၀၇၀၂၇၀

မြန်မာ့အမိုးခေါင် ပြည် အကောက်တောင် - Jan 28
50% Dis
75000
ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး(ရွှယ်တော်လေးဆူ ပြည့်ဝါပြည့်)၊ မစုရှိ
■ ဖေယျာင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ထမ်းမိုးလှိုက်ဂူ(၄)ရက်။ ကျိုင်းတောင်ပါ(၅)ရက်။
■ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ မုံရွာ(၄)ရက်။ မန္တလေး၊ ပြင်ဦးလွင်ပါ(၅)ရက်။
■ ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ကမီ၊ ဇော်ဂဲ(၅)ရက်။ Jan 20, 27
■ မန်းရွှေစက်တော်နှင့်လမ်းဆုံဘုရား(၄)ရက်။ ■ မန်းရွှေစက်တော်၊ ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး(၅)ရက်။
■ မန်းရွှေစက်တော်နှင့် မုံရွာ၊ အလောင်းတော်ကဿပ(၅)ရက် Jan 30 ထွက်မည်
373275, 708342, 0949219404

Yaung Chi Thit Lin Moving Service Co.,Ltd
YCT ရောင်ခြည်သစ် (လင်း)
အိမ်ပြောင်း၊အိမ်ရွှေ့ဝန်ဆောင်မှု ကုမ္ပဏီ
(မြို့တွင်း / နယ်ဝေး)
No.194, Myayamon Water Fromt Villa, Lay Doung Kan Road,26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773

လူ့ဘဝဆိုတာတိုတောင်းပါတယ်။ ရှင်သန်စဉ်နေ့ရက်တိုင်းမှာ
တစ်ထောင့်တစ်နေရာမှ တတ်စွမ်းသလောက်ဖြည့်စွက်ရန်ရည်ရွယ်၍ ....
စာသင်ကောင်း၍ စေတနာပါသော ဆရာ၊ ဆရာမများ စုစည်းမှုဖြင့်
ဒေါက်တာဟိန်းထွန့်တည်ထောင်သော
ဘဝလမ်းဝိုင်း
ကျောင်းအပ်လက်ခံပြီ
၉ တန်း၊ ၁၀ တန်း(အယောက် ၂၀ သီးသန့်) အထူးစာသင်ဝိုင်းများ
အမှတ်(၁၂၆ / ၁၂၈)၊ ဒုတိယထပ် (ဓာတ်လှေခါးတွင် နံပတ်-၂ ကိုနှိပ်ပါ)၊
ဘဝလမ်း (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)၊ လသာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၉ ၄၅၇၇၇၉၀၆၇၊ ၀၉ ၇၆ ၇၃၇၄၇၀၉
✷ အထူးကြပ်မတ် စာကျက်ဝိုင်းများ ✷
➤ မိမိရည်မှန်းထားသော အောင်မြင်မှုကို ရယူနိုင်ရန်အတွက် စနစ်ကျသော နည်းဗျူဟာလိုအပ်ပါသည်။ နည်းဗျူဟာနှင့် ချဉ်းကပ်ပုံ မမှန်ကန်ပါက မည်မျှပင် ကြိုးစားပါစေ မျှော်မှန်းသလောက် ရလဒ်မကောင်းနိုင်ပါ။
➤ ယခုစာကျက်ဝိုင်းတွင်ဒေါက်တာဟိန်းထွန့်ကိုယ်တိုင်အနီးကပ်ကြီးကြပ်၍စနစ်ကျသော မှတ်တမ်းမှတ်ရာများ၊ နည်းလမ်းများဖြင့်ပုံမှန်လမ်းရိုး ၊ လမ်းဟောင်းမှ ခွဲထွက်ကာ ကလေးတစ်ဦးချင်းစီကို လက်တွဲခေါ်ပါမည်။
➤ အိမ်တွင် Guide ခေါ်ယူကြသောအခါ အချိန်မလုံလောက်မှုကြောင့် အဖြစ်များနေကြသော" လေ့ကျင့်ကျက်မှတ်သင်ယူမှုများတွင် ဟာကွက်ဖြစ်နေမှုများ "ကိုပါ အကောင်းဆုံးဖြည့်စွက် ထောက်ကူလေ့ကျင့် ကျက်မှတ်ပေးသွားပါမည်။
➤ လောကတွင်အရာရာကိုစိတ်ကဦးဆောင်ပါသည်။ အောင်မြင်ချင်စိတ်ကို ပိုင်ဆိုင်ထားသော ကလေးတစ်ယောက်အတွက် အောင်မြင်မှုက လက်တစ်ကမ်းအကွာတွင်သာရှိပါသည်။ ယခုစာကျက်ဝိုင်းတွင် ကလေးများကို အောင်မြင်ရေးဆိုင်ရာ စိတ်ပိုင်းဆိုင်ရာ ပြုပြင်သင်ကြားပေးမှု (Motivation) များပါ သင်ကြားလေ့ကျင့်ပေးပါမည်။ (သင်ကြားလေ့ကျင့်ပေးမည့်ပုံစံများ ၊ စနစ်ကျသော မှတ်တမ်းမှတ်ရာများကို ကျောင်းခန်းမတွင် လာရောက်စုံစမ်းဆွေးနွေးနိုင်ပါသည်။)
ကျောင်းခန်းမလိပ်စာ
အမှတ်(၁၂၆ / ၁၂၈)၊ ဒုတိယထပ် (ဓာတ်လှေခါးတွင် နံပတ်-၂ ကိုနှိပ်ပါ)၊
ဘဝလမ်း (အနော်ရထာလမ်းနှင့် မဟာဗန္ဓုလလမ်းကြား)၊ လသာမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၉ ၄၅၇၇၇၉၀၆၇၊ ၀၉ ၇၆ ၇၃၇၄၇၀၉

Fortune Express
နေ့ချင်းရောက်ကမ်းရိုးတန်းအထူးအမြန်ရေယာဉ် (၇၂၇)
ကြိုတင်လက်မှတ်များဝယ်ယူရရှိနိုင်ပါသည်။
ရန်ကုန်
၃၀၊ မြေညီထပ်၊ ၃၁လမ်း၊ ဗိုလ်တထောင်
ဖုန်း -(01)2300206, 09964641579
09444964407, 09 795545875
ရန်ကုန် ⇌ မြိတ် (မုန်လုံမအပါအဝင်)
စတင်ပြေးဆွဲနေပြီ။




(၂၂.၂.၂၀၁၇) တွင် ရန်ကုန်မှ မြိတ်မြို့သို့ ထွက်ခွာမည်။
မြိတ်
ဖုန်း - 059 41908, 09253846752
ခရီးစဉ်ငြိမ်း

Learners' CHOICE
၂၀၁၇ စာမေးပွဲလမ်းညွှန်
စတုတ္ထတန်း
ကြို တင် လေ့ ကျင့် ပြင် ဆင် နိုင် ရန်
ဘာသာစုံမေးခွန်း(၅)စုံနှင့် စံပြအဖြေများ
(အချိန်ကိုက်၊ အမှတ်ကိုက်၊ စံကိုက်အဖြေ)
ဖြန့်ချိရေး ခေတ်သစ်စာပေ
အမှတ်-၂၃၅၊ ၂၉-လမ်း(အထက်)၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၂၅၃၃၉၀၊ ၃၈၃၇၇၅၊ ၃၈၄၆၅၇၊ ၃၇၃၉၀၅
ထွက်ပြီ
အမြို့မြို့ အနယ်နယ်ရှိ ဆိုင်တိုင်းတွင် ဝယ်ယူရရှိနိုင်ပါပြီ။

MMRD
မြန်မာသတင်းနှင့်ဆက်သွယ်ရေး နည်းပညာလမ်းညွှန်
သင့်လုပ်ငန်းအတွက် အကောင်းဆုံးလမ်းညွှန်
Myanmar INFORMATION and COMMUNICATION TECHNOLOGY DIRECTORY



Print 2017-18
www.ictdirectory.com.mm
https://www.facebook.com/mminformation
၂၀၁၇ အတွက် ကြော်ငြာများထည့်သွင်းလိုပါက
YGN Hot Line : 09 44800 1662
Email: ydg.adv@mmrdpub.com
MDY Hot Line : 02 4000611
Email: mdg.adv@mmrdpub.com

အာရှနဂါး
မြဝတီ/ကျိုက်ထီးရိုး
ချောင်းသာ/ငွေဆောင်
Ph : 703790, 09 799100100
707062, 09 797100100

ရွှေထိပ်တန်း
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ(နေ့စဉ်)
ငွေဆောင်(သောကြာ)
ဖုန်း-၀၁-၇၀၀၀၀၅၊ ၀၉-၅၄၀၃၈၄၄
၀၉-၅၀၄၄၈၃၀

FORWARD (YGN)
ကျိုက်ထီးရိုး/ချောင်းသာ (နေ့စဉ်) (နေ့စဉ်)
0 9 2 5 9 2 5 9 1 8 0
0 9 2 5 9 2 5 9 1 8 1
0 9 2 5 9 2 5 9 1 8 2

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခရီးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

မိုးမြင့်ကြယ်
ကျိုက်ထီးရိုး (နေ့စဉ်/ဦးစီး) 33000
ချောင်းသာ (Guest - ဦးစီး) 35000
(နေ့စဉ်) (Hotel - ဦးစီး) 45000
ငွေဆောင် (Hotel - ဦးစီး) 50000
(နေ့စဉ်) (Hotel+ကား) 40000
ဘုရားဖူးအဖွဲ့အစည်းများအတွက်
Package အထူးစီစဉ်ပေးသည်။
ကားမျိုးစုံခရီးလုံးငှားဆောင်ရွက်ပေးသည်။
01-549380, 09-5093704
09-450012971

Trumpet Travels & Tours
| | | | |
|---|---|---|---|
| ချင်းပြည်-နတ်မတောင်-စလေ (4N 5D) | Jan-28, Feb-9,23 | | 235000 Ks |
| လွိုင်ကော်-ဒီမောဆိုး-ကယန်း(ပဒေါင်)-ပန်ပက်ရွာ (4N 5D) | Feb-9,23 | | 170000 Ks |
| ဘားအံ-မြဝတီ-ဓနိဆောက် (2N 3D) | | အပတ်စဉ်သောကြာ | 95000 Ks |
| ပလေက်ကမ်းခြေ-သံတွဲဘုရားစုံဖူး (2N 3D) | | အပတ်စဉ်သောကြာ | 99000 Ks |
| ငွေဆောင်ကမ်းခြေ-ပုသိမ်ဘုရားဖူး (2N 3D) | | အပတ်စဉ်သောကြာ | 65000 Ks |
| ကျောက်သောင်း-သုဓမ္မ-ကြက်မောက်ကျွန်း (2N 3D) | | အပတ်စဉ်သောကြာ | 449S |

Ph: 01-536975, 01-532238, 09-43089536, 09-5182767

ပုဒ္ဓ ဓမ္မ သံဃ
ROYAL STAR (လုံခြုံရေးဘလိတ်ဓါးဆူးကြိုးလိပ်အရောင်းပြခန်း)မှ
Promotion ကာလအတွင်း ခေတ်မီလုံခြုံရေးဘလိတ်ဓါးဆူးကြိုးလိပ်များကို
(အရောက်ပို့ စရိတ်ငြိမ်း) ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့်
အိမ်တိုင်ရာရောက် ဝါရင့်ဝန်ထမ်းများနှင့်
တိုက်ရိုက် တာဝန်ယူ တပ်ဆင်ပေးနေပါသည်။
မှတ်ချက် - သံချေးတက်ဆူးကြိုးလိပ်များ (လုံးဝ)မရောင်းပါ။
(a) (b) (c)
Ph: 09-50 54 189, 09-50 63 596
မုံရွာ(၁)၊ ကန်သာယာမှတ်တိုင်ရှေ့ သုဓမ္မာလမ်းမပြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

CONCRETE BLOCK & PAVER
SB
0949225855

ရွှေကမ္ဘာ
အိမ်ပြောင်း/
အိမ်ရွှေ့လုပ်ငန်း
14' ကားများဖြင့် လုပ်သားအပါတာဝန်ယူ ဆောင်ရွက်ပေးသည်။(မြို့တွင်း/နယ်ဝေး)
Ph : 09-5097001
09-49259491
09-421177464

ရွှေယဉ်လွင်
တောင်ဒဂုံ (PT Power)
COMING SOON!
အမှတ် ၂ လမ်းမကြီး၊ PT Power ဓါတ်ဆီဆိုင်ဝင်းအတွင်း။ Ph:01-538736

ပါကေး အစားထိုး ကြမ်းခင်း
Special Promotion
မြန်မာပြည်တွင်ပထမဦးဆုံးတင်သွင်းသော
Since 1996
Home
Think of House, Think of Home

Buy Flooring → Get Box
၄ ကျင်း ဝယ်ရင် ၁ ပုံး လက်ဆောင်
Grade A,B,C,D
ဝစ်မှန်မှုကိုဝက်ဖြင့်
"အခမဲ့" လက်တွေ့
စမ်းဆေးပေးသည်။
* Grade A,B,C,D အစစ်များသာရောင်းပါသည်
* ဈေးနှုန်းအနိမ့်ဆုံး → အမြင့်ဆုံး အထိ ရှိပါသည်
* လက္ကား ဝယ်ယူလိုသူများအတွက် အထူးဈေးနှုန်း
ပိုင်ရက်မရှိ
(အင်းစိန်) (သင်္ဃန်းကျွန်း) (ပဲခူး) (မန္တလေး) (တောင်ကြီး)
(အောင်ဆန်းကွင်း) (မြောက်ဥက္ကလာ) (ပေါ်လမြိုင်) (မြင်ဦးလွင်) (မုံရွာ) (နေပြည်တော်)
HOTLINE: 09-79 700 70 70
09-79 700 70 80

ဒဂုံမြို့သစ်
အငှားပိုင်း
အိမ်ခြံမြေနယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

YWCA
ပန်းအလှပြုပြင်နည်းသင်တန်း
အခြေခံ၊ အဆင့်မြင့်နှင့်လက်ဆောင်ပန်းစည်းသင်တန်း၊
နေ့ရက် - ၃၀-၁-၂၀၁၇ မှ ၁၇-၂-၂၀၁၇
အချိန် - မွန်းလွဲ၁း၀၀နာရီမှ ၃း၀၀နာရီ
နေရာ - YWCA, ၁၁၉၊ ဘိုကလေးဈေးလမ်း၊
ပိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၂၄၅၈၆၉၊ ၃၉၂၄၇၀။
မှတ်ချက် - ဓါတ်ပုံ(၃)ပုံ၊ မှတ်ပုံတင်ကတ်ကြေး မှတ်စုစာအုပ်ယူဆောင်လာရန်။

SPRING LINE
★ Hlaing River Landmark ★
◆ ဘိုးဘွားပိုင်မြေ- ဆောက်လုပ်မှုပြီးလုနီး SOHO CONDO
◆ Project ပတ်ပတ်လည်တွင် ထောင်ပေါင်းသောလုပ်ငန်းရှင်များ ပန်းရံထားသောကြောင့် ရင်းနှီးမြှုပ်နှံမှုအတွက် အာမခံချက်ဖြစ်စေသည်။
◆ ၂၀၁၈ နှစ်လည်ပိုင်းတွင် အခန်းအပ်မည်ဖြစ်၍ ရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးအမြတ် လျင်စွာရရှိစေပါသည်။
FIRST BUSINESS CENTER
အခန်းတန်ဖိုး USD 160 /sq.ft မှစ၍ လပေါင်း ၄၀ အရစ်ကျငွေချေမှုစနစ်

ဆောက်လုပ်ပြီးစီးသော PROJECT မှသာ လူကြီးမင်းတို့အတွက်
အာမခံနှင့် ရင်းနှီးမြှုပ်နှံမှု အကျိုးအမြတ်ကို အခိုင်အမာ ဖြစ်စေပါသည်။
Tel: 09 7930 66666
Add: No.461, Kanar Middle Qtr, Hlaing River Road, Insein Township,
Nearby Aung Zay Ya Bridge, Yangon
Facebook: @springlinecenter
Shwe Oak Khai Construction Co., Ltd.



# စွမ်းအင်၊ လျှပ်စစ်နှင့် ကျန်းမာရေးကဏ္ဍတို့၌ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရေးနှင့် စွမ်းဆောင်ရည်တိုးတက်ရေးဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးမြင့်ဆွေသည် အမေရိကန်ပြည်ထောင်စုအခြေစိုက် General Electric - (GE) ကုမ္ပဏီမှ ဒုတိယဥက္ကဋ္ဌ မစ္စတာ ဂျွန်ဂျီရိုက်စ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဓာတ်ပုံ)**

တွေ့ဆုံစဉ် စွမ်းအင်ကဏ္ဍ၊ လျှပ်စစ်ကဏ္ဍနှင့် ကျန်းမာရေးကဏ္ဍတို့၌ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးရေးနှင့် ခေါင်းဆောင်မှုဆိုင်ရာ စွမ်းဆောင်ရည်များ တိုးတက်ရေးတို့နှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# ညအချိန်သွားလာမှုအခက်အခဲများ ဖြေရှင်းရန်အတွက် ရန်ကုန်ဘတ်စ်ကားသီးသန့်ယာဉ်များ ပြေးဆွဲပေးမည်

**ရန်ကုန် ဇန်နဝါရီ ၂၅**

ရန်ကုန်မြို့၏ YBS ဘတ်စ်ကားလိုင်းများ ပြေးဆွဲမှုတွင် ယာဉ်မလုံလောက်မှုကြောင့် အိမ်အပြန် အခက်အခဲဖြစ်ပေါ်နေမှုများအပေါ် ညပိုင်းသီးသန့်ယာဉ်များ ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောသည်။

ညအချိန် ယာဉ်ရပ်မှတ်တိုင်များတွင် ခရီးသည်များစုပြုံနေပြီး ဘတ်စ်ကားမလုံလောက်မှုကြောင့် သွားလာမှုအခက်အခဲများအပေါ် ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် ညပိုင်းသီးသန့်ပြေးဆွဲမည့်ယာဉ်များဖြင့် ဖြည့်ဆည်းဆောင်ရွက်သွားမည်ဟု ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက အတည်ပြုပြောကြားခဲ့သည်။

"ညပိုင်းဘတ်စ်ကား အခက်အခဲတွေအတွက် ညပိုင်းကားပြေးဆွဲပေးဖို့အတွက် ဇန်နဝါရီ ၂၄ ရက်က အစည်းအဝေးလုပ်ပါတယ်။ ညဘက်မှာ သီးခြားပြေးဆွဲဖို့အတွက် ညကြီးကားဆွဲပေးဖို့ အစီအစဉ်ပါ။ အခု ကျွန်တော်တို့ **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❒






# မြန်မာဖူဆယ်အသင်း သုံးပွဲဆက်အနိုင်ဖြင့် ဆီမီးတက်

**ဗန်ကောက် ဇန်နဝါရီ ၂၅**

အာဆီယံဖူဆယ်ပြိုင်ပွဲ အုပ်စုအဆင့် နောက်ဆုံးပွဲစဉ်များကို ယနေ့ မွန်းလွဲပိုင်းမှစ၍ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပရာ ခြေစွမ်းပြနေသည့် မြန်မာ့လက်ရွေးစင်ဖူဆယ်အသင်းသည် မလေးရှားကို ထပ်မံအနိုင်ယူပြီး အုပ်စုပထမဖြင့် ဆီမီးဖိုင်နယ် တက်ရောက်နိုင်ခဲ့သည်။

အကောင်းဆုံးခြေစွမ်းပြနေသည့် မြန်မာအသင်းသည် ယခုပွဲတွင်လည်း အံ့အားသင့်ဖွယ် စွမ်းဆောင်မှုနှင့်အတူ မလေးရှားကို သုံးဂိုးအရှုံးမှ ငါးဂိုး ပြန်သွင်းကာ အနိုင်ယူခဲ့ခြင်းဖြစ်သည်။ ပထမပိုင်းတွင် နှစ်ဂိုး၊ ဒုတိယပိုင်းအစတွင် တစ်ဂိုးပေးခဲ့ရသည့် မြန်မာအသင်းသည် နောက်မှလိုက် ကစားခဲ့ရသော်လည်း အနိုင်မခံ၊ အရှုံးမပေး စိတ်ဓာတ်ဖြင့် ယှဉ်ပြိုင်ကစားခဲ့ရာ ငါးဂိုး ပြန်သွင်းခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် မိနစ် ၃၀ ကျော်မှ ဂိုးပြန်ရခဲ့ခြင်းဖြစ်ပြီး ငြိမ်းမင်းစိုးနှင့် ပြည့်ဖြိုးမောင်တို့က နှစ်ဂိုးစီ၊ အောင်အောင်က တစ်ဂိုး သွင်းယူခဲ့သည်။

မြန်မာအသင်းသည် ယခုပြိုင်ပွဲတွင် မလေးရှား၊ အင်ဒိုနီးရှားတို့နှင့် အုပ်စုကျပ် **စာမျက်နှာ ၃ ကော်လံ ၃ သို့** ❂



သူခစ်
အဆင့်မြင့် ကားစီးလုံးငှား
09-5170371, 09-261023300
(အန်တာတုံး Alphard)ကားများ
ဈေးနှုန်းမှန်ကန်စွာငှားသည်။

ဝင်းဟိန်း
095160048
09-782470755
09-450018709
www.heincarrental.com

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဒဿနိကဗေဒမိသားစု (၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲ အခမ်းအနား ကျေးဇူးတင်လွှာ

၈-၁-၂၀၁၇ ရက် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာတွင် ကျင်းပခဲ့သည့် ဒဿနိကဗေဒမိသားစု၏ (၁၁) ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပေးကြသော ကန်တော့ခံ ဆရာကြီး၊ ဆရာမကြီးများ၊ ဤအခမ်းအနားဖြစ်မြောက်အောင်မြင်ရေးအတွက် ငွေအား၊ လူအား အကြံဉာဏ်အားတို့ဖြင့် အဘက်ဘက်မှ ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခဲ့ကြသော မြန်မာတစ်နိုင်ငံလုံးရှိ တက္ကသိုလ်ကောလိပ်အသီးသီးမှ ဒဿနိကဗေဒဌာန ပါမောက္ခ/ဌာနမှူးများ၊ မျိုးဆက်သစ်ကျောင်းသား၊ ကျောင်းသူများ၊ နှစ်စဉ် ပါဝင်လှူဒါန်းကူညီကြပါသော ဦးအောင်သက်မန်း၊ ဦးထွန်းလွင် (ရွှေသမင်ဆေးတိုက်)၊ Gold Roast ကော်ဖီ၊ ပါမောက္ခ ဒေါက်တာသီသီမြ၊ ဦးတင်ရှိန်(၁၉၇၂)၊ ဦးငြိမ်းချမ်းအောင် (၁၉၈၂/၈၆)၊ ဦးဝင်းဇော်အောင်(၁၉၈၃/၈၄)၊ ဦးမိုးမြင့်ထွန်းနှင့် (၁၉၉၃)ကျောင်းသားများအဖွဲ့၊ ဦးကျော်ကျော်ဦး (၁၉၉၂)၊ ဦးမင်းဒင် (၁၉၉၃/၉၄)၊ ဒဿနိကဗေဒအသင်း(မြန်မာနိုင်ငံ)၊ ကျောင်းသား၊ ကျောင်းသူဟောင်းများနှင့် အမည်မပါရှိသော်လည်း ကျေးဇူးတင်ထိုက်သူအားလုံးတို့ကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

**အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ**

## မြတ်တံခွန်စာသင်တိုက် သိမ်၊ ကျောင်း၊ ဓမ္မာရုံအလှူတော်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ရွှေဂုံတိုင်လမ်း၊ ဗန္ဓုလပင်မှတ်တိုင်၊ လိပ်ပြာကန်တိုက်၊ မြတ်တံခွန်စာသင်တိုက်တွင် စာပေပရိယတ္တိသင်ကြားသော သံဃာတော်များ၊ သီတင်းသုံးနေထိုင်ရန်၊ ယောဂီများ တရားအားထုတ်နိုင်ရန် ပေ(၈၀×၅၀)ရှိ သိမ်၊ ကျောင်း၊ ဓမ္မာရုံတော်ကြီးဆောက်လုပ်နေပါသည်။ အလှူရှင်များ ကမ္ပည်းတင်၍ လှူဒါန်းနိုင်ပါသည်။

| | | |
|---|---|---|
| (၁) | သိမ် | (၅၀၀)သိန်း |
| (၂) | အာစီကြမ်းခင်း(၁)လွှာ | (၃၇၀)သိန်း |
| (၃) | စတီးဝရန်တာပတ်လည် | (၂၃)သိန်း |
| (၄) | ခန်းမတံခါး | (၁၀)သိန်း |
| (၅) | ၁၀-ပေ(၁)ခန်း | (၉)သိန်း |
| (၆) | လှေကား(၁)စင်း | (၅)သိန်း |
| (၇) | တိုင်(၁)လုံး | (၃)သိန်း |
| (၈) | ပြတင်းတံခါး | (၁)သိန်း |
| (၉) | ကျောက်ပြားအခင်း(၁)ကျင်း | (၁)သိန်း(၅)သောင်း |

**ကျောင်းဖြစ်မြောက်ရေးအဖွဲ့**
**မြတ်တံခွန်စာသင်တိုက်**
**ဖုန်း-၀၉-၅၁၁၉၉၇၀၊ ၀၉-၇၃၁၄၇၁၄၃**

香香 酒樓
White Rice
RESTAURANT
Happy Chinese New Year
အထူးအစီစဉ်
27.1.2017 မှ 29.1.2017 ထိ
* ကွမ်းကျိုးပြည်နယ်မှဝါရင့်စားဖိုမှူးအသစ်များ၏ထူးခြားကောင်းမွန်စွာ စီမံချက်ပြုတ်ထားသောဟင်းပွဲအသစ်များဖြင့်ကြွရောက်အားပေးသော မိတ်ဟောင်းမိတ်သစ်များကိုနှစ်သစ်ကူးလက်ဆောင်အနေဖြင့်စားဝိုင်းတိုင်းအတွက်ဟင်းပွဲလက်ဆောင်များနှင့်အချိုပွဲလက်ဆောင်များချီးမြှင့်ပါမည်။*
* Kandawgyi(Royal Lake) Park,Opposite Eye Hospital,Yangon
Tel;01-556837,556838 Email;whitericeyangon@gmail.com*

မိုးရှာမောင်
အိမ်ပြောင်း/အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း
လူကြီးမင်းတို့၏အိမ်ခန်း၊ ရုံးခန်းပြောင်းရွှေ့ခြင်းများအတွက် DYNA 15', 16' ကားများနှင့်အလုပ်သမားစီစဉ်ပေးသည်။
09 5024774
09 73179228
09 49155515
09 49225338

တက်နေဝန်း
အိမ်ပြောင်း/အိမ်ရွှေ့လုပ်ငန်း
(10'/14')Box ကားများဖြင့် လုပ်သားအပြီးအစီး ဝန်ဆောင်မှုပေးသည်။
09-442076599
09-400448695
09-33100721

## ပျောက်ဆုံးကြောင်း

ကျွန်မ ဒေါ်နန်းခင်ထွေး [၁၃/တကန(နိုင်)၀၆၂၅၆၃]၏ မော်တော်ကားအရောင်းစင်တာတွင် မော်တော်ယာဉ်ဝယ်ယူခွင့်ပါမစ် SCP 14-15 16631 (21-01-2015) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၂၀၂၅၄၄၅၄**

ထိပ်တန်း
အိမ်ပြောင်း / အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း / နယ်ဝေး
09-254256969
09-971322259

## ရောင်းမည်

Hyundai Bachhoe ရောင်းရန်ရှိသည်။
Hyundai 22 Ton Bachhoe Model: R220LC-98
2015 Year Used Hours: 1300

**ဆက်သွယ်ရန်ဖုန်း-၀၉-၉၇၁၁၂၁၆၅၈**

ခေတ်မီမြေအုတ်ရိုက်စက် ရပြီ
09 4200 35882
09 4200 35884

Yee Fashion Designer Group
အခြေခံစက်ချုပ်နှင့်ဒီဇိုင်းပညာဖါန ထပ်တန်းခေါ်ယူခြင်း
နိုင်ငံတကာ အဆင့်မီ ခေတ်မီဆန်းသစ်သော အဝတ်အထည်ဒီဇိုင်းများကို ပညာရှင်များမှ ဒီဇိုင်းအသိဒီဇိုင်းအမြင် ဒီဇိုင်းသီအိုရီတို့ဖြင့် ပေါင်းစပ်၍ ခေတ်မီသပ်ရပ်လှပသော စတိုင်ကျသော အဝတ်အစားများကို ဖန်တီးနိုင်သည့် စာတွေ့လက်တွေ့အခြေခံမှစ၍ ဒီဇိုင်းမျိုးစုံ တီထွင်ဖန်တီးနိုင်သော ဒီဇိုင်နာကောင်း တစ်ယောက်ဖြစ်စေရန်နှင့် လူစွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် ရည်ရွယ်၍ အခြေခံစက်ချုပ်နှင့် ဒီဇိုင်းပညာဒါန သင်တန်း အမှတ်စဉ်(၁၂)ကို ဖွင့်လှစ် မည်ဖြစ်ပါ၍ တက်ရောက်လိုသူများ (၄-၂-၂၀၁၇)ရက်နေ့နောက်ဆုံးထား၍ စာရင်းပေးသွင်းရမည်ဖြစ်သည်။
လူဦးရေးကန့်သတ်ထားသည်
ဆက်သွယ်ရန် - Center(1) - အမှတ်(၄၂/B)၊ မြေညီထပ်၊ (၁၁)လမ်း၊ လမ်းမတော်မြို့နယ်။ Ph: 01-228692, 09-73048822, 09-31788338, 09-799298245

ကွန်ပျူတာ စနစ်ဖြင့်ထိန်းသော
MECHANICAL CAR PARKING













TRW
(BRNo.200904356H)
No. (31), Room (5), 7 Miles, Pyay Road, Yangon
T: 09.259.81.36.36
: 09.259.81.37.37
: 09.259.81.46.46
အမှတ်(၃၁)၊ အခန်း (၅)၊ ၇မိုင်၊ ပြည်လမ်း၊ ရန်ကုန်။




ပြီးစီးမှု ၆၅%
တကောင်ဘွားကုမ္ပဏီလီမိတက်
TA GAUNG BWAR CO.,LTD.
ကြိုပွိုင့်တိုက်ခန်းများကို အရစ်ကျငွေပေးချေမှုစနစ်ဖြင့် ရောင်းချပေးနေပါသည်။
• ၈ ထပ်ခွဲ အဆောက်အဦ
• အကျယ်အဝန်း (12'6" x 70')
• Pile Foundation
• Ready - Mixed Concrete
• Video intercom, Satellite system
• Central distribution water supply system(ဗဟိုရေဖြန့်ဝေမှုစနစ်)
• Underground Tank, Overhead Tank (Stainless Steel Tank)
• Hall Type
• Bath & WC(2 Nos)
630 kg ဓါတ်လှေကား
အမှတ်(၉၄)၊ ဗိုလ်စောပုလမ်း၊ ကြည့်မြင်တိုင်မြို့နယ်။
ဆက်သွယ်ရန် No (204), Bogyoke Aung San Road, Botahtaung Township, Yangon.
Hot Line : 09 830 2000, 09 830 2888

